# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက် | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ သောကြာနေ့ | အတွဲ (၆၀)၊ အမှတ် (၁၃၅)


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ ၂၀၂၁ ခုနှစ်၊ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာ

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများ ခင်ဗျား -**

ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသော (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ အခါသမယတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်း ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး ကောင်းကျိုးချမ်းသာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမိုင်းကြောင်းကို ပြန်ပြောင်းသုံးသပ်ကြည့်လျှင် တိုင်းရင်းသားသွေးချင်းများ၏ ချစ်ကြည်စုစည်းမှုကို တည်ဆောက်နိုင်သည့် ကာလများတွင် နိုင်ငံ့အင်အား တောင့်တင်းခိုင်မာ၍ စည်ပင်သာယာဝပြောခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တိုင်းရင်းသားသွေးချင်းများကြားတွင် စည်းလုံးညီညွတ်မှု လျော့ပါးခဲ့သည့် ကာလများတွင်မူ နိုင်ငံ့အင်အားဆုတ်ယုတ်ခဲ့ပြီး နောက်ဆုံးတွင် သူ့ကျွန်ဘဝ ကျရောက်ခဲ့ရသည်ကို ကြုံတွေ့ခဲ့ရပြီး ဖြစ်ပါသည်။ သူ့ကျွန်ဘဝတွင် နယ်ချဲ့အုပ်စိုးသူတို့က


စာမျက်နှာ ၃ ကော်လံ ၁ ❄


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က နိုင်ငံတော်၏အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့်မိန့်ခွန်း

ပြည်ထောင်စုဖွား တိုင်းရင်းသား မိဘပြည်သူများခင်ဗျာ

ယခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ကျရောက်မယ့် (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အခါသမယမှာ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံး အေးချမ်းသာယာပါစေကြောင်းနဲ့ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးလည်း စည်းလုံးညီညွတ်စွာဖြင့် အမိနိုင်ငံတော်အကျိုးကို ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဦးစွာဆန္ဒပြုမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ အရေးပေါ်ကာလ နိုင်ငံတော်ရဲ့တာဝန်တွေ ထမ်းဆောင်နေစဉ် ကာလအတွင်းမှာ နိုင်ငံတော်ရဲ့ တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနဲ့ တိုင်းရင်းသားပြည်သူအားလုံးရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။


စာမျက်နှာ ၄ ကော်လံ ၁ ●


**"COVID ကြောင့် တုံ့နှေးနေတဲ့ လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ဖို့ အဲဒီအစီအမံတွေ မဖြစ်မနေ လိုအပ်ပါတယ်။ ဒါတွေကို ပြည်သူလူထု တစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်ခြင်း၊ စည်းကမ်းရှိရှိ လိုက်နာခြင်း၊ ပါဝင်ကူညီခြင်းတို့ဖြင့် ဆောင်ရွက်သွားကြပါလို့ မေတ္တာရပ်ခံလိုပါတယ်"**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်၏အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်





KBZ BANK

ဘဏ်သို့လာရောက်ရာတွင် Mask နှင့် Face Shield များကိုမဖြစ်မနေ ဝတ်ဆင်ကြပါရန် လေးစားစွာမေတ္တာရပ်ခံအပ်ပါသည်

မြန်မာ့အလင်း

# ပြည်ထောင်စုသားတို့ တာဝန်

မြန်မာနိုင်ငံကို ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့နိုင်ငံများအလယ်တွင် ပေါ်ထွန်းရပ်တည်လာစေနိုင်ခဲ့သည့် ပင်လုံစာချုပ်ကြီးကို ချုပ်ဆိုနိုင်ခဲ့သည်မှာ (၇၄) နှစ်တင်းတင်းပြည့်ခဲ့ပြီဖြစ်သည်။ ပင်လုံစာချုပ်သည် တောင်တန်းနှင့် မြေပြန့်ဒေသများ ပေါင်းစည်းပါဝင်သော ပြည်ထောင်စုမြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို နယ်ချဲ့တို့ထံမှ ရယူလာနိုင်ခဲ့သည့် တိုင်းရင်းသားသွေးချင်းအရင်းအချာတို့၏ စည်းလုံးညီညွတ်မှုသက်သေလည်း ဖြစ်သည်။

သမိုင်းဝင် ပင်လုံစာချုပ်ကြီးကို ချုပ်ဆိုနိုင်ရန် ကြိုးပမ်းခဲ့ရသည့်ကာလသည် သွေးခွဲအုပ်ချုပ်မှုအရာတွင် သူမတူအောင် ကျွမ်းကျင်လှစွာသော ဗြိတိသျှနယ်ချဲ့တို့၏ လက်အောက်တွင် ကျွန်သပေါက်အဖြစ် ကျရောက်နေစဉ်ကာလမှာပင် ခက်ခက်ခဲခဲ ကြိုးပမ်းခဲ့ကြရခြင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးနောက် ဥရောပ၊ အာရှ၊ အာဖရိကတိုက်ကြီးများတွင် တည်ရှိခဲ့သည့် နယ်ချဲ့တို့၏ ကိုလိုနီနယ်ပယ်များ ပြိုကွဲခြင်းနှင့်အတူ တစ်ချိန်က နေမဝင်အင်ပါယာဟု တင်စားခဲ့ကြသည့် ကမ္ဘာပေါ်တွင် အကြီးဆုံးဖြစ်သော ဗြိတိသျှအင်ပါယာကြီးမှာ နေဝင်ချိန်သို့ ရောက်ရှိလာခဲ့သည်။ ဗြိတိန်သည် ဒုတိယကမ္ဘာစစ်တွင် စစ်နိုင်သည့် နိုင်ငံဖြစ်ခဲ့စေကာမူ မီးကုန်ယမ်းကုန် တိုက်ခဲ့ရသည့်စစ်ကြောင့် ထောင်းထောင်းကြေကာ အင်ပါယာနိုင်ငံဘဝမှ လျှောကျခဲ့သလို လက်အောက်ခံကိုလိုနီနိုင်ငံများကိုလည်း လွတ်လပ်ရေးပေးရန် စဉ်းစားလာရသည်။

သို့ရာတွင် တင်းပြည့်ကျပ်ပြည့်ပေးရန်မဟုတ်ဘဲ တတ်နိုင်သမျှချန်လှပ်ထားရန်၊ အဆင့်လျှော့ပေးရန်၊ နယ်မြေများ ခွဲထုတ်ဖယ်ထုတ်ရန် ကြံစည်ကြိုးပမ်းလုပ်ဆောင်ခဲ့ကြသည်။ မြန်မာနိုင်ငံကိုလည်း တောင်တန်းဒေသများကို ချန်လှပ်ပြီး မြေပြန့်ဒေသများကိုသာ လွတ်လပ်ရေးပေးရန်၊ တောင်တန်းဒေသနေလူထုမှာ နိုင်ငံရေးအရ ဖွံ့ဖြိုးတိုးတက်မှု မရှိသေး၍ မြန်မာပြည်မကဲ့သို့ ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် မထိုက်တန်သေးဟူ၍ အကြောင်းပြချက်ပေးထားသည်။ ၁၉၄၅ ခုနှစ်တွင် ဗြိတိသျှအစိုးရက ထုတ်ပြန်ခဲ့သည့် စက္ကူဖြူစာတမ်းအရ မြန်မာပြည်မသည်ပင် "ကိုယ်ပိုင်အုပ်ချုပ်ရေး အဆင့်ဆင့်တိုးတက်ပေးပြီး ဗြိတိသျှနေသဟာယအတွင်း လွတ်လပ်သည့် တိုင်းပြည်တစ်ခုအနေဖြင့် တည်ထောင်ပေးရန်" ဖြစ်သည်။ သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုနောက်တွင် တစ်စည်းတစ်လုံးတည်းရှိနေပြီဖြစ်သော ပြည်သူလူထုတစ်ရပ်လုံးက လုံးဝလွတ်လပ်ရေးကိုသာ တောင်းဆိုနေပြီဖြစ်သည်။

ထို့အပြင် မြေပြန့်ဒေသများသာမက တောင်တန်းဒေသများလည်း တစ်စည်းတစ်လုံးတည်း လွတ်လပ်ရေးရယူနိုင်ရန် ကြိုးပမ်းခဲ့ရာ သူ့ကျွန်ဘဝကျရောက်နေခဲ့သည့် ကာလတစ်လျှောက်လုံး သွေးခွဲအုပ်ချုပ်သည့်စနစ်ဖြင့် အုပ်ချုပ်ခဲ့သည့်အပြင် တိုင်းရင်းသားများအကြား မညီညွတ်အောင် သပ်လျှိုမှုများကိုလည်း နှစ်ပေါင်းများစွာ ပညာသားပါပါ စနစ်တကျ ပြုလုပ်ခဲ့ကြသည်။ ပင်လုံစာချုပ်ချုပ်ဆိုနိုင်ရေးအတွက် ကြိုးပမ်းနေသည့်ကာလအတွင်း ဗြိတိသျှအရာရှိတို့က တိုင်းရင်းသားခေါင်းဆောင်များထံ လှည့်လည်သွားရောက်ကာ "ဗမာတွေကို မယုံနဲ့" ဟူသော စကားနှင့်အတူ သံသယမျိုးစေ့နှင့်အမုန်းတရားတို့ကိုပါ ပျိုးထောင်ထားရစ်ခဲ့ကြသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးကို မဖြစ်မနေပေးရသည့်တိုင်အောင် အနာဂတ်အတွက်ကြိုတင်ကြံစည်ကာ သွေးခွဲခဲ့ကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံထက်လအနည်းငယ်စော၍ လွတ်လပ်ရေးရခဲ့သည့် အိန္ဒိယမှာ ဘာသာရေးကို အကြောင်းပြု၍ အိန္ဒိယ၊ အရှေ့ပါကစ္စတန်၊ အနောက်ပါကစ္စတန်ဟူ၍ သုံးပိုင်းကွဲခဲ့ရသည်။ အရှေ့ပါကစ္စတန်သည် နောက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်ဖြစ်လာသည်။

ဘိုးဘွားတို့၏ ညီညွတ်မှုဖြင့် လွတ်လပ်သော ပြည်ထောင်စုနိုင်ငံတော်ကြီးကို မိမိတို့တည်ထောင်ခဲ့ကြသည်မှာ နှစ်ပေါင်း ၇၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။ ပြည်ထောင်စုကြီးအတွင်း လူမျိုးကြီး၊ လူမျိုးငယ်အဖြစ် ခွဲခြားမထား၊ လူမျိုးအားလုံး တန်းတူရည်တူ။ တိုင်းဒေသအကြီး အငယ်၊ ပြည်နယ် အကြီးအငယ်ဟူ၍ ပြဋ္ဌာန်းမထား၊ ဒေသအားလုံး တန်းတူ ရည်တူ။ မည်သူကသာစေ၊ မည်သူကနာစေဟူ၍ သတ်မှတ်မထား။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာရေး၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ငြိမ်းချမ်းသာယာဝပြောရေးနှင့် လူမှုစီးပွားဘဝများ ခံစားစံစားနိုင်ရေးအတွက် မိမိတို့ ခေတ်သမိုင်းက ပေးအပ်လာသည့် တာဝန်များကို မိမိတို့ တိုင်းရင်းသား ညီရင်းအစ်ကို မောင်ရင်းနှမတို့၏ ကျေပွန်စွာ ထမ်းဆောင်မှုများဖြင့် အကောင်အထည်ဖော်တည်ဆောက်ကြရမည်ဟု ယုံကြည်ပါကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူသို့ အသိပေးချက်

ယခုကာလတွင် တာဝန်သိစွာဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်နေမှုအပေါ် အနှောင့်အယှက် ဖြစ်စေရန်အတွက် မသမာသူအချို့မှ နည်းအမျိုးမျိုးဖြင့် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိ၏ တာဝန်ထမ်းဆောင်မှုကို ထိခိုက်စေနိုင်သည့် ခြိမ်းခြောက်မှုများနှင့် ဖိအားပေးမှုများ ကြုံတွေ့ရပါက အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်ပါသည်။ ထိုကဲ့သို့ နိုင်ငံ့တာဝန်ထမ်းဆောင်လျက်ရှိသည့် တာဝန်သိ နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုအပေါ် နည်းလမ်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်မှုပြုလုပ်နေသူများအား စစ်ဆေးဖော်ထုတ်တွေ့ရှိပါက ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ –**

- ၀၆၇ ၄၁၂၁၆၈
- ၀၆၇ ၄၁၂ ၂၂၂
- ၀၆၇ ၄၁၂၂၄၆
- ၀၆၇ ၄၁၂၃၈၇
- ၀၆၇ ၄၁၂၃၈၈
- ၀၆၇ ၄၁၂၄၄၄
- ၀၆၇ ၄၁၂၅၉၈
- ၀၆၇ ၄၁၂၀၆၆
- ၀၆၇ ၄၁၂၅၃၉
- ၀၆၇ ၄၁၂၅၄၀

# မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူသို့ အသိပေးချက်

ယခုကာလတွင် တာဝန်သိစွာဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်နေမှုအပေါ် အနှောင့်အယှက် ဖြစ်စေရန်အတွက် မသမာသူအချို့က နည်းအမျိုးမျိုးဖြင့် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း တွေ့ရှိရသည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိ၏ တာဝန်ထမ်းဆောင်မှုကို ထိခိုက်စေနိုင်သည့် ခြိမ်းခြောက်မှုများနှင့် ဖိအားပေးမှုများ ကြုံတွေ့ရပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်ပါသည်။ ထိုကဲ့သို့ နိုင်ငံ့တာဝန်ထမ်းဆောင်လျက်ရှိသည့် တာဝန်သိ နိုင်ငံ့ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုအပေါ် နည်းလမ်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်မှုပြုလုပ်နေသူများကို စစ်ဆေးဖော်ထုတ်တွေ့ရှိပါက ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်–

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ**

- ၀၂ ၄၀၃၉၆၃၅
- ၀၂ ၄၀၃၇၁၉၉
- ၀၂ ၄၀၃၆၈၆၉
- ၀၂ ၄၀၃၆၉၇၈
- ၀၉ ၇၉၇၁၄၄၁၄၄
- ၀၉ ၆၉၄၇၄၀၃၁၁

## ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ယနေ့ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာ နိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အများအားဖြင့် သာယာမည်ဖြစ်သည်။

မိုး/ဇလ

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်
နိုင်ငံ့ကျေးရွာ ဂျာနယ်
ထွက်ရှိ



၁၅-၂-၂၀၂၁ ရက်နေ့ထုတ် အတွဲ(၁၈)၊ အမှတ်(၄)တွင်
- မြန်မာ့ဆယ့်နှစ်လရာသီကို ဖော်ကျူးသည့် တပို့တွဲလ ထမနဲပွဲတော်
- မိသားစု စားဖိုဆောင်အတွက် အရေးပါတဲ့ အာလူး
- ဝင်ငွေလည်းတိုး ပီတိဖြိုး သပြေစိုက်ပျိုးကြရအောင်
- ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရေး ဆောင်ရွက်နေတဲ့ မြန်မာ့နာနတ်သီး
- ဘဲအမျိုးအစားများ ရွေးချယ်မွေးမြူခြင်းနှင့် အစာကျွေးမွေးမြူခြင်း
- ငါးများများ စားသုံးရေး သမဝါယမ ကူညီပေး
- Junk Food စားသုံးခြင်းဟာ ကျန်းမာရေးကို ဘယ်လိုထိခိုက်စေလဲ
- လေဖြတ်ခြင်း သို့မဟုတ် ဦးနှောက်ရုတ်တရက်အတိုက်ခိုက်ခံရခြင်း
- သတိပြုကာကွယ်သင့်သော ဓာတုဆိုးဆေးများ အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီ ဖြစ်ပါသည်။

တစ်စောင် (၂၀၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်၊
DKY Journal

❊ *ရှေ့ဖုံးမှ*

၎င်းတို့၏ စိုးမိုးခြယ်လှယ်မှု အဓွန့်ရှည်တည်တံ့စေရေးအတွက် တိုင်းရင်းသား သွေးချင်းတို့ကြားတွင် အမျိုးမျိုးသွေးခွဲသပ်လျှိုခဲ့ကြခြင်းကြောင့် တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှု လျော့ပါးခဲ့ရပြီး ပြည်ထောင်စုစိတ်ဓာတ် ပြိုကွဲခဲ့ရသည်မှာလည်း သတိပြုဆင်ခြင်ဖွယ် သမိုင်းသင်ခန်းစာ တစ်ရပ်ပင် ဖြစ်ပါသည်။

ဆုံးရှုံးခဲ့ရသော နိုင်ငံ့လွတ်လပ်ရေး ပြန်လည်ရရှိရန်အတွက် တိုင်းရင်းသား ပြည်သူများသည် နိုင်ငံ့တပ်မတော်နှင့်အတူ လက်တွဲကာ အသက်ပေါင်းများစွာ ပေး၍ မလျှော့သော ဇွဲလုံ့လဖြင့် အခက်အခဲများစွာကို ရင်ဆိုင်ဖြတ်သန်း ကြိုးပမ်းခဲ့ကြပါသည်။ ထိုသို့ကြိုးပမ်းရာတွင် နိုင်ငံ့ခေါင်းဆောင်များ၏ ဖြောင့်မတ်တည်ကြည်သည့် ဦးဆောင်မှုဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ချစ်ကြည်သွေးစည်းမှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ကို အခိုင်အမာ ပြန်လည်တည်ဆောက်နိုင်ခဲ့ကြပါသည်။ ယင်းသို့သော ပြည်ထောင်စုစိတ်ဓာတ် အရင်းခံသည့် သွေးစည်းညီညွတ်မှု၏ အထိမ်းအမှတ်သက်သေအဖြစ် တောင်တန်းနှင့် တစ်ပေါင်းတစ်စည်းတည်း လွတ်လပ်ရေးရယူကြရန် သန္နိဋ္ဌာန် ဖြင့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။ ထိုသို့ တိုင်းရင်းသား သွေးချင်းတို့၏ ပြည်ထောင်စုစိတ်ဓာတ်ကို သက်သေထူနိုင်ခဲ့သည့် ဖေဖော်ဝါရီလ (၁၂) ရက်နေ့ကို ပြည်ထောင်စုနေ့အဖြစ် သမိုင်းမော်ကွန်းတင် သတ်မှတ်ဂုဏ်ပြုခဲ့ကြသည်မှာ ယနေ့ဆိုလျှင် (၇၄) နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား –**

ပင်လုံစာချုပ်၏ အသီးအပွင့်ရလဒ်အဖြစ် တောင်တန်းနှင့်မြေပြန့်ဒေသများ ညီညွတ်ပေါင်းစည်းပြီး တပ်မတော်နှင့်အတူ မြန်မာ့လွတ်လပ်ရေးကို ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် ပြန်လည်ရယူနိုင်ခဲ့ကြပါသည်။ ယင်းသို့ နိုင်ငံတော်တစ်ဝန်းလုံး စုစုစည်းစည်းဖြင့် လွတ်လပ်ရေးကို ပြန်လည်ရယူပေးနိုင်ခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်ကို တိုင်းရင်းသားသွေးချင်းများအကြား ထာဝစဉ်ကိန်းအောင်း တည်တံ့စေရန် ဆက်လက်ထိန်းသိမ်းကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည် တည်တံ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မမှိတ်မသုန် ဆက်လက်ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။

လွတ်လပ်ရေးရရှိပြီး မကြာမီမှာပင် အကြောင်းအမျိုးမျိုးကြောင့် ပြည်ထောင်စုစိတ်ဓာတ်ပြိုကွဲကာ စတင်ဖြစ်ပွားခဲ့ရသည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကို ယနေ့ကာလတိုင်အောင် အပြီးတိုင် မဖြေရှင်းနိုင်သေးခြင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်ခိုင်မာမာ မတည်ဆောက်နိုင်သေးခြင်းတို့ကြောင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးနေရသည်ကို တိုင်းရင်းသား ညီနောင်များအားလုံး ကောင်းစွာ သိမြင်ကြပြီး ဖြစ်ပါသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးကို အပြည့်အဝ

**"ဒီမိုကရေစီကို ဖော်ဆောင်ရာတွင် နိုင်ငံတော်အတွက် အရေးအကြီးဆုံးသော လုပ်ငန်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးပဲ ဖြစ်ပါသည်။ ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေးသည် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့်အတွက် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တပ်မတော်အား လွှဲပြောင်းပေးထားပြီး ဖြစ်ပါသည်။ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကလည်း ဒီမိုကရေစီကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဒို့တာဝန် အရေးသုံးပါးကို လက်ကိုင်ထားပြီး တပ်မတော်နှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းလို"**

**"နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားညီနောင်များအားလုံး တန်းတူခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်နိုင်ရန်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကိုခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၀) ဖွဲ့အထိ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီးဖြစ်၊ ထို့ပြင် ဘုံသဘောတူညီချက်များ ရယူနိုင်ခဲ့ပြီး ငြိမ်းချမ်းရေး ရှေ့လုပ်ငန်းစဉ်များကိုပါ သဘောတူ ချုပ်ဆိုနိုင်ခဲ့ပြီးဖြစ်"**

ဖော်ဆောင်နိုင်ခြင်း မရှိသေးသမျှ ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးတရားများကို ပြည်ထောင်စုသားအချင်းချင်း ဝေမျှခံစားနိုင်ရန် အခွင့်အလမ်းများ နည်းပါးနေဆဲ ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားညီနောင်များအားလုံး တန်းတူခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်နိုင်ရန်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၀) ဖွဲ့အထိ လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် ဘုံသဘောတူညီချက်များ ရယူနိုင်ခဲ့ပြီး ငြိမ်းချမ်းရေး ရှေ့လုပ်ငန်းစဉ်များကိုပါ သဘောတူ ချုပ်ဆိုနိုင်ခဲ့ပြီး ဖြစ်ပါသည်။

တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ခိုင်မာသည့် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံတစ်ဝန်းလုံးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များမှအပ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို အချိန်ကာလအပိုင်းအခြားဖြင့် ရပ်ဆိုင်းပေးလျက်ရှိပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ပိုမိုထိရောက်စေရန် ဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား –**

အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သလို အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ညီညွတ်စွာ အချင်းချင်း အပြန်အလှန် ချစ်ခင်လေးစားမှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီး တည်ဆောက်မည်ဟူသော ခိုင်မာသည့်သန္နိဋ္ဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်ပါသည်။ ငြိမ်းချမ်းတည်ငြိမ်သည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ခိုင်ခိုင်မာမာ တည်ဆောက်မည်ဖြစ်ရာ အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာသော မျိုးဆက်သစ်များကိုလည်း ပြုစုပျိုးထောင်သွားရမည်ဖြစ်ပါသည်။

အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီးကို အောင်မြင်စွာပုံဖော် တည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာကြရမည် ဖြစ်ပါသည်။ တည်ဆဲဥပဒေများ၏ အသက်သွေးကြော (Mother Law) သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား –**

ဒီမိုကရေစီကို ဖော်ဆောင်ရာတွင် နိုင်ငံတော်အတွက် အရေးအကြီးဆုံးသော လုပ်ငန်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးပဲ ဖြစ်ပါသည်။ ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေးသည် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့်အတွက် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို တပ်မတော်အား လွှဲပြောင်းပေးထားပြီး ဖြစ်ပါသည်။ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကလည်း ဒီမိုကရေစီကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဒို့တာဝန် အရေးသုံးပါးကို လက်ကိုင်ထားပြီး တပ်မတော်နှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းလိုပါသည်။

တိုင်းရင်းသားလူမျိုးစုများစွာ မှီတင်းနေထိုင်လျက်ရှိသည့် မိမိတို့နိုင်ငံအတွက် အချင်းချင်းသွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာရရှိခဲ့ပြီး ဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူပင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်း တည်ဆောက်သွားကြရမည် ဖြစ်ပါသည်။

မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ ရင်ဆိုင်ကြုံတွေ့နေရသော ကူးစက်မြန် ကမ္ဘာ့ကပ်ရောဂါ COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကိုလည်း နိုင်ငံတော်အနေဖြင့် ဘက်ပေါင်းစုံမှ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသလို ဆက်လက်၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကပ်ရောဂါကာလအတွင်း တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာမှု လျော့ပါးစေရေးနှင့်အတူ ကပ်ရောဂါဘေးအလွန်ကာလတွင်လည်း တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ အလျင်အမြန်ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းကမ်းတကျဆောင်ရွက်သော ညီညွတ်မှုစွမ်းအားဖြင့် ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးနက်စွာ ဆန္ဒပြုလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

## ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

၂၀၂၁ ခုနှစ်၊ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၇ နာရီတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ ရင်ပြင်တွင် ကျင်းပမည်ဖြစ်ရာ အခမ်းအနားကျင်းပပုံများကို နံနက် ၆ နာရီ မိနစ် ၄၀ မှ စတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း (NRC)၊ MITV၊ Channel 9၊ Skynet (တိုင်းရင်းသားအစီအစဉ်)နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်သည်။

သတင်းစဉ်

## တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

**“ဒီနေ့အချိန်ကာလမှာ နိုင်ငံ့ဝန်ထမ်းအချို့ဟာ မသမာသူအချို့ရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် မိမိတို့ရဲ့ လုပ်ငန်းခွင် တာဝန်များမှာ ပျက်ကွက်နေကြပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူလူထုအပေါ်မှာ စေတနာထား၊ တန်ဖိုးထားပြီး လုပ်ငန်းခွင်မှာ အခက်အခဲများကြားက တာဝန်ထမ်းဆောင်နေကြတဲ့သူတွေကိုလည်း မသမာသူတွေက နည်းအမျိုးမျိုးအသုံးပြုပြီး နှောင့်ယှက်တားဆီးနေတာ တွေ့ရပါတယ်။ ကျွန်တော်မနေ့က ကြေညာချက်ထုတ်ပြန် တားဆီးတာတွေ၊ တိုက်တွန်းတာတွေ ဆောင်ရွက်ခဲ့ပါတယ်။ ထိထိရောက်ရောက်ဖြစ်စေဖို့ ဆက်လက်ဆောင်ရွက်သွားပါမယ်။ ပြည်သူလူထုအပေါ်မှာ စေတနာထား တာဝန်ကျေပွန်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းများအနေနဲ့ မိမိတို့တာဝန်ကို စိတ်အေးချမ်းသာစွာ ဆက်လက်ဆောင်ရွက်နိုင်ရေး လိုအပ်တာတွေလည်း ဆောင်ရွက်ပေးပါမယ်။ နိုင်ငံတော်နဲ့ ပြည်သူလူထုအပေါ်မှာ စေတနာထားပြီး သစ္စာရှိရှိနိုင်ငံ့တာဝန်များ ထမ်းဆောင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းများ အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ လုပ်ငန်းခွင်နဲ့ ကင်းကွာနေကြတဲ့ နိုင်ငံ့ဝန်ထမ်းများအနေနဲ့ လည်း မိမိတို့ရဲ့ စိတ်ခံစားချက်များကို ဦးစားမပေးဘဲ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဦးစား ပေးပြီး မိမိတို့ရဲ့လုပ်ငန်းခွင်များကို အမြန်ဆုံးဝင်ရောက်သွားကြဖို့ မေတ္တာရပ်ခံလိုပါတယ်”**

● *ရှေ့ဖုံးမှ*

ဒီလိုဆောင်ရွက်တဲ့နေရာမှာ တိုင်းရင်းသား ပြည်သူအားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှု ခွန်အားများ မရှိမဖြစ် အထူးလိုအပ်ပါတယ်။ တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာပဲ ရှိပါတယ်။

“ **စုပေါင်းညီညာ၊ အောင်ကြောင်းဖြာ** ” ဆိုသလို ကျွန်တော်တို့အားလုံးစုစည်းညီညွတ်မှ ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်၊ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုနဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်တို့ကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်၊ ဒီလိုစုစည်းညီညွတ်စွာ နိုင်ငံတော်နဲ့ ပြည်သူ့အကျိုး သယ်ပိုးနိုင်ဖို့ ကျွန်တော်တို့ တိုင်းရင်းသား ပြည်သူအားလုံး ကျန်းမာကြံ့ခိုင်ဖို့ လိုအပ်ပါတယ်။ ကျန်းမာမှ အလုပ်လုပ်နိုင်မှာ၊ ကျန်းမာမှ ပညာသင်ကြားနိုင်မှာ ဖြစ်ပါတယ်။ ဒါမှသာ ကျွန်တော်တို့ ရည်မှန်းချက်တွေ ပြည့်ဝမှာ ဖြစ်ပါတယ်။

တိုင်းရင်းသားပြည်သူအားလုံးရဲ့ ကျန်းမာကြံ့ခိုင်ရေးနဲ့ ပတ်သက်ပြီး ကျန်းမာရေးနဲ့အားကစားဝန်ကြီးဌာန၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့မှ အားသွန်ခွန်စိုက် ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ ကမ္ဘာအနှံ့ ဖြစ်ပွားနေတဲ့ COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် နိုင်ငံ့စွမ်းအားတွေ၊ ပြည်သူလူထုရဲ့ ကျန်းမာကြံ့ခိုင်ရေးအခြေအနေတွေ မယုတ်လျော့စေဖို့ ကျွန်တော်တို့ အထူးဂရုစိုက် ဆောင်ရွက်လျက်ရှိနေပါတယ်။ ရှေ့တန်းမှာ တာဝန်ထမ်းဆောင်နေတဲ့ ကျန်းမာရေးဝန်ထမ်းအားလုံးနီးပါးနဲ့ စေတနာ့ဝန်ထမ်းများ၊ ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးနှင့်အထက် နိုင်ငံ့ဝန်ထမ်းအချို့ကို ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ဖြစ်ပါတယ်။ မိမိအိမ်တွင် နေထိုင်ရေးအစီအစဉ်(Stay at Home)နဲ့ အကျုံးဝင်တဲ့ မြို့နယ်များမှာ နေထိုင်တဲ့ အသက် (၆၅) နှစ်အထက်ရှိ မိဘပြည်သူများကို စတင်ထိုးနှံပေးလျက်ရှိပြီး ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။ ဒီနေ့မှာဆိုရင် အိန္ဒိယနိုင်ငံက COVID-19 ကာကွယ်ဆေး COVISHIELD injection ဆေး (၂ သန်း) ဒုတိယအသုတ် ရောက်ရှိလာမှာဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ရဟန်းသံဃာတော်များပါမကျန် မြန်မာနိုင်ငံသားအားလုံး COVID-19 ကာကွယ်ဆေးကို အမြန်ဆုံး ထိုးနှံနိုင်ပြီး ကျန်းမာကြံ့ခိုင်ကြစေဖို့ ကျွန်တော်တို့အနေနဲ့ အစီအစဉ်သစ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီအစီအစဉ်သစ်မှာ (တစ်) FDA က အသိအမှတ်ပြုပြီး အာမခံချက်နှင့် ထိရောက်မှုရှိတဲ့ ကာကွယ်ဆေး အမျိုးအစားသစ်များ ခွင့်ပြုခြင်းနဲ့ (နှစ်) ပုဂ္ဂလိကထိုးနှံလိုသူများ၊ တင်သွင်းလိုသူများကို ခွင့်ပြုခြင်းတို့ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ရုရှားနိုင်ငံထုတ် Sputnik V vaccine ဆေး၊ တရုတ်နိုင်ငံထုတ် SARS COVI Vaccine ဆေးနဲ့ အိန္ဒိယနိုင်ငံထုတ် COVAXIN Vaccine ဆေးတို့ကို ခွင့်ပြုသွားမှာဖြစ်ပါတယ်။ အဲဒီဆေးတွေဟာ ကမ္ဘာ့နိုင်ငံတွေမှာ လက်ရှိလက်တွေ့အသုံးပြုနေတဲ့ ဆေးတွေ ဖြစ်ပါတယ်။ နိုင်ငံတော်အစီအစဉ်နဲ့ ဆက်လက်တင်သွင်းပြီး ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်သွားပါမယ်။ ဒ့ါအပြင် နိုင်ငံအဝန်း အမြန်ဆုံး လွှမ်းခြုံနိုင်စေဖို့ စေတနာရှင် မိဘပြည်သူများလည်း ဒီလုပ်ငန်းစဉ်မှာ ထိထိရောက်ရောက် ထဲထဲဝင်ဝင် ပါဝင်နိုင်စေဖို့အတွက် ပုဂ္ဂလိကကာကွယ်ဆေး တင်သွင်းထိုးနှံလိုသူများ၊ တင်သွင်းလိုသူများကိုလည်း စည်းမျဉ်း၊ စည်းကမ်းများနဲ့အညီ ကျွန်တော်တို့ ခွင့်ပြုသွားမှာဖြစ်ပါတယ်။ ဒါမှ ကာကွယ်ဆေးထိုးနှံရေးအတွက် မိမိတို့အလှည့်မရောက်သေးဘဲ အချိန်ဆောလျင်စွာ ထိုးနှံနိုင်မှာဖြစ်ပြီး အချိန်တိုအတွင်းမှာ ကာကွယ်ဆေးထိုးနှံမှုဟာ လွှမ်းခြုံမှုမြင့်မားလာမှာဖြစ်တဲ့အတွက် COVID ကာကွယ်ရေးလုပ်ငန်းတွေ ပိုမိုအကျိုးဖြစ်ထွန်းလာမှာပဲ ဖြစ်ပါတယ်။

တိုင်းရင်းသားပြည်သူများအနေနဲ့ အထူးသတိပြုရမှာကတော့ ဒီကာလဟာ ကမ္ဘာမှာ COVID-19 ရောဂါ ပျံ့နှံ့ဖြစ်ပွားနေဆဲ ကာလဖြစ်ပါတယ်။ ကာကွယ်ဆေးမထိုးရသေးခင်အထိ COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ နေထိုင်ကြဖို့ အလွန်အရေးကြီးပါတယ်။ ယခုကာလမှာ လူစုလူဝေးနဲ့ သွားလာနေတာတွေကိုလည်း တွေ့ရပါတယ်။ ဒါတွေဟာ COVID-19 ကူးစက်၊ ပြန့်ပွား၊ ဖြစ်ပွားမှုနှုန်း မြင့်မားလာစေမှာဖြစ်လို့ ရှောင်ကြဉ်ကြဖို့ ကျွန်တော် အထူးတိုက်တွန်းလိုပါတယ်။ COVID-19 ကပ်ရောဂါကို ထိရောက်စွာ ကာကွယ်၊ တားဆီး၊ ထိန်းချုပ်နိုင်ရေးအတွက် ရောဂါစစ်ဆေးခြင်း လုပ်ငန်းတွေကိုလည်း ကျွန်တော်တို့ အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်သွားဖို့ လိုပါတယ်။ ဒီလိုဆောင်ရွက်နိုင်အောင်လည်း စီမံဆောင်ရွက်လျက်ရှိနေပါတယ်။ COVID ကြောင့် တုံ့နှေးနေတဲ့လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ဖို့ အဲဒီအစီအမံတွေ မဖြစ်မနေလိုအပ်ပါတယ်။ ဒါတွေကို ပြည်သူလူထု တစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်ခြင်း၊ စည်းကမ်းရှိရှိ လိုက်နာခြင်း၊ ပါဝင်ကူညီခြင်းတို့ဖြင့် ဆောင်ရွက်သွားကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။ ကျန်းမာရေးဝန်ထမ်းများ အနေနဲ့ ပြည်သူလူထုရဲ့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို သက်ဆိုင်ရာဆေးရုံများမှာ အမြန်ဆုံး ဆောင်ရွက်ပေးဖို့ တိုက်တွန်းလိုပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ နိုင်ငံ့ဝန်ထမ်းများနဲ့ ပတ်သက်ပြီး “ **နိုင်ငံတော်သည် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်အာမခံချက် ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အိမ်ထောင်ရှင် အမျိုးသမီးဝန်ထမ်းများ မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်ရှိရေးနှင့် အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှု သက်သာချောင်ချိရေးတို့ အတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းရမည်** ” လို့ ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေများ ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ လိုအပ်ချက်တွေ ရှိကောင်း ရှိနေနိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြန်လည်စိစစ်ပြီး နိုင်ငံ့ဝန်ထမ်းများ အကျိုးအတွက် လိုအပ်တာတွေ ထပ်မံဖြည့်ဆည်းဆောင်ရွက် ပေးသွားပါမယ်။ နိုင်ငံ့ဝန်ထမ်းများဟာ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို တိုက်ရိုက်သယ်ပိုးခွင့် ရရှိသူများလည်း ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့၊ တရားစီရင်ရေး ကဏ္ဍများ ကောင်းမွန်စွာ လည်ပတ်နိုင်ဖို့အတွက် အဆင့်ဆင့် တာဝန်ယူမှု၊ တာဝန်ခံမှုတွေနဲ့ ပြည်သူ့ကောင်းကျိုးကို လုပ်ဆောင်နေကြရတဲ့ ဂုဏ်ယူစရာကောင်းသူများ ဖြစ်ကြပါတယ်။ ဒီဂုဏ်သိက္ခာကို ကျွန်တော်တို့ စောင့်ထိန်းကြရမှာ ဖြစ်ပါတယ်။

ဒီနေ့အချိန်ကာလမှာ နိုင်ငံ့ဝန်ထမ်းအချို့ဟာ မသမာသူအချို့ရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် မိမိတို့ရဲ့ လုပ်ငန်းခွင် တာဝန်များမှာ ပျက်ကွက်နေကြပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူလူထုအပေါ်မှာ စေတနာထား၊ တန်ဖိုးထားပြီး လုပ်ငန်းခွင်မှာ အခက်အခဲများကြားက တာဝန်ထမ်းဆောင်နေကြတဲ့သူတွေကိုလည်း မသမာသူတွေက နည်းအမျိုးမျိုးအသုံးပြုပြီး နှောင့်ယှက်တားဆီးနေတာ တွေ့ရပါတယ်။ ကျွန်တော်မနေ့က ကြေညာချက်ထုတ်ပြန် တားဆီးတာတွေ၊ တိုက်တွန်းတာတွေ ဆောင်ရွက်ခဲ့ပါတယ်။ ထိထိရောက်ရောက်ဖြစ်စေဖို့ ဆက်လက်ဆောင်ရွက်သွားပါမယ်။ ပြည်သူလူထုအပေါ်မှာ စေတနာထား တာဝန်ကျေပွန်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းများအနေနဲ့ မိမိတို့ တာဝန်ကို စိတ်အေးချမ်းသာစွာ ဆက်လက်ဆောင်ရွက်နိုင်ရေး လိုအပ်တာတွေလည်း ဆောင်ရွက်ပေးပါမယ်။ နိုင်ငံတော်နဲ့ ပြည်သူလူထုအပေါ်မှာ စေတနာထားပြီး သစ္စာရှိရှိ နိုင်ငံ့တာဝန်များ ထမ်းဆောင်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းများ အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ လုပ်ငန်းခွင်နဲ့ ကင်းကွာနေကြတဲ့ နိုင်ငံ့ဝန်ထမ်းများအနေနဲ့လည်း မိမိတို့ရဲ့ စိတ်ခံစားချက်များကို ဦးစားမပေးဘဲ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဦးစားပေးပြီး မိမိတို့ရဲ့လုပ်ငန်းခွင်များကို အမြန်ဆုံးဝင်ရောက်သွားကြဖို့ မေတ္တာရပ်ခံလိုပါတယ်။

နောက်တစ်ခုကတော့ ပြီးခဲ့တဲ့ရွေးကောက်ပွဲကိစ္စပဲ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၉၉ အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရဲ့ တာဝန်များမှာ ရွေးကောက်ပွဲကျင်းပခြင်း၊ ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းခြင်းနှင့် ကြီးကြပ်စေခြင်း၊ မဲစာရင်းများပြုစုခြင်းနှင့် ပြင်ဆင်ခြင်းလို့ အတိအလင်း ပြဋ္ဌာန်းပါတယ်။ မဲစာရင်းများပြုစုခြင်းနဲ့ ပြင်ဆင်ခြင်းဟာ UEC ရဲ့ တာဝန်ပဲ ဖြစ်ပါတယ်။ စစ်ဆေးကြည့်တဲ့အခါ မဲစာရင်းများကို ဖြစ်သလို ပြုလုပ်ထားတာတွေ့ရပါတယ်။ အချို့နေရာတွေမှာ တပ်မတော်က စစ်ဆေးဖော်ထုတ်ထားတဲ့ မဲစာရင်းတွေထက်ကို စာရင်းများ ပိုမိုနေကြောင်းတွေ့ရပါတယ်။ ကျွန်တော်ယခင်ကပြောခဲ့သလို ကျွန်တော်တို့ နိုင်ငံမှာ ပါတီစုံဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးပြီးနောက် အထွေထွေရွေးကောက်ပွဲကြီး (၃) ကြိမ်၊ ကြားဖြတ်ရွေးကောက်ပွဲ (၂) ကြိမ် ကျင်းပခဲ့ပါတယ်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေနဲ့လည်း ဦးသိန်းစိုး ဦးဆောင်တဲ့ UEC အဖွဲ့၊ ဦးတင်အေး ဦးဆောင်တဲ့ UEC အဖွဲ့နဲ့ ဦးလှသိန်း ဦးဆောင်တဲ့ UEC အဖွဲ့ဆိုပြီး အဖွဲ့ ၃ ဖွဲ့ ရှိခဲ့ပါတယ်။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်တိုင်းသည် လွတ်လပ်တဲ့ကော်မရှင်တွေ ဖြစ်ရမှာ ဖြစ်ပါတယ်။ လွတ်လပ်တဲ့ကော်မရှင်တွေ ဖြစ်ကြောင်းလည်း ၂၀၁၀ ပြည့်နှစ်နဲ့ ၂၀၁၅ ခုနှစ်မှာ ဖွဲ့စည်းခဲ့တဲ့ကော်မရှင်တွေက သက်သေပြပြီးဖြစ်ပါတယ်။ ရွေးကောက်ပွဲမတိုင်မီ အငြင်းပွားမှု၊ စောဒကမှု၊ ရွေးကောက်ပွဲ ကာလအတွင်းနဲ့ ရွေးကောက်ပွဲအပြီး အငြင်းပွားမှု၊ စောဒကမှုတွေကို နှစ်ဦး၊ နှစ်ဖက် လက်ခံသည်အထိ ဖြေရှင်းပေးခဲ့ပါတယ်။

ရွေးကောက်ပွဲကော်မရှင်တိုင်းသည် လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်စေဖို့ကို အဓိက ဦးတည်ဆောင်ရွက်ရတာဖြစ်ပါတယ်။ သူတို့ ဒီလိုဆောင်ရွက်ပေးမှ ကောင်းမွန်တဲ့ အုပ်ချုပ်မှု၊ သန့်ရှင်းသောအစိုးရ ဆိုတာ ဖြစ်လာမှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်ကိုယ်တိုင်က ဒီတာဝန်ဝတ္တရားတွေကို ချို့ယွင်းခဲ့ရင် ကျွန်တော်တို့ရည်မှန်းခဲ့တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ထွန်းဖို့ အလှမ်းဝေးစေမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ သူတို့ရဲ့ ပြုမှုဆောင်ရွက်ချက် တာဝန်ထမ်းဆောင်မှုများကို တာဝန်ယူရမှာဖြစ်ပါတယ်။ ဒ့ါအပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ (က) အရ ရွေးကောက်ပွဲကော်မရှင်ကို သမ္မတကခန့်အပ်ရခြင်း၊ ပုဒ်မ ၄၀၀ အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ (သို့မဟုတ်) အဖွဲ့ဝင်များကို နိုင်ငံတော်သမ္မတက စွပ်စွဲပြစ်တင်နိုင်ခြင်း စတဲ့ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နဲ့ သမ္မတကြားမှာ အပြန်အလှန်ဆက်သွယ်မှု၊ အပြန်အလှန်ထိန်းကျောင်းမှုပြုနေတဲ့ သဘောသက်ရောက်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ လိုက်နာဆောင်ရွက်ရတဲ့ အခြေခံဥပဒေပြဋ္ဌာန်းချက်တွေ ဖြစ်ပါတယ်။ အနည်းဆုံး တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များပင် လိုက်နာပါမည်လို့ ကျမ်းသစ္စာဆိုချက်ပုံစံပါ **“နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်** ” ဆိုတဲ့ ကျမ်းသစ္စာပြုချက်ကို အလေးထားလိုက်နာရမှာ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့အနေနဲ့ ယနေ့အရေးပေါ်ကာလ နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နေရချိန်အတွင်းမှာ နိုင်ငံတော်နဲ့ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အစွမ်းရှိသမျှ ဆောင်ရွက်သွားပါမယ်။ ပြည်ထောင်စုရဲ့ ရည်မှန်းချက်ဖြစ်တဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ဖြစ်ရေး ဆောင်ရွက်ပါမယ်။ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုစနစ် ပီပြင်စွာဖြစ်လာစေရေး၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုပိုမိုခိုင်မာစေရေး ဆက်လက်ဆောင်ရွက်ပါမယ်။ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို မမှိတ်မသုန်လျှောက်လှမ်းရင်း ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ရည်မှန်းချက်များ ပြည့်စုံအောင် ဖြည့်ဆည်းသွားပါမယ်လို့ ပြောကြားလိုပါတယ်။

ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကျန်းမာရွှင်လန်းစွာဖြင့် ပြည်ထောင်စုအကျိုးကို လက်တွဲဆောင်ရွက်ကြပါစို့ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မျိုးတင်နှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

**ကပ်လှူပူဇော်**

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စေတီတော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်သည်။

**ရင်းရင်းနှီးနှီးမေးမြန်း နှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညို၍ ဘုရားဖူးလာ ပြည်သူများအား ရင်းရင်းနှီးနှီး မေးမြန်းနှုတ်ဆက်သည်။

**ပြန်လည်ဖွင့်လှစ်**

ဗုဒ္ဓဘာသာဆိုင်ရာ စေတီပုထိုးများနှင့် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများအား ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ COVID-19 စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ခွင့်ပြုထားပြီး အများပြည်သူများအနေဖြင့် မိမိတို့ဘာသာရေးဆိုင်ရာ ဝတ်ပြုခြင်းများကို ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်စဉ်။ သတင်းစဉ်




# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘရူနိုင်းဒါရူဆလမ် နိုင်ငံခြားရေးဝန်ကြီး(၂)အား ဗီဒီယိုကွန်ဖရင့်ဖြင့် လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး (၂) the Honourable Dato Seri Setia Haji Erywan bin Pehin Datu Pekerma Jaya Haji Mohd. Yusuf အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်ဖြင့် လက်ခံဆွေးနွေးသည်။ **(အပေါ်ပုံ)**

**အမြင်ချင်းဖလှယ်**

ဆွေးနွေးစဉ် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မြန်မာနိုင်ငံ၏ လတ်တလော ဖြစ်ပေါ်တိုးတက်မှု အခြေအနေကို ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး (၂) အား ရှင်းလင်းပြောကြားပြီး နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် အာဆီယံ ပေါင်းစည်းညီညွတ်ရေးစိတ်ဓာတ်ကို အခြေခံလျက် အာဆီယံဒေသတွင်း ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးအပါအဝင် မြန်မာနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရေး ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**ပူးပေါင်းဆောင်ရွက်သွားမည်**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ဘရူနိုင်းနိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်မည့်အပေါ် ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် အာဆီယံအသိုက်အဝန်း တည်ထောင်ရေးကြိုးပမ်းမှုများနှင့် အာဆီယံ၏ ဦးစားပေးလုပ်ငန်းများ အောင်မြင်စေရန် အပြည့်အဝထောက်ခံပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးများ လုပ်ငန်းပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြည်ထောင်စုဝန်ကြီးများ လုပ်ငန်းပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ပွင့်ဆန်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အမှတ် (၃) အကြီးစား စက်မှုလုပ်ငန်းအောက်ရှိ စက်ရုံများ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရေးကိစ္စ၊ အထည်အလိပ်နှင့် အဝတ်အထည်ဆိုင်ရာ စမ်းသပ်ခြင်း၊ စစ်ဆေးခြင်းနှင့် အရည်အသွေး ထောက်ခံချက်ထုတ်ပေးခြင်း စသည့် လုပ်ငန်းများ အဆင်ပြေချောမွေ့ရေး ကိစ္စ၊ အကောက်ခွန်ဦးစီးဌာနမှ စက်သုံးဆီများ တင်သွင်းမှု အဆင်ပြေချောမွေ့ရေးကိစ္စ၊ ကိုဗစ်-၁၉ ကာလအတွင်း ပိတ်ထားရသော တိရစ္ဆာန်ဥယျာဉ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးကိစ္စ၊ ကုန်သွယ်မှုလွယ်ကူလျင်မြန်စေရေးနှင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ပိုမိုလျင်မြန် သွက်လက်စွာ ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများ အမြန်ဆုံးပြန်လည် နာလန်ထူလာစေရေးအတွက် ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ဝန်ကြီးဌာန အချင်းချင်း ညှိနှိုင်းပေါင်းစပ်၍ ဖြေရှင်းပေးရမည့် ကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# လွတ်ငြိမ်းချမ်းသာခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၅၈/၂၀၂၁**
**၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်**
**(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)**

## လွတ်ငြိမ်းချမ်းသာခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေချိန်တွင် ပြစ်ဒဏ်ကျအကျဉ်းသား၊ အကျဉ်းသူများမှလည်း တစ်ဖက်တစ်လမ်းမှ အကျိုးပြုစေမည့် နိုင်ငံသားများအဖြစ်သို့ ပြောင်းလဲပေးရန်အတွက်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အကျဉ်းထောင်/အချုပ်ထောင်/ စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား/သူ များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(က)အရ ၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်(ခရစ်နှစ် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်) မတိုင်မီ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးပါက ယင်းတို့ကျခံနေရသော ပြစ်ဒဏ်အသီးသီးကို အောက်ပါအတိုင်း ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်သည်–

(က) သေဒဏ်ပြစ်ဒဏ်ကျခံနေရသူများကို ထောင်ဒဏ်တစ်သက်(လွတ်ရက်မရှိ) ပြစ်ဒဏ်သို့ ပြောင်းလဲကျခံစေရန်၊

( ခ ) ထောင်တစ်သက်နှင့် နှစ်အကန့်အသတ်မရှိ ပြစ်ဒဏ်ကျခံနေရသူများကို ထောင်ဒဏ် နှစ် ၄၀ သို့ လျှော့ပေါ့ကျခံစေရန်(ယခင်ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များအရ သေဒဏ်မှ ထောင်တစ်သက်ပြစ်ဒဏ်သို့ ပြောင်းလဲထားသူများမပါ)၊

( ဂ ) ယခင်ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်များအရ သေဒဏ်မှ ထောင်တစ်သက်ပြစ်ဒဏ်သို့ ပြောင်းလဲထားသူများအား ထောင်ဒဏ် နှစ် ၅၀ သို့ လျှော့ပေါ့ကျခံစေရန်၊

(ဃ) ထောင်ဒဏ် နှစ် ၄၀ အထက် ကျခံနေရသူများကို ထောင်ဒဏ် နှစ် ၄၀ သို့ လျှော့ပေါ့ကျခံစေရန်၊

( င ) ထောင်ဒဏ် နှစ် ၄၀ နှင့်အောက် ကျခံနေရသူများကို ယင်းတို့ကျခံနေရသော ထောင်ဒဏ်၏ လေးပုံတစ်ပုံအား လျှော့ပေါ့ကျခံစေရန်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၅၉/၂၀၂၁**
**၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်**
**(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)**

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေချိန်တွင် ပြစ်ဒဏ်ကျ အကျဉ်းသား၊ အကျဉ်းသူများမှလည်း တစ်ဖက်တစ်လမ်းမှ အကျိုးပြုစေမည့် နိုင်ငံသားများအဖြစ်သို့ ပြောင်းလဲပေးရန်အတွက်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အကျဉ်းထောင်/အချုပ်ထောင်/ စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား/သူ ၂၃၃၁၄ ဦးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၆၀/၂၀၂၁**
**၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်**
**(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)**

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေချိန်တွင် နိုင်ငံအချင်းချင်း မိတ်ဝတ်မပြတ်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့် လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အကျဉ်းထောင်/အချုပ်ထောင် အသီးသီးတွင် အကျဉ်းကျခံနေကြရသော နိုင်ငံခြားသားအကျဉ်းသား/သူ ၅၅ ဦးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ "နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် အလုပ်သမားရေးရာဆိုင်ရာနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများဆန္ဒဖော်ထုတ်ပွဲတက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလအတွက် အလုပ်သမားရေးရာဆိုင်ရာ ဝန်ထမ်းဆန္ဒဖော်ထုတ်ပွဲနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများ ဆန္ဒဖော်ထုတ်ပွဲများကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမများ၌ ကျင်းပသည်။ **(ယာပုံ)**



အလုပ်သမားရေးရာဆိုင်ရာ ဝန်ထမ်းများ ဆန္ဒဖော်ထုတ်ပွဲတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အလုပ်သမားရေးရာဆိုင်ရာ ဝန်ထမ်းများ ဆန္ဒဖော်ထုတ်ပွဲကို လစဉ်ကျင်းပဆောင်ရွက်ခဲ့ပြီး ဝန်ထမ်းများ၏ လုပ်ငန်းခွင်ဆောင်ရွက်မှု အခက်အခဲများ၊ နေထိုင်သွားလာရေးဆိုင်ရာ အခက်အခဲများနှင့် ပတ်သက်၍ အသီးသီးတင်ပြမှုအပေါ် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလုပ်သမားရေးရာဆိုင်ရာ ဝန်ထမ်းများသည် အလုပ်သမားများနှင့်ပတ်သက်သည့် အရေးကိစ္စများကို အဓိက ဆောင်ရွက်ရသူများဖြစ်ပြီး ပြည်တွင်းရှိ အလုပ်သမားကိစ္စများအပြင် ပြည်ပရောက် မြန်မာအလုပ်သမားများ၏ ကိစ္စအဝဝကိုလည်း တာဝန်ယူကိုင်တွယ်ဖြေရှင်းပေးကြရပါကြောင်း၊ ပြည်ပရောက် မြန်မာအလုပ်သမားဆိုရာတွင်လည်း တရားဝင်အလုပ်လုပ်ကိုင်သူများသာမက အကြောင်းအမျိုးမျိုးကြောင့် တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်ကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက်လည်း သက်ဆိုင်ရာနိုင်ငံမှ အလုပ်သမားသံအရာရှိများက ကူညီဆောင်ရွက် ပေးလျက်ရှိပါကြောင်း၊ အလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် လုပ်ငန်းခွင်ဆောင်ရွက်မှု၊ လုပ်ခလစာနှင့် ကျန်းမာရေးစောင့်ရှောက်မှုစသည်တို့ အဆင်ပြေစေရေး၊ နစ်နာမှုမရှိစေရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နေ့စဉ်ဆောင်ရွက်နေကြသည့် ဝန်ထမ်းများသည် နေ့စဉ်ကုသိုလ်ရနေကြသည့်သူများဖြစ်ပါကြောင်း။

ယခု ကိုဗစ်-၁၉ ဖြစ်ပွားသည့် ကာလအတွင်း အခက်အခဲ အကျပ်အတည်းများဖြစ်ပေါ်နေသည့် ပြည်တွင်းပြည်ပ မြန်မာအလုပ်သမားများကို အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ယခုအခမ်းအနားတွင် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းဆိုင်ရာ အခက်အခဲများ၊ နေထိုင်သွားလာလုပ်ကိုင်ခြင်းများအတွက် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနအလိုက်ဝန်ထမ်းများက လုပ်ငန်းအလိုက် လိုအပ်ချက်များကို အသီးသီး ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းပီပီ ဝန်ထမ်းကျင့်ဝတ်နှင့်အညီ နေထိုင်ကျင့်ကြံဆောင်ရွက်ကြရန်နှင့် အချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာဖော်ဆောင်နိုင်ရေး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဝန်ထမ်းများ ဆန္ဒဖော်ထုတ်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများသည် နိုင်ငံတော်လုံခြုံရေးနှင့် ဆက်စပ်သည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေရသူများ ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ နယ်စပ်ဂိတ်များ၊ အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ဂိတ်များ၌ တရားမဝင် ဝင်/ထွက်သွားလာမှုများ မရှိစေရေးအတွက် လူဝင်မှုစစ်ဆေးရေးလုပ်ငန်းများကို လည်းကောင်း၊ နိုင်ငံသားတိုင်း ၎င်းတို့၏ နိုင်ငံသား အရည်အချင်းဖြစ်တည်မှုအပေါ် မူတည်၍ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်နိုင်ရေးအတွက် လည်းကောင်း၊ နိုင်ငံတော်အတွက် လူဦးရေစာရင်းဇယားများ တိကျမှန်ကန်စေရေးအတွက်လည်းကောင်း ကြိုးပမ်းဆောင်ရွက်နေကြသူများ ဖြစ်သည်နှင့်အညီ နိုင်ငံတော်အတွက် အရေးပါသည့် အခန်းကဏ္ဍမှ ဆောင်ရွက်နေကြသူများဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းပီပီ ဝန်ထမ်းကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်ကြရန်နှင့် လုပ်ငန်းဆောင်ရွက်မှုတိုင်း၌ နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားကို အလေးထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဌာန၏ ရည်မှန်းချက်တာဝန်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းဆောင်ရွက်ချက်တိုင်းကို စေတနာသန့်သန့်ဖြင့် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ နေထိုင်ကြရန်နှင့် ယခုဆန္ဒဖော်ထုတ်ပွဲတွင် ဝန်ထမ်းများ၏ နေထိုင်သွားလာလုပ်ကိုင်ဆောင်ရွက်ရာ၌ ကြုံတွေ့ရသည့် အခက်အခဲများ၊ လုပ်ငန်းလိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် လုပ်ငန်းလိုအပ်ချက်များကို ဌာနအလိုက် တာဝန်ရှိသူများက တင်ပြကြရာ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်ထောင်စုဝန်ကြီးက ယခုအခါ အရေးပေါ်ကာလ သတ်မှတ်ထားသည့်အတွက် နေထိုင်သွားလာမှုများအား စနစ်တကျဂရုပြုဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းတိုင်းသည် ပါတီနိုင်ငံရေးကင်းရှင်းပြီး ဝန်ထမ်းကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ကြရေး၊ မိမိဌာန ရည်မှန်းချက်တာဝန်များ အောင်မြင်ရေးအတွက် အချင်းချင်းစည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

**သတင်းစဉ်**

# ထပ်နေတဲ့ မဲစာရင်းတွေ၊ မဲမသမာမှုဖြစ်နိုင်တဲ့ အခြားမဲစာရင်းတွေ ၁၀ သန်း ၄ သိန်းကျော် တွေ့ရှိခဲ့

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ နိုင်ငံရေးပါတီပေါင်း ၈၄ ပါတီ ဖြစ်ပါတယ်။ ကန့်ကွက်လွှာတင်သွင်းထားတဲ့ အမှုပေါင်း ၂၁၇ မှု ရှိပါတယ်။ နိုင်ငံရေးပါတီများအနေနဲ့ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး တရားမျှတမှုရှိစေဖို့ ဖြေရှင်းပေးဖို့ UEC ကို ရွေးကောက်ပွဲမတိုင်မီကတည်းက တောင်းဆိုမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့သော်လည်း ဆောင်ရွက်ပေးခြင်း မရှိခဲ့ပါဘူး။ နိုင်ငံရေးပါတီများအနေနဲ့ နိုင်ငံတော်ရဲ့ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍမှာ ပါဝင်နေတဲ့ တပ်မတော်ကို အကူအညီတောင်းခံခဲ့ပါတယ်။ တပ်မတော်အနေနဲ့ မဲစာရင်းတွေကို စစ်ဆေးခဲ့ပါတယ်။ မြို့နယ်တစ်ခုချင်းအတွင်း ထပ်နေတဲ့ မဲစာရင်းတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအတွင်းရှိ မြို့နယ်များအကြား ထပ်နေတဲ့ မဲစာရင်းတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်များအကြား ထပ်နေတဲ့ မဲစာရင်းတွေ၊ မဲမသမာမှုဖြစ်နိုင်တဲ့ အခြားမဲစာရင်းတွေ စုစုပေါင်း ၁၀,၄၈၂,၁၁၆ (၁၀ သန်း ၄ သိန်းကျော်) တွေ့ရှိခဲ့ပါတယ်။ အသက် ၁၈ နှစ် မပြည့်ဘဲ မဲစာရင်းတွင် ပါဝင်နေသူ ၁၁,၉၄၃ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူ ၄,၆၄၈,၂၇၀ ဦး (၄ သန်း ၆ သိန်းကျော်)နဲ့ အသက် ၁၀၀ နှစ်နှင့်အထက် မဲစာရင်း ၁၈,၃၅၆ ဦး ပါဝင်ပါတယ်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၈-၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ( ၅၂ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးကျော်မျိုးထွဋ်အား နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နေပြည်တော်ကောင်စီအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ( ၅၄ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်

**နေပြည်တော်ကောင်စီအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား နေပြည်တော်ကောင်စီအဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဦးမြင့်စိုး
(၂) ဦးဇေယျာလင်း

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ( ၅၃ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဝင်များအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို အပ်နှင်းလိုက်သည်။ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ကချင်ပြည်နယ်
  (က) ဦးမျိုးဆွေ
  ( ခ ) ဦးတိန့်ဆောင်
(၂) ကယားပြည်နယ်
  (က) ဦးပေါလူချမ်း
  ( ခ ) ဒေါ်စူးမြာယဉ်ယဉ်လေး
(၃) ကရင်ပြည်နယ်
  (က) ဦးစောခင်မောင်မြင့်
  ( ခ ) ဦးဇော်ဝင်း
(၄) ချင်းပြည်နယ်
  (က) ဦးငွန်းဆွန်းအောင်
  ( ခ ) ဦးဂိုဆွင်းခိုင်
(၅) စစ်ကိုင်းတိုင်းဒေသကြီး
  (က) ဦးလှဟန်
  ( ခ ) ဒေါ်ရီရီသန်း
(၆) တနင်္သာရီတိုင်းဒေသကြီး
  (က) ဦးမောင်ကြီး
  ( ခ ) ဦးခင်မောင်မြင့်
(၇) ပဲခူးတိုင်းဒေသကြီး
  (က) ဦးငွေးလွင်ဦး
  ( ခ ) ဦးတင်ဦး
(၈) မကွေးတိုင်းဒေသကြီး
  (က) ဒေါက်တာစန်းလှိုင်
  ( ခ ) ဦးစိုင်းမြင့်အေး
(၉) မန္တလေးတိုင်းဒေသကြီး
  (က) ဦးမျိုးအောင်
  ( ခ ) ဦးသိန်းငွေး
(၁၀) မွန်ပြည်နယ်
  (က) ဦးဇော်လင်းထွန်း
  ( ခ ) ဦးအောင်ကြည်သိန်း
(၁၁) ရခိုင်ပြည်နယ်
  (က) ဦးစံရွှေမောင်
  ( ခ ) ဦးသန်းထွန်း
(၁၂) ရန်ကုန်တိုင်းဒေသကြီး
  (က) ဦးအောင်သန်းဦး
  ( ခ ) ဦးဇော်ဝင်း
(၁၃) ရှမ်းပြည်နယ်
  (က) ဦးခွန်သိန်းမောင်
  ( ခ ) ဦးစိုင်းလိတ်
(၁၄) ဧရာဝတီတိုင်းဒေသကြီး
  (က) ဦးတင်အေး
  ( ခ ) ဦးအုန်းမြင့်

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ( ၅၅ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဦးဗိုလ်ဌေး ဥက္ကဋ္ဌ၊ မြို့တော်ဝန်
(၂) ဦးညီညီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန်
(၃) ဦးညွှန့်ဖေ အတွင်းရေးမှူး

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ( ၅၆ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဦးစောဟန် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန်
(၂) ဦးဝင်းမောင် အတွင်းရေးမှူး

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ( ၅၇ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**
**စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ တပ်မတော်အရာရှိကြီးများအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) လေ ၂၅၂၂ ဒုတိယဗိုလ်မှူးကြီး ညီညီကျော်
နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
(၂) ကြည်း ၃၄၁၀၀ ဒုတိယဗိုလ်မှူးကြီး တင်နိုင်ဦး
ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
(၃) ကြည်း ၃၀၅၄၅ ဒုတိယဗိုလ်မှူးကြီး ညီညီတင်
ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
(၄) ကြည်း ၃၀၁၃၂ ဒုတိယဗိုလ်မှူးကြီး မိုးမင်းဝင်း
ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
(၅) ကြည်း ၃၂၁၁၈ ဒုတိယဗိုလ်မှူးကြီး သော်နောင်
ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
(၆) ကြည်း ၃၄၀၅၆ ဒုတိယဗိုလ်မှူးကြီး အောင်ကျော်စိုး
"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ကချင်ပြည်နယ်ကောင်စီရုံး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအတွက် ဆန်နှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၁**

ကိုဗစ်-၁၉ ရောဂါကာလအတွင်း ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဝန်ထမ်းများအားလုံးအတွက် နေထိုင်စားသောက်မှု အဆင်ပြေစေရေး ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်းကို ဖေဖော်ဝါရီ ၁၁ ရက်က ပြည်နယ်ကောင်စီရုံးဝင်းအတွင်းရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်နှင့် ပြည်နယ်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး ကျော်လင်းအောင်၊ ဦးမျိုးဆွေ၊ ဦးအားဖူ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ကချင်ပြည်နယ်ဦးစီးမှူး ဦးဝင်းရဲထွန်း၊ ပြည်နယ်ရဲတပ်ဖွဲ့ ရဲမှူးကြီး ဉာဏ်မြင့်ကျော်နှင့် အတွင်းရေးမှူး ဦးခင်မောင်လေးတို့က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ စုစုပေါင်းဝန်ထမ်း ၃၁၀ တို့အတွက် ဝန်ထမ်းတစ်ဦးလျှင် ဆန်လေးပြည်၊ ဆီတစ်ဘူးစီနှင့်ကြက်ဥအလုံး ၃၀ စီတို့ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# စိန်ရတုအထိမ်းအမှတ်အဖြစ် Myanmar Radio အမည်ဖြင့် အင်္ဂလိပ်ဘာသာသီးသန့် FM Radio Channel ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အဖြစ် "Myanmar Radio"အမည်ဖြင့် အင်္ဂလိပ်ဘာသာသီးသန့် FM Radio Channel ကို ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ ထုတ်လွှင့်နိုင်ရန် ဇန်နဝါရီ ၁၆ ရက်မှစတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။

အဆိုပါ FM အစီအစဉ်ကို နေ့စဉ် နံနက် ၇ နာရီမှ ည ၁၁ နာရီအထိ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် လှိုင်းနှုန်း ၉၄.၆ MHz ဖြင့်လည်းကောင်း၊ ပျဉ်းမနားမြို့နှင့် အနီးတစ်ဝိုက်တွင် လှိုင်းနှုန်း ၁၀၁.၇ MHz ဖြင့်လည်းကောင်း၊ စစ်ကိုင်းမြို့နှင့် အနီးတစ်ဝိုက်တွင် လှိုင်းနှုန်း ၉၉.၀ MHz ဖြင့်လည်းကောင်း ဖမ်းယူရရှိမည်ဖြစ်သည်။

မြန်မာ့အသံရေဒီယို(အင်္ဂလိပ်ပိုင်း)အစီအစဉ်အား မြန်မာပိုင်းအစီအစဉ်နှင့် တစ်ဆက်တစ်စပ်တည်း နေ့စဉ် နံနက် ၉ နာရီမှ ၁၀ နာရီအထိလည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲမှ ၂ နာရီအထိ လည်းကောင်း၊ ည ၁၀ နာရီမှ ၁၁ နာရီခွဲအထိလည်းကောင်း လက်ရှိထုတ်လွှင့်နေမှုတွင် ည ၁၀ နာရီမှ ၁၁ နာရီအတွင်း ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ဝန်ကြီးဌာနပြခန်းအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်သည် ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန မြေညီထပ်၌ ခင်းကျင်းပြသထားသည့် ဝန်ကြီးဌာနပြခန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။**(ယာပုံ)**

ရှေးဦးစွာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တိုင်းရင်းသားတို့၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်းအမွေအနှစ် ဓလေ့ထုံးစံများ ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားများနှင့် စပ်လျဉ်းသည့် ပြခန်းအား ခင်းကျင်းပြသရခြင်း ဖြစ်ကြောင်း၊ ပြခန်းအတွင်း ခင်းကျင်း ပြသထားသည့် အဓိကလူမျိုးစုကြီး ၈ စုနှင့် သက်ဆိုင်သည့် ပြကွက်များ၊ တိုင်းရင်းသားမျိုးနွယ်စု ၅၀ နှင့် သက်ဆိုင်သည့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ ရိုးရာတူရိယာများ၊ အသုံးအဆောင်ပစ္စည်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးအား လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ခင်းကျင်းပြသထားသော ပစ္စည်းများနှင့်စပ်လျဉ်း၍ စနစ်တကျ ရေရှည်ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

အဆိုပါပြခန်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုး အသီးသီးတို့၏ ရိုးရာဝတ်စုံများ၊ တူရိယာများ၊ အသုံးအဆောင်ပစ္စည်းများကို ခင်းကျင်းပြသထားသည်ဖြစ်ရာ စိတ်ပါဝင်စားသူများအနေဖြင့် မည်သူမဆို ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**







# ပြည်ထောင်စုရာထူးဝန်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

### လိုက်နာဆောင်ရွက်ရန်လို

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေက ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသော လမ်းညွှန်ချက်များနှင့်အညီ ဌာနအလိုက် ရည်မှန်းချက်များကို အရှိန်အဟုန်မပြတ် အောင်မြင်အောင် ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိ ကပ်ရောဂါအခြေအနေအရ ဝန်ထမ်းများရွေးချယ်ခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်း၊ လုပ်ငန်းစဉ်အချို့ဆိုင်းငံ့ထားရသည်ကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ရန်၊ ထိုသို့ဆောင်ရွက်ရာတွင် မှန်မှန်နှင့် စနစ်တကျရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခက်အခဲရှိပါက အချိန်နှင့်တစ်ပြေးညီတင်ပြ၍ နှောင့်နှေးမှုမရှိအောင် ဆောင်ရွက်ကြရန်နှင့် မိမိတို့သည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ကျေပွန်အောင် လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

### တင်ပြဆွေးနွေး

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့က ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ရှေ့ဆက် ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးခဲ့ကြပြီး အဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးစစ်အေး၊ ဦးတင်ဦး၊ ဦးဆန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးရဲနိုင်နှင့် ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး အဖွဲ့ကွပ်ကဲမှုအောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်များမှ ပါမောက္ခချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။

**သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဖေဖော်ဝါရီ ၁၃ ရက် (စနေနေ့) တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် လူကောင်ထွားကျိုင်းပြီး သူငယ်ချင်းများကို အနိုင်ကျင့်တတ်သော သာပေါကို မောင်ထွေးလေးနှင့် သူငယ်ချင်းများက သင်ခန်းစာပေးသည့်အကြောင်း တင်ဆက်ထားသည့်“မောင်ထွေးလေးနှင့် သူငယ်ချင်းများ” မျက်နှာဖုံးကာတွန်း၊ ရိုးရာပွဲတော်များနှင့် စည်ကားပြီး ရာသီအလှ၊ ဒါနကုသိုလ်များနှင့် ကျက်သရေရှိသည့် တပို့တွဲလအကြောင်းကို ရေးသားတင်ဆက်ထားသည့် “တပို့တွဲလနှင့်ရာသီပွဲတော်များ” သုတဆောင်းပါး၊ ရွှေသွေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ဝေါဟာရများကို ရေးသားတင်ဆက်ထားသည့် “ရွှေသွေးဝေါဟာရ” ရုပ်ပြအဘိဓာန်ကဏ္ဍ၊ မြန်မာ့ရိုးရာတူရိယာများထဲမှ လေမှုတ်တူရိယာဖြစ်သည့် ပလွေအကြောင်းကို တင်ဆက်ထားသည့် “ပလွေ” သုတဆောင်းပါး၊ ကလေးတို့ ဉာဏ်ရည်ထက်စေရန်အတွက် ရုပ်ပုံများထဲတွင် မတူကွဲပြားသည့် အချက်များကို ထည့်သွင်းတင်ဆက်ထားသည့် “မတူရာ(၁၀)ချက်” ဉာဏ်စမ်းကဏ္ဍ၊ ဂိမ်းအလွန်အကျွံကစားသောကြောင့် ကျောင်းမှန်မှန်မတက်နိုင်တော့သည့် သမီးလေးဆုရှုန်းလဲ့အကြောင်းကို ပညာပေးရေးဖွဲ့ထားသည့် “ကတိပေးပါတယ် ဖေဖေ” ကလေးဝတ္ထု၊ နာမ်ရှေ့တွဲသုံးစကားလုံးများ (determiner) အကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ ဆက်လက်တင်ဆက်ထားသည့် “ရွှေသွေး အင်္ဂလိပ်သဒ္ဒါ” အင်္ဂလိပ်သင်ခန်းစာကဏ္ဍ၊ ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာ၊ မှတ်စရာများပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**




# မံစီမြို့နယ် မန်ဝိန်းကြီး-ပန်ခမ်းနှင့် မန်ဝိန်းကြီး-နန့်ခါးပါ ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်း

**မံစီ ဖေဖော်ဝါရီ ၁၁**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ် မန်ဝိန်းကြီး-ပန်ခမ်းနှင့် မန်ဝိန်းကြီး-နန့်ခါးပါ ကျေးရွာချင်းဆက်လမ်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်ရန်ပုံငွေဖြင့် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ရန်ပုံငွေကျပ် ၂၄၄ ဒသမ ၈၅၀ သန်းဖြင့် မန်ဝိန်းကြီး-ပန်ခမ်း ကျေးရွာချင်းဆက်လမ်း အရှည်တစ်မိုင်၊ အကျယ် ၁၈ ပေ၊ လမ်းပခုံးကွန်ကရစ် ဝဲယာတစ်ပေစီပါဝင်သည့် ကတ္တရာခင်းခြင်းလုပ်ငန်းကို လည်းကောင်း၊ ရန်ပုံငွေကျပ် ၂၄၅ ဒသမ ၃၀၀ သန်းဖြင့် မန်ဝိန်းကြီး-နန့်ခါးပါ ကျေးရွာချင်းဆက်လမ်း အရှည်တစ်မိုင်၊ အကျယ် ၁၈ ပေ၊ လမ်းပခုံးကွန်ကရစ် ဝဲယာတစ်ပေစီပါဝင်သည့် ကတ္တရာခင်းခြင်းနှင့် လမ်းဖောက်လုပ်မှုလုပ်ငန်းကိုလည်းကောင်း ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများဆောင်ရွက်နေမှုကို ဖေဖော်ဝါရီလ ပထမပတ်က ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်ပြည့်ဇော်၊ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ခံဦးစီးအရာရှိဦးအောင်ကိုကိုတို့နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ဒေသခံပြည်သူများ ရာသီမရွေး သွားလာနိုင်ရန်ရည်ရွယ်၍ လုပ်ငန်းများကိုဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# နို့သောက်သုံးခြင်းနှင့် ကျန်းမာရေး

## ------ ဖြိုးသူဟန် ------

**နို့သည် သက်ရှိအားလုံးတို့အတွက် အာဟာရပြည့်ဝစေပြီး အင်အားပြည့်ဖြိုးစေသော အစားအစာတစ်ခု ဖြစ်ပေသည်။ နို့နှင့်နို့ထွက်ပစ္စည်းများတွင် အာဟာရအရည်အသွေး မြင့်မားစွာ ပါဝင်လျက်ရှိရာ လူသားတို့၏ ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သော အာဟာရရင်းမြစ်တစ်ခု ဖြစ်ပေသည်။ ဘီစီ ၄၀၀၀ ခန့်မှစတင်၍ လူ့အဖွဲ့အစည်း အသီးသီး တို့က နို့နှင့်နို့ထွက်ပစ္စည်းများကို အဓိကအစားအစာအဖြစ် တန်ဖိုးထား စားသုံးခဲ့ကြပေသည်။ နို့တွင် ဗီတာမင် D များစွာပါဝင်ပြီး ကယ်လ်စီယမ်၊ ပိုတက်စီယမ်၊ ဖော့စဖရပ်စ်၊ ပရိုတင်း၊ ဗီတာမင် A ၊ ဗီတာမင် B12 ၊ ရိုင်ဘိုဖလေဘင်၊ နိုင်ရာဆင် အစရှိသော သတ္တုဓာတ်များလည်း ပါဝင်နေပေသည်။**

လူတစ်ဦးချင်းစီ၏ ကျန်းမာရေးကို လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ ဆေးလိပ်သောက်ခြင်း စသည့်နေထိုင်မှုပုံစံများနှင့် စားသောက်မှုပုံစံများက အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း သိရှိကြပြီးဖြစ်ပေသည်။ ဤဆောင်းပါးတွင် နို့နှင့် နို့ထွက်ပစ္စည်းများ စားသုံးခြင်းကြောင့် လူတို့၏ ကျန်းမာရေးအပေါ် သက်ရောက်မှုရှိနိုင်ပုံအား ဆွေးနွေးတင်ပြသွားမည်ဖြစ်ရာ နို့သောက်သုံးခြင်း အလေ့အကျင့်နှင့် ဓာတ်မတည့်ခြင်း၊ ရိုးဆက်ရောင်ရမ်းခြင်း၊ ကင်ဆာ၊ နှလုံးရောဂါ၊ သွားပိုးစားခြင်း၊ ဆီးချိုရောဂါနှင့် သွေးတိုးရောဂါ အစရှိသော ရောဂါတို့အကြား ဆက်စပ်မှုများကို ဆွေးနွေးတင်ပြသွားမည် ဖြစ်ပါသည်။

### ၁။ နို့သောက်သုံးခြင်းနှင့် ဓာတ်မတည့်ခြင်း

အစားအစာဓာတ်မတည့်ခြင်းသည် ကိုယ်ခံစွမ်းအားက စားသုံးလိုက်သော ပရိုတင်းများကို တုံ့ပြန်ခြင်းကြောင့် အရေပြား၊ အသက်ရှူလမ်းကြောင်းနှင့် အစာအိမ်လမ်းကြောင်းဆိုင်ရာ လက္ခဏာများ ဖြစ်ပေါ်လာခြင်းပင် ဖြစ်ပါသည်။ အချို့လူများတွင် နို့နှင့်နို့ထွက်ပစ္စည်းများ စားသုံးပြီးနောက် လေပွခြင်း၊ ကြွက်တက်ခြင်း၊ အူရောင်ရောဂါနှင့် ဝမ်းလျှောရောဂါ စသည့်လက္ခဏာများ ဖြစ်ပေါ်လာသည့်အတွက် နို့နှင့်ဓာတ်မတည့်ဟု ယူဆကြပေသည်။ သို့သော် ၎င်းသည် ဓာတ်မတည့်တုံ့ပြန်မှု မဟုတ်ဘဲ lactose malabsorption (အောက်တွင် အသေးစိတ်ရှင်း လင်းဖော်ပြထားပါသည်) ဟုခေါ်သော အခြေအနေတစ်ခု ဖြစ်ပေသည်။ အစားအစာဓာတ်မတည့် တုံ့ပြန်မှုကို ဖြစ်ပေါ်စေသည့် အဓိက အစားအစာများမှာ နို့၊ ကြက်ဥ၊ မြေပဲ၊ အခွံမာသီးများ၊ ငါး၊ အခွံမာ ရေသတ္တဝါ၊ ပဲနှင့် ဂျုံ စသည်တို့ ဖြစ်ကြပါသည်။ နို့နှင့်ဓာတ်မတည့်မှုသည် ကလေးများတွင် ၂ ရာခိုင်နှုန်းနှင့် အရွယ်ရောက်သူများတွင် ၁ ရာခိုင်နှုန်း ရှိပေသည်။

နို့တွင် casein နှင့် whey ပရိုတင်းအမျိုးအစားနှစ်ခု အဓိကပါဝင်ပြီး ၎င်းတို့တွင် အခြားပရိုတင်း အမျိုးအစားများစွာ ပါဝင်လျက် ရှိနေပါသည်။ နို့ပရိုတင်းအားလုံးသည် ဓာတ်မတည့်မှုကို ဖြစ်ပေါ်စေကြောင်း တွေ့ရှိရပြီး နွားနို့နှင့် ဓာတ်မတည့်သူများသည် ဆိတ်၊ သိုးနှင့် ကျွဲနို့များကိုလည်း ဓာတ်မတည့်မှုဖြစ်နိုင်ကြောင်း တွေ့ရှိရပေသည်။ နို့နှင့် ဓာတ်မတည့်မှုအတွက် ကုထုံးဆိုင်ရာ အကြံပြုချက်အများစုသည် အစားအစာ၌ နို့နှင့် နို့ထွက်ပစ္စည်းများ မပါဝင်အောင် ဖယ်ရှားခြင်းပင် ဖြစ်ပါသည်။ အပူပေးပိုးသတ်ခြင်း (pasteurization) နည်းသည် နို့တွင်ပါဝင်သော ပရိုတင်းနှင့် ၎င်း၏ဖွဲ့စည်းတည်ဆောက်ပုံကို ထိခိုက်စေခြင်း မရှိသည့်အတွက် အပူပေးပိုးသတ်ထားသောနို့ (pasteurized milk)သည် ဓာတ်မတည့်မှုဖြစ်ခြင်း၊ မဖြစ်ခြင်း အပေါ် အကျိုးသက်ရောက်မှု မရှိစေပေ။ လူတစ်ဦးချင်းစီ၏ အစားအစာဓာတ်တည့်မှု၊ မတည့်မှုအပေါ်တွင်သာ မူတည်နေပေသည်။

### ၂။ နို့သောက်သုံးခြင်းနှင့် ရိုးဆက်ရောင်ရမ်းခြင်း

အဆစ်အမျက်ရောင်ရမ်းခြင်းသည် အရိုးအဆစ်များ ထိခိုက်ပျက်စီးလာခြင်းကြောင့် ရုပ်ပိုင်းဆိုင်ရာ မသန်မစွမ်းဖြစ်လာခြင်းပင် ဖြစ်ပါသည်။ အရိုးပွရောဂါ (osteoarthritis)၊ ခန္ဓာကိုယ်အတွင်းရှိ အရာဝတ္ထုများကို အလိုအလျောက် ခုခံတိုက်ဖျက်ရာမှ ဖြစ်ပေါ်လာသော ရောဂါများ (autoimmune diseases)၊ အကြောအဆစ်ရောင်ရမ်းခြင်း (rheummatoid)၊ အနာရင်း၍ ရောင်ရမ်းခြင်း (septic arthritis) နှင့် အခြားရောဂါများကြောင့် ဖြစ်ပေါ်လာသော ရောဂါဟူ၍ အဆစ်အမျက် ရောင်ရမ်းခြင်း အမျိုးမျိုးရှိပေသည်။

နို့စိမ်းသောက်သုံးခြင်းသည် ရိုးဆက်ရောင်ရမ်းနာများကို သက်သာစေသည်ဟူသော အကြံပြုချက်များရှိသော်လည်း နို့သောက်သုံးခြင်းနှင့် ရိုးဆက်ရောင်ရမ်းနာသက်သာခြင်း အကြား ဆက်စပ်မှုများကို ဖော်ပြထားသည့် သုတေသနစာပေများ မတွေ့ရှိပေ။ မျှတသော အစားအသောက်ပုံစံနှင့် ကျန်းမာအောင် နေထိုင်ခြင်းတို့ကသာ ရိုးဆက်ရောင်ရမ်းနာကို သက်သာစေနိုင်မည် ဖြစ်ပေသည်။

### ၃။ နို့သောက်သုံးခြင်းနှင့် ကင်ဆာရောဂါ

ကင်ဆာရောဂါသည် ဆဲလ်များ အဆမတန်ပွားများလာမှုကြောင့် ဖြစ်ပေါ်လာသော ရောဂါဖြစ်ပေသည်။ ကင်ဆာရောဂါအမျိုးမျိုးတွင် မတူညီသော ရောဂါဖြစ်ပွားစေသည့် အချက်များ၊ ဆင့်ကဲ တိုးပွားမှုများ၊ ကုသမှုများနှင့် အန္တရာယ်ဖြစ်နိုင်ခြေ စသည်ဖြင့်အချက်များစွာ ရှိနေပါသည်။ မျိုးရိုးဗီဇ၊ ဆေးလိပ်သောက်ခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ အစားအသောက်နှင့် အခြားပတ်ဝန်းကျင်ဆိုင်ရာအချက်များက ကင်ဆာရောဂါဖြစ်နိုင်ခြေကို သက်ရောက်စေလျက် ရှိနေပေသည်။

အဆီနှင့် ကယ်လိုရီများသော အစားအစာများ စားသုံးခြင်းနှင့် အမျှင်ဓာတ်၊ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ စားသုံးမှုနည်းပါးခြင်းတို့က ကင်ဆာရောဂါအချို့၏ ဖြစ်နိုင်ခြေကို မြင့်တက်စေနိုင်ပါသည်။ အချို့သော နို့ထွက်ပစ္စည်းများတွင် အဆီဓာတ်ပါဝင်မှု မြင့်မားခြင်းကြောင့် ရင်သားကင်ဆာဖြစ်ပွားမှုနှုန်းကို မြင့်တက်စေသည်ဟု ဆိုကြပေသည်။ သို့သော် အဆီဓာတ်မြင့်မားစွာ စားသုံးခြင်းနှင့် ရင်သားကင်ဆာတို့အကြား ဆက်စပ်မှုနှင့် ပတ်သက်သည့် သုတေသနဆိုင်ရာ လေ့လာမှုများမှာ ကွဲလွဲလျက်ရှိနေပါသည်။ နို့ထွက်ပစ္စည်းများကို စားသုံးခြင်းသည် ကင်ဆာရောဂါဖြစ်နိုင်ခြေကို မြင့်တက်စေသည်ဟု ဆိုကြသော်လည်း နို့တွင်ကင်ဆာရောဂါကို ကာကွယ်နိုင်သော ကယ်လ်စီယမ်၊ ဗီတာမင်D၊ conjugation linoleic acid (CLA)၊ sphingomyelin နှင့် whey ပရိုတင်း စသည့် အစိတ်အပိုင်းများစွာ ပါဝင်လျက်ရှိနေပါသည်။

ကယ်လ်စီယမ်နှင့် ဗီတာမင် D သည် အူမကြီး ကင်ဆာဖြစ်ပွားမှုနှုန်းကို လျော့ကျစေပါသည်။ ဓာတ်ခွဲလေ့လာမှုများအရ Sphingomyelin နှင့် whey ပရိုတင်းများသည် အူမကြီးကင်ဆာဆဲလ်များ ကြီးထွားမှုကို တားဆီးပေးနိုင်ကြောင်း တွေ့ရှိခဲ့ရပေသည်။ CLA သည် ရင်သားကင်ဆာဖြစ်ပွားမှုကို ထိရောက်စွာ တားဆီးပေးသည့်အပြင် အရေပြား၊ အစာအိမ်နှင့် အူမကြီးကင်ဆာများကို တားဆီးနိုင်ကြောင်း ဖော်ပြထားပါသည်။ ထို့ပြင် Whey ပရိုတင်းသည်လည်း ရင်သားကင်ဆာကို တားဆီးနိုင်ကြောင်း တွေ့ရှိခဲ့ရပါသည်။ နို့တွင် တွေ့ရသော အင်ဆူလင်ကဲ့သို့ သောအရာ (insulin-like growth factor- IGF-1) နှင့် ကြီးထွားစေသော ဟော်မုန်း (growth homone) တို့သည် ရင်သားကင်ဆာကို ဖြစ်စေနိုင်သည်ဟု ဆိုကြသော်လည်း နို့တွင်ပါဝင်သော IGF ပမာဏသည် လူ့ခန္ဓာကိုယ်မှ ထုတ်လုပ်သောပမာဏနှင့် နှိုင်းယှဉ်လျှင် အလွန်ပင်နည်းပါးလှပေသည်။ ထို့ကြောင့် ဤဒြပ်ပေါင်းများသည် ရင်သားကင်ဆာဖြစ်ပွားမှုကို အထောက်အကူ မဖြစ်စေပေ။ CLA၊ sphingomyelin နှင့် whey ပရိုတင်းတို့ကို ကင်ဆာရောဂါကာကွယ်နိုင်သောပစ္စည်း (anticancer agent) အနေဖြင့် ညွှန်းဆိုထားသော်လည်း လေ့လာမှုများစွာဖြင့် အတည်ပြုရန် လိုအပ်ပါသေး၏။

### ၄။ နို့သောက်သုံးခြင်းနှင့် Conjugated Linoleic Acid (CLA)

CLA သည် နို့တွင် ပါဝင်သောအဆီ၌ တွေ့ရပြီး ကျန်းမာရေးအတွက် အထူးကောင်းမွန်သော ဖက်တီးအက်စစ် (fatty acid) ဖြစ်ပေသည်။ CLA တွင် ကာဗွန် ၁၈ လုံး ပါဝင်ပြီး ကပ်လျက်အက်တန်စုံတွဲနှစ်တွဲ ပါဝင်ပေါင်းစပ်ထားသော အဆက် (double bond) နှစ်ခုပါဝင်လျက်ရှိနေပါသည်။ double bond ဆိုသည်မှာ ဖက်တီးအက်စစ်ကွင်းဆက်တွင် ကပ်လျက်ရှိသော ကာဗွန်အက်တမ် နှစ်ခုသည် အခြားအက်တမ်များနှင့် ပေါင်းစပ်နေသော ဓာတုပေါင်းစပ်မှုမျိုး ဖြစ်ပါသည်။ double bond များဖြင့် ချည်နှောင်ခြင်းကြောင့် cis နှင့် trans ဟုခေါ်သော ပေါင်းစပ်မှု ပုံသဏ္ဍာန်များကို ဖြစ်ပေါ်စေနိုင်ပါသည်။ CLA ကို cis နှင့် trans များစွာဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး isomers ဟုခေါ်သော ပေါင်းစပ်မှုများစွာကို ဖြစ်ပေါ်စေပေသည်။ CLA ထဲတွင် ပါဝင်သော isomers အမျိုးမျိုးတို့သည် ဇီဝကမ္မဆိုင်ရာ လုပ်ဆောင်မှုအမျိုးမျိုးကို လုပ်ဆောင်ပေးလျက်ရှိနေပါသည်။ CLA isomers များတွင်–

(၁) cis 9 – trans 11 CLA ၊

(၂) trans 10 – cis 12 CLA ၊

(၃) trans 7 – cis 9 CLA နှင့်

(၄) trans 11 – cis 13 CLA တို့ ပါဝင်ပေသည်။ cis 9 – trans 11 CLA နှင့် trans 10 – cis 12 CLA isomers တို့ သည် ကျန်းမာရေးအတွက် အလွန်အရေးပါသော isomers များဖြစ်ပါသည်။ နို့တွင် ပါဝင်သောအဆီ၌ cis 9 – trans 11 CLA မှာ ၇၀ရာခိုင်နှုန်းကျော်ပါဝင်လျက်ရှိနေပေသည်။




> **"အချို့လူများတွင် နို့နှင့်နို့ထွက်ပစ္စည်းများ စားသုံးပြီးနောက် လေပွခြင်း၊ ကြွက်တက်ခြင်း၊ အူရောင်ရောဂါနှင့် ဝမ်းလျှောရောဂါ စသည့်လက္ခဏာများ ဖြစ်ပေါ်လာသည့်အတွက် နို့နှင့်ဓာတ်မတည့်ဟု ယူဆကြပေသည်။ သို့သော် ၎င်းသည် ဓာတ်မတည့်တုံ့ပြန်မှု မဟုတ်ဘဲ lactose malabsorption (အောက်တွင် အသေးစိတ်ရှင်းလင်းဖော်ပြထားပါသည်) ဟု ခေါ်သော အခြေအနေတစ်ခု ဖြစ်ပေသည်"**

ဖက်တီးအက်စစ်အမျိုးမျိုးတွင် မတူညီသော ဇီဝဖြစ်စဉ်များရှိကြပြီး လူသားတို့၏ ကျန်းမာရေးအတွက် သက်ရောက်မှု အမျိုးမျိုး ရှိနိုင်ကြပါသည်။ ယေဘုယျအားဖြင့် trans ဖက်တီးအက်စစ်များသည် နှလုံးရောဂါဖြစ်နိုင်ခြေကိုများစေပြီး ကျန်းမာရေးအတွက် မကောင်းဟု ယူဆကြပါသည်။ သို့သော် ဟင်းသီးဟင်းရွက်ဆီများ ပြုပြင်ထုတ်လုပ်ခြင်းမှ ထွက်ရှိလာသော trans ဖက်တီးအက်စစ်များသည် နို့နှင့် အမဲသားတို့တွင် တွေ့ရသော တိရစ္ဆာန်အဆီ၌ ပါဝင်သည့် trans ဖက်တီးအက်စစ်များနှင့် အကျိုးသက်ရောက်ပုံ မတူညီကြပေ။

နို့တွင်ပါဝင်သော CLA သည် ရင်သားကင်ဆာဖြစ်ပွားခြင်းကို တားဆီးနိုင်ကြောင်း သိရှိရပြီး ဖြစ်ပေသည်။ ထို့ပြင် အရေပြား၊ အစာအိမ်နှင့် အူမကြီးကင်ဆာများကို တားဆီးရာတွင်လည်း ထိရောက်ကြောင်း တွေ့ရှိရပေသည်။ cis 9 – trans 11 CLA နှင့် trans 10 – cis 12 CLA isomers နှစ်ခုလုံးသည် ကိုယ်ခံစွမ်းအားကို တိုးပွားစေပြီး ရောင်ရမ်းမှုကို လျော့နည်းစေပါသည်။ ပလာစမာ ကိုလက်စထရော (plasma cholesterol)ကို လျော့ကျစေပြီး နှလုံးရောဂါဖြစ်ပွားမှုကို ဟန့်တားနိုင်ကြောင်း တွေ့ရှိရပေသည်။

နို့တွင်ပါဝင်သော CLA ပမာဏသည် တိရစ္ဆာန်အစာနှင့် နွားတစ်ကောင်ချင်းအပေါ်မူတည်၍ မတူညီကြပေ။ ယေဘုယျအားဖြင့် စားကျက်ဖြင့် မွေးမြူသောနွားများ၏ နို့တွင် ပါဝင်သော CLA သည် ရိက္ခာဖြည့်တင်းကာ လှောင်၍မွေးသော နွားများ၏နို့တွင် ပါဝင်မှုထက် ပိုမိုကြောင်း တွေ့ရှိရပေသည်။ CLA သည် နို့တွင်ပါဝင်သော အဆီ၌ တွေ့ရသည်ဖြစ်ရာ အဆီပါဝင်မှု မြင့်မားသော နို့ထွက် ပစ္စည်းများတွင် CLA ပိုမိုမြင့်မားစွာ ပါရှိနိုင်ပေသည်။

### ၅။ နို့သောက်သုံးခြင်းနှင့် နှလုံးသွေးကြောဆိုင်ရာရောဂါများ

နှလုံးသွေးကြောဆိုင်ရာရောဂါ (Coronary Heart Disease – CHD) သည် သွေးလွှတ်ကြောနံရံများ၌ ပုံမှန်မဟုတ်သည့် ချပ်ပြင်များ စုပြုံလာခြင်းကြောင့် သွေးလွှတ်ကြောများကျဉ်းလာပြီး နှလုံးကြွက်သားများထဲသို့ သွေးနှင့် အောက်ဆီဂျင် စီးဝင်မှုလျော့နည်းလာခြင်းကြောင့် ဖြစ်ပေါ်လာသောရောဂါ ဖြစ်ပေသည်။ အထီးများ၊ အသက်ကြီးသူများနှင့် မျိုးရိုးတွင် CHD ရောဂါရှိသူများတွင် ပိုမိုဖြစ်ပွားနိုင်ပြီး ဆေးလိပ်သောက်ခြင်း၊ သွေးပေါင်ချိန်မြင့်ခြင်း၊ အဝလွန်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းနှင့် သွေးအတွင်းကိုလက်စထရော မြင့်မားခြင်းစသည်တို့ကလည်း ရောဂါဖြစ်ပွားစေသည့် အချက်များဖြစ်ကြပေသည်။

စုစုပေါင်း သွေးကိုလက်စထရော (total blood cholesterol) ထဲတွင် lipoprotein သိပ်သည်းဆနည်းလေလေ CHD ဖြစ်နိုင်ခြေ ပိုမိုရှိလေဖြစ်ပြီး lipoprotein သိပ်သည်းဆ မြင့်မားလေလေ CHD ကို ပိုမိုကာကွယ်နိုင်လေလေ ဖြစ်ပေသည်။ သွေးအတွင်း triglceride (သို့မဟုတ်) triacylglycerol များလာခြင်းကလည်း CHD ပိုမိုဖြစ်နိုင် ကြောင်း တွေ့ရှိရပေသည်။ စားသုံးလိုက်သော အဆီပေါ် မူတည်၍ သွေးတွင်းကိုလက်စထရော ပါဝင်မှုကို သက်ရောက်ရာတွင် မတူညီကြပေ။ ပြည့်ဝဆီသည် သွေးတွင်းကိုလက်စထရောပါဝင်မှု မြင့်မားနိုင်ခြေ အများဆုံး ဖြစ်ကြောင်းတွေ့ရှိရပေသည်။ ကာဗွန်ကွင်းဆက် အလျားကလည်း ၎င်းအဆီ၏ သွေးတွင်း ကိုလက်စထရော တိုးပွားမှုအပေါ် လွှမ်းမိုးရာတွင် အရေးကြီး သော အခန်းကဏ္ဍမှ ပါဝင်လျက် ရှိနေပေသည်။ အတိုနှင့်အလတ်စားကွင်းဆက် ဖက်တီးအက်စစ် (ကာဗွန် ၁၀ လုံးနှင့် ၁၀ လုံးအောက်) များသည် သွေးတွင်းကိုလက်စထရောတိုးပွားမှုအပေါ် ရှည်လျားသော ကွင်းဆက်ရှိသည့် ဖက်တီးအက်စစ်များထက် သက်ရောက်မှုနည်းကြောင်း တွေ့ရှိရပေသည်။

နို့တွင်ပါဝင်သောအဆီသည် ပြည့်ဝဆီပါဝင်မှု အများဆုံးဟု သတ်မှတ်ထားရာ ခန့်မှန်းခြေအားဖြင့် ၆၅ ရာခိုင်နှုန်းသော ဖက်တီးအက်စစ်များသည် ပြည့်ဝဆီများဖြစ်ပြီး monounsaturated ဖက်တီးအက်စစ် ၃၀ ရာခိုင်နှုန်းနှင့် polyun-saturated ဖက်တီးအက်စစ် ၅ ရာခိုင်နှုန်း ပါဝင်လျက်ရှိနေပေသည်။ သွေးအတွင်း ကိုလက်စထရောနှင့်စပ်လျဉ်း၍ နို့တွင်ပါဝင်သော အဆီ၏ ၄၁ ရာခိုင်နှုန်းကသာ သွေးအတွင်း ကိုလက်စထရောကို တိုးပွားစေနိုင်ပေသည်။ ထို့ကြောင့် နှလုံးနှင့်သွေးကြော ဆိုင်ရာကျန်းမာရေးအတွက် အဆီမပါဝင်သော (သို့မဟုတ်) အဆီပါဝင်မှုနည်းသော နို့နှင့် နို့ထွက်ပစ္စည်းများကို စားသုံးရန် အကြံပြုရမည် ဖြစ်ပေသည်။

*စာမျက်နှာ ၁၁ သို့*

**"နို့ထုတ်လုပ်သူအချို့သည် လတ်ဆတ်သော နို့စိမ်းကို မကြာခဏသောက်သုံးလေ့ ရှိကြပေသည်။ သိပ္ပံနည်းကျ သက်သေပြနိုင်ခြင်း မရှိသော်လည်း နို့စိမ်းသောက်သုံး၍ ကြီးပြင်းလာသူများတွင် နို့စိမ်းကြောင့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများ ဖြစ်ပွားခြင်း မတွေ့ရပေ။ သို့သော် နို့စိမ်းနှင့် နို့စိမ်းထုတ်ကုန်များကြောင့် အချို့သူများ၌ ရောဂါလက္ခဏာများ ဖြစ်ပေါ်လာမှုများ တွေ့ရှိရပေသည်"**

*စာမျက်နှာ ၁၀ မှ*

### ၆။ နို့သောက်သုံးခြင်းနှင့် သွားပိုးစားခြင်း

သွားပိုးစားခြင်းသည် သွားကြွေတွင် ပါဝင်သော သတ္တုဓာတ် (mineral)များ ဆုံးရှုံးလာခြင်းကြောင့် သွားမျက်နှာပြင်၌ အပေါက်များ ဖြစ်ပေါ်လာခြင်းပင် ဖြစ်သည်။ တံတွေးသည် ခံတွင်းအတွင်း၌ ချဉ်ငန်နှုန်း(pH) မျှတစေရန် လုပ်ဆောင်ပေးလျက်ရှိရာ ချဉ်ငန်နှုန်း-(၇)၌ ထိန်းသိမ်းထားခြင်းဖြင့် သွားကြွေပေါ်တွင် ကယ်လ်ဆီယမ်နှင့် ဖော့စဖရပ်စ်များ စုပြုံနေစေပြီး သွားပိုးစားခြင်းမှ ကာကွယ်ပေးလျက် ရှိနေပါသည်။ သွားကြွေပေါ်ရှိ သတ္တုဓာတ်များ ဆုံးရှုံးခြင်းက ပိုမိုဖြစ်ပွားလာသောအခါ သွားပိုးစားခြင်း ဖြစ်ပေါ်လာပေသည်။ ခံတွင်းအတွင်းရှိ ဗက်တီးရီးယား များကြောင့် သကြားများ အချဉ်ပေါက်ကာ ချဉ်ငန်နှုန်း-(၅ ဒသမ ၅)အထိ ကျဆင်းသွားရာမှတစ်ဆင့် သွားကြွေတွင် သတ္တုဓာတ်ဆုံးရှုံးမှုကို ဖြစ်ပေါ်လာစေပါသည်။

နို့တွင် သကြားဓာတ် lactose ပါရှိသော်လည်း အခြားသကြားဓာတ်များကဲ့သို့ သွားဘက် ဆိုင်ရာရောဂါများကို ဖြစ်ပွားစေနိုင်ခြင်း မရှိပေ။ သုတေသနများအရ နို့ထွက်ပစ္စည်းများ (အထူးသဖြင့် ဒိန်ခဲ) သည် သွားပိုးစားခြင်းကို ကာကွယ်နိုင်ကြောင်း တွေ့ရှိရပေသည်။ နို့ပရိုတင်းတွင် ကယ်လစီယမ်နှင့် ဖော့စဖရပ်စ်များစွာ ပါဝင်လျက်ရှိရာ နို့သောက်သုံးခြင်းအားဖြင့် သွားကြွေတွင် ထိုသတ္တုဓာတ်များ စုဝေးလာစေပါသည်။ နို့နှင့်ဒိန်ခဲများ စားသုံးခြင်းအားဖြင့် ပါးစပ်အတွင်း ချဉ်ငန်နှုန်းကို ထိန်းညှိပေးခြင်းက သွားပိုးစားခြင်း အန္တရာယ်မှ ကာကွယ်တားဆီးပေးနိုင်ပေသည်။

### ၇။ နို့သောက်သုံးခြင်းနှင့် ဆီးချိုရောဂါ

ဆီးချိုရောဂါသည် ကာဘိုဟိုက်ဒရိတ်ဇီဝဖြစ်စဉ်၏ ရောဂါတစ်ခုဖြစ်ပေသည်။ အမျိုးအစား ၁ ဆီးချိုရောဂါသည် အင်ဆူလင်ထုတ်လုပ်နိုင်စွမ်းမရှိခြင်းကြောင့်ဖြစ်ရာ အင်ဆူလင်ထိုးဆေးများ ထိုးခြင်းဖြင့် ကာကွယ်ထိန်းချုပ်နိုင်ပါသည်။ အမျိုးအစား ၂ ဆီးချိုရောဂါသည် အင်ဆူလင်ကို တုံ့ပြန်မှု မပြုနိုင်ခြင်းကြောင့်ဖြစ်ကာ ပုံမှန်အားဖြင့် အရွယ်ရောက်သူများတွင် ဖြစ်ပွားလေ့ရှိပြီး အစားအသောက်ပုံစံနှင့် လေ့ကျင့်ခန်းပြုလုပ်ခြင်းတို့ဖြင့် ကာကွယ်နိုင်ပါသည်။

နို့သောက်သုံးခြင်းသည် ကလေးဘဝတွင် ဆီးချိုရောဂါကို ဖြစ်စေသည်ဟုဆိုသော လေ့လာမှုအချို့ရှိနေသော်လည်း အတည်ပြုနိုင်ခြင်း မရှိသေးပေ။ လေ့လာမှုများအရ နို့ထွက်ပစ္စည်း ပိုမိုစားသုံးသောသူများသည် အမျိုးအစား၂ဆီးချိုရောဂါဖြစ်ပွားမှုနှုန်းနည်းသည်ဟုဆိုရာ နို့တွင်ပါဝင်သော ကယ်လ်ဆီယမ်သည် သွေးတိုးရောဂါမှ ကာကွယ်နိုင်သည့်အတွက် ဆီးချိုရောဂါကို ကာကွယ်နိုင်ခြင်း ဖြစ်နိုင်ပေသည်။

### ၈။ နို့သောက်သုံးခြင်းနှင့် သွေးတိုးရောဂါ

သွေးတိုးရောဂါသည် သွေးအတွင်းဖိအား မြင့်တက်လာခြင်းကြောင့် ဖြစ်ပေါ်လာသော ရောဂါဖြစ်သည်။ သွေးပေါင်ချိန် မြင့်တက်လာခြင်းသည် နှလုံးရောဂါ၊ လေဖြတ်ခြင်းနှင့် ကျောက်ကပ်ရောဂါများ ဖြစ်နိုင်ခြေကို ပိုမိုမြင့်တက်သွားစေပါသည်။ သွေးပေါင်ချိန် မြင့်တက်လာခြင်းသည် အချို့သောလူများတွင် အဝလွန်ခြင်း၊ အထိုင်များခြင်းနှင့် ဆိုဒီယမ်ပါဝင်မှုများသော အစားအစာများစားသုံးခြင်း စသည့်လူနေမှုပုံစံများကြောင့် ဖြစ်ပေသည်။ ကယ်လ်ဆီယမ်၊ ပိုတက်စီယမ်နှင့် မဂ္ဂနီစီယမ်တို့ကို မျှတစွာ စားသုံးခြင်းသည် သွေးပေါင်ချိန်မြင့်မားမှုကို လျှော့ချနိုင်သည့်အတွက် ကယ်လစီယမ်၊ ပိုတက်စီယမ်နှင့် မဂ္ဂနီဆီယမ် ရင်းမြစ်ကောင်းတစ်ခုဖြစ်သည့် အဆီနည်းသော နို့နှင့် နို့ထွက်ပစ္စည်းများကို စားသုံးခြင်းက သွေးပေါင်ချိန်မြင့်မားမှုကို ကာကွယ်နိုင်ပေသည်။

Angiotensin–I–converting အင်ဇိုင်း (ACE) သည် ခန္ဓာကိုယ်အတွင်းရှိ အရည်နှင့် လျှပ်စစ်ဓာတ်များကို မျှတအောင်ထိန်းညှိခြင်းဖြင့် သွေးပေါင်ချိန်ကို အကျိုးသက်ရောက်စေရာ ACE ၏ လုပ်ဆောင်ချက်အား တားဆီးခြင်းဖြင့် သွေးပေါင်ချိန်ကို ထိန်းချုပ်နိုင်ပေသည်။ နို့တွင်ပါဝင်သော casein နှင့် ဘိုင်အိုပရိုတင်းများ၌ တွေ့ရသည့် bioactive peptides များက ACE လှုပ်ရှားမှုကို တားဆီးကာ သွေးပေါင်ချိန်ကို လျှော့ချပေးနိုင်ကြောင်း တွေ့ရှိရပေသည်။

### ၉။ နို့သောက်သုံးခြင်းနှင့် သကြားဓာတ် Lactose ကို ခံနိုင်ရည်မရှိခြင်း

lactose ကို ချေဖျက်ရာမှ လေပွခြင်း၊ ဝမ်းဗိုက်ကြွက်သားနာကျင်ခြင်း၊ ဝမ်းဖောဝမ်းရောင်ဖြစ်ခြင်း၊ ဝမ်းပျော့ပျော့သွားခြင်းစသည့် အစာချေဖျက်မှုဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်လာစေနိုင်ပါသည်။ ဤရောဂါလက္ခဏာများသည် နို့ကို ခံနိုင်ရည်မရှိခြင်းကြောင့်သာမက အခြားအချက်များစွာ ရှိနေပါသေးသည်။

lactose သည် သကြားဓာတ်ဖြစ်ပြီး နို့ကိုထူးခြားစေသော အရာတစ်ခုဖြစ်ပေသည်။။ lactose ကို ချေဖျက်ရန်အတွက် အစာချေအင်ဇိုင်း lactase (ß–galactosidase) လိုအပ်ပါသည်။ နို့သည် ကလေးသူငယ်များအတွက် တစ်ခုတည်းသော အစားအစာဖြစ်ပေရာ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးတိုးတက်စေရန် နို့တွင် ပါဝင်သော lactose ကို မဖြစ်မနေ ချေဖျက်နိုင်ရမည် ဖြစ်ပေသည်။ ကလေးအချို့မှအပ ကလေးအများစုသည် ၎င်းတို့၏ အစာချေဖျက်မှုစနစ်တွင် lactase ပမာဏလုံလောက်စွာ ထုတ်လုပ်နိုင်စွမ်းဖြင့် မွေးဖွားလာကြပါသည်။ အသက်ကြီးလာသည်နှင့်အမျှ lactase အင်ဇိုင်းထုတ်လုပ်နိုင်စွမ်း လျော့နည်းသွားရာ ၎င်းကို lactase nonpersistence ဟု ခေါ်ပါသည်။ သို့သော် လူအများစုသည် အရွယ်ရောက်သည်အထိ အူအတွင်း၌ lactase ၏ လုပ်ဆောင်မှုအချို့ကို ဆက်လက်ထိန်းသိမ်းထားကြပါသည်။ ထိုသို့ ဆက်လက်ထိန်းသိမ်းထားသူတို့သည် နို့နှင့် နို့ထွက်ပစ္စည်းများကို စားသုံးပြီးသောအခါ ၎င်းတို့၏ အစာချေစနစ်တွင် lactase ၏ လုပ်ဆောင်ချက်များ လိုအပ်သည်ထက် ပိုမိုကျော်လွန်လာကြပြီး အထက်တွင် ဖော်ပြခဲ့သော အစာချေဖျက်မှုဆိုင်ရာလက္ခဏာများ ဖြစ်ပေါ်လာပေသည်။ ၎င်းကို lactose malabsorption ဟုခေါ်ပေသည်။

လူတစ်ဦးချင်းအပေါ်မူတည်၍ lactose ကို ချေဖျက်နိုင်စွမ်း မတူညီကြသကဲ့သို့ ရောဂါလက္ခဏာပြင်းထန်မှုနှင့် ရောဂါလက္ခဏာများအပေါ် တုံ့ပြန်မှုမှာလည်း မတူညီကြပေ။ နို့ထွက်ပစ္စည်းများ တွင်တွင်ကျယ်ကျယ်သုံးစွဲခြင်းမရှိသည့် နိုင်ငံများတွင် lactose malabsorption ပိုမိုဖြစ်ပွားမှုရှိကြောင်း တွေ့ရှိရပေရာ အာရှနိုင်ငံများတွင် ၁၀၀ ရာခိုင်နှုန်းနီးပါး၊ တောင်အမေရိကနှင့် အာဖရိကတွင် ၅၀ ရာခိုင်နှုန်းအထက်၊ မက္ကဆီကန်–အမေရိကန်တို့တွင် ၅၃ ရာခိုင်နှုန်းနှင့် အာဖရိကန်–အမေရိကန်တို့တွင် ၈၀ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပေသည်။

လူအများစုက ၎င်းတို့သည် lactose ကို ခံနိုင်ရည်မရှိဟု ထင်ကြသော်လည်း သင့်လျော်သော ပမာဏတစ်ခုအထိ ချေဖျက်နိုင်ကြပေသည်။ နို့နှင့် နို့ထွက်ပစ္စည်းများကို ကောင်းစွာ ချေဖျက်နိုင်ခြင်းမရှိသည်မှာ အခြားအူသိမ်အူမ ရောဂါများကြောင့်လည်း ဖြစ်နိုင်ပါသည်။ များစွာသော လူတို့သည် lactose ကို ခံနိုင်ရည်မရှိဟု ထင်ကြသည့်အတွက် နို့ထွက်ပစ္စည်း ပါဝင်သော အစားအစာများကို ရှောင်ကြဉ်ကြရာ ကယ်လ်စီယမ်၊ ပိုတက်စီယမ်၊ မဂ္ဂနီစီယမ်နှင့် အခြားသတ္တုဓာတ်များနှင့် ဗီတာမင်စားသုံးမှု လျော့နည်းလာပြီး အရိုးကျန်းမာရေး၊ သွေးတိုးရောဂါနှင့် အခြားရောဂါများကို ဖြစ်ပေါ်လာစေနိုင်ပေသည်။

lactose ကို ကောင်းစွာမချေဖျက်နိုင်သောသူများအတွက် နို့ထွက်ပစ္စည်းများကို စားသုံးနိုင်သော နည်းဗျူဟာ များစွာရှိပေသည်။ တစ်ကြိမ်လျှင် နို့ထွက်ပစ္စည်း အနည်းငယ်ကိုသာ စားသုံးခြင်းဖြင့် lactase သည် lactose ကို ကောင်းစွာချေဖျက်နိုင်မည်ဖြစ်ပါသည်။ အခြားအစားအစာ တစ်ခုခုနှင့်အတူတွဲ၍ စားသုံးခြင်းက အစာအိမ်ထဲတွင် အစာမရှိခြင်းကို တားဆီးနိုင်ပြီး အစာအိမ်မှ ၎င်းအစာများကို ချေဖျက်နေရသည့်အတွက် lactose သည် အချိန်ကြာမြင့်မှ အူသိမ်သို့ ရောက်ရှိနိုင်ပြီး မလိုအပ်ဘဲ lactase များစွာထွက်ခြင်းကို တားဆီးနိုင်ပေသည်။ နို့ထွက်ပစ္စည်းများကို ပမာဏနည်းနည်းနှင့် ခဏခဏ စားသုံးခြင်းက lactase ကို မလိုအပ်ဘဲ တိုးပွားလာစေခြင်း မရှိသည့်အပြင် အစာချေစနစ်ကို တဖြည်းဖြည်း ပြောင်းလဲလာစေသည့်အတွက် မနှစ်သက်ဖွယ်သော အစာချေဖျက်မှုဆိုင်ရာပြဿနာ လက္ခဏာများကို လျော့နည်းသွားစေနိုင်ပါသည်။ ဒိန်ချဉ်နှင့် ဒိန်ခဲကဲ့သို့ အချဉ်ဖောက်ထားသည့် နို့ထွက်ပစ္စည်းများတွင် lactose ကို lactic acid ဘက်တီးရီးယားများက တစ်စိတ်တစ်ပိုင်းအားဖြင့် ချေဖျက်ထားသည့်အတွက် lactose ပါဝင်မှုနည်းပါးပေသည်။ ထို့အပြင် ဈေးကွက်တွင် lactose ပါဝင်မှု လျှော့ချထားသော နို့ထွက်ပစ္စည်းများကိုလည်း ဝယ်ယူရရှိနိုင်ပါသည်။ နို့ထွက်ပစ္စည်းများ မစားသုံးမီ lactase ကို ဆေးပုံစံကြိုတင်သောက်သုံးထားခြင်းဖြင့်လည်း အစာချေရာတွင် လွယ်ကူစေနိုင်ပါသည်။

### ၁၀။ နို့သောက်သုံးခြင်းနှင့် အရိုးပွရောဂါ

အရိုးပွရောဂါသည် အရိုး၏လုပ်ဆောင်ချက် ကျဆင်းလာခြင်းနှင့် အရိုးတစ်သျှူးများ ပျက်စီးလာခြင်းကြောင့် ဖြစ်ပေါ်လာသော ရောဂါဖြစ်ပေသည်။ ရောဂါဖြစ်ပွားရခြင်း၏ အကြောင်းရင်းများတွင် မျိုးရိုးဗီဇ၊ ကျား/မ၊ လေ့ကျင့်ခန်းပြုလုပ်ခြင်းနှင့် စားသောက်မှုပုံစံတို့ ပါဝင်ပြီး အရိုးကြီးထွားမှုဖြစ်စဉ်ပေါ်တွင် အဓိကမူတည်နေပေသည်။ အရိုးတည်ဆောက်မှု အင်အားအကောင်းဆုံးအချိန်တွင် ကယ်လ်စီယမ်၊ ဖော့စဖောရပ်စ် အစရှိသော သတ္တုဓာတ်များဖြင့် ထုထည်များများ ပိုမိုပါဝင်တည်ဆောက်နိုင်လေလေ၊ အရိုးပွရောဂါ ဖြစ်နိုင်ခြေနည်းလေလေ ဖြစ်ပေသည်။ အမျိုးသမီးများသည် အမျိုးသားများထက် အရိုးပွရောဂါ ဖြစ်ပွားလေ့ရှိပြီး ကော့ကေးဆပ်နှင့် အာရှသားများသည် အာဖရိကန်လူမျိုးများထက် အရိုးပွရောဂါဖြစ်ပွားမှုနှုန်း နည်းပါးကြပေသည်။

အရိုးသည် ပရိုတင်း ၅၀ ရာခိုင်နှုန်း၊ ကယ်လ်စီယမ်ဖော့စဖိတ် ၅၀ ရာခိုင်နှုန်းခန့်ဖြင့် ဖွဲ့စည်းထားပြီး ခန္ဓာကိုယ်အတွက် ကယ်လ်စီယမ်များထုတ်ပေးရာ သိုလှောင်ကန်တစ်ခု ဖြစ်ပေသည်။ သွေးအတွင်း ကယ်လ်ဆီယမ်ဓာတ်ပါဝင်မှုကို စနစ်တကျ ထိန်းချုပ်ခြင်း၊ သတ္တုဓာတ်များကို ခန္ဓာကိုယ်သို့ ထောက်ပံ့ပေးခြင်းနှင့် အရိုးအသစ်ပြုပြင်တည်ဆောက်မှု လုပ်ဆောင်ပေးခြင်း စသည့်လုပ်ဆောင်မှုများ ဆောင်ရွက်ပေးလျက် ရှိပေသည်။ ထို့ကြောင့် စားသုံးလိုက်သော အစားအစာ၌ အာဟာရဓာတ် လုံလောက်စွာမပါရှိက အရိုးနှင့်ပတ်သက်သည့် ပြဿနာများ ဖြစ်ပေါ်လာနိုင်ပေသည်။

အရိုးပွရောဂါကို သက်ကြီးရွယ်အိုရောဂါဟု ခေါ်ဆိုနိုင်သော်လည်း ကလေးဘဝနှင့် လူငယ်ဘဝအခြေအနေများက သတ်မှတ်ထိန်းချုပ်နိုင်ပေသည်။ ကလေးဘဝနှင့် လူငယ်ဘဝများတွင် အရိုးတည်ဆောက်မှု အမြင့်ဆုံး၊ အကောင်းဆုံးလုပ်ဆောင်နိုင်ခြင်းဖြင့် အရိုးပွရောဂါကို အကောင်းဆုံး ကာကွယ်နိုင်ပေရာ ဤကာလများအတွင်း ကယ်လ်စီယမ် လုံလောက်စွာ စားသုံးနိုင်ရန် အရေးကြီးလှပေသည်။ ကယ်လ်ဆီယမ်သည် အရိုးပြန်လည် ပြုပြင်ရန် ထောက်ပံ့ပေးပြီး အရိုးဆုံးရှုံးမှုကို နှေးကွေးစေနိုင်ပေသည်။ ကယ်လ်ဆီယမ်ကို နို့နှင့် နို့ထွက်ပစ္စည်းများမှ အဓိကရရှိနိုင်ပြီး သစ်သီးဖျော်ရည်များနှင့် ဖြည့်စွက်ဆေးများကဲ့သို့ အခြားအရင်းအမြစ်များမှလည်း ရရှိနိုင်ပေသည်။ ထို့အပြင် နို့နှင့် နို့ထွက်ပစ္စည်းများမှ အရိုး၏ ကယ်လ်ဆီယမ် စုပ်ယူမှုကို ထိန်းညှိပေးနိုင်သည့် ဗီတာမင် D နှင့် ဖော့စဖရပ်စ်၊ ပရိုတင်း၊ မဂ္ဂနီစီယမ်နှင့် သွပ်စသည့် အရိုးဇီဝဖြစ်စဉ်၌ လိုအပ်သော အခြားသတ္တုဓာတ်များစွာကို ရရှိနိုင်ပေသည်။ ကယ်လ်စီယမ် ပိုမိုပါဝင်သည့် နို့နှင့် နို့ထွက်ပစ္စည်းများကို စားသုံးခြင်းဖြင့် အရိုးတို့၏ လုပ်ဆောင်မှုကို ပိုမိုကောင်းမွန်စေနိုင်မည် ဖြစ်ပေသည်။

### ၁၁။ နို့သောက်သုံးခြင်းနှင့် အကျိုးပြုဗက်တီးရီးယားများ (Probiotics)

Probiotic များသည် သက်ရှိဗက်တီးရီးယားများဖြစ်ပြီး သင့်တင့်မျှတသော ပမာဏကို စားသုံးခြင်းဖြင့် ကျန်းမာရေးအတွက် ကောင်းမွန်စေပါသည်။ ၎င်းတို့ကို အမှုန့်များ၊ ဆေးတောင့်များ (သို့မဟုတ်) အစားအစာများတွင် ထည့်သွင်းစားသုံးခြင်း စသည်ဖြင့် အသုံးပြုနိုင်ပါသည်။ အများအားဖြင့် probiotic ဗက်တီးရီးယားများသည် lactic acid ဗက်တီးရီးယားများဖြစ်ပြီး နို့နှင့် နို့ထွက်ပစ္စည်းများဖြင့် ဆက်စပ်နေပါသည်။ ဒိန်ချဉ်သည် probiotic အသုံးပြုထားသော အစားအစာတစ်မျိုးဖြစ်ပေသည်။ probiotic အသုံးပြုခြင်း၏ ရည်ရွယ်ချက်မှာ အကျိုးပြု ဗက်တီးရီးယားများ ခန္ဓာကိုယ်အတွင်း၌ အသက်ရှင်နေထိုင်ကာ ကျန်းမာရေးအတွက် လုံလောက်သော ပမာဏအထိ ပွားများနေစေရန် ဖြစ်ပေသည်။

Probiotic သည် အစာအိမ်နှင့် အူလမ်းကြောင်းကို အထူးကောင်းမွန်စေပြီး သကြားဓာတ် lactose ကို ခံနိုင်ရည်မရှိခြင်းအား သက်သာစေကာ ဝမ်းလျှောခြင်း၊ အူသိမ်အူမရောင်ရမ်းခြင်းများကို ကုသရန်၊ အူမကြီးကင်ဆာကို ကာကွယ်ရန် ကူညီပေးပါသည်။ ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးပြီး အချို့ဓာတ်မတည့် တုံ့ပြန်ခြင်းများကို လျှော့နည်းစေပါသည်။ Heliobacter pylori ရောဂါကို တားဆီးနိုင်ပြီး သားအိမ်ခေါင်းကျန်းမာရေးကို ကောင်းမွန်စေနိုင်ပေသည်။ အူအတွင်းရှိ microflora ကို ညီညွတ်မျှတစေကာ အကျိုးပြုဗက်တီးရီးယားများ ပေါက်ပွား ရှင်သန်စေခြင်း၊ အစာအိမ်နှင့် အူလမ်းကြောင်း ချဉ်ငန်ဓာတ်ကို ထိန်းသိမ်းခြင်း၊ lactase နှင့် အခြားအင်ဇိုင်းများ၏ လုပ်ဆောင်မှုများကို ဖြစ်ပေါ်လာစေခြင်း၊ ပဋိဇီဝဆေးအာနိသင်ရှိသော bacteriocin နှင့် organic acid ကဲ့သို့ အရာများကို ထုတ်လုပ်ပေးခြင်း စသည်တို့ကို လုပ်ဆောင်ပေးနိုင်ပေသည်။

### ၁၂။ နို့စိမ်း သောက်သုံးခြင်း

နို့ထုတ်လုပ်သူအချို့သည် လတ်ဆတ်သော နို့စိမ်းကို မကြာခဏသောက်သုံးလေ့ ရှိကြပေသည်။ သိပ္ပံနည်းကျ သက်သေပြနိုင်ခြင်း မရှိသော်လည်း နို့စိမ်းသောက်သုံး၍ ကြီးပြင်းလာ သူများတွင် နို့စိမ်းကြောင့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများ ဖြစ်ပွားခြင်း မတွေ့ရပေ။ သို့သော် နို့စိမ်းနှင့် နို့စိမ်းထုတ်ကုန်များကြောင့် အချို့သူများ၌ ရောဂါလက္ခဏာများ ဖြစ်ပေါ်လာမှုများ တွေ့ရှိရပေသည်။

ကျန်းမာသောနွားများမှ သန့်ရှင်းစွာ ထုတ်လုပ်ထားသော နို့ဖြစ်သော်လည်း လယ်ယာပတ်ဝန်းကျင်မှ ရောဂါပိုးများသည် နို့စိမ်းတွင် ပါဝင်နိုင်ပေသည်။ အရွယ်ရောက်သူများသည် နို့စိမ်းသောက်သုံး၍ ပြဿနာမရှိနိုင်သော်လည်း ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် နို့နှင့် ပတ်သက်၍ ကိုယ်ခံစွမ်းအားစနစ် မကောင်းသူများ သောက်သုံးပါက ပြင်းထန်သောရောဂါများ ဖြစ်ပွားနိုင်ပေသည်။ အထူးသဖြင့် နို့စိမ်းသောက်သုံးသော ကလေးငယ်များတွင် E. coli 0157: H7 ရောဂါဖြစ်ပွားမှု အများအပြားတွေ့ရပြီး ၎င်းရောဂါသည် မပျောက်ကင်းတော့ဘဲ သေရာပါ ရောဂါအဖြစ် တွေ့ရနိုင်ပေသည်။

အပူပေးပိုးသတ်ခြင်းနည်းလမ်းသည် နို့တွင် ပါဝင်သော နို့အဆီ၊ ပရိုတင်း၊ lactose၊ ဗီတာမင်နှင့် သတ္တုဓာတ် တို့၏ အာဟာရတန်ဖိုးကို ပြောင်းလဲစေနိုင်သော်လည်း နို့လုပ်ငန်းများ၌ ပုံမှန်အသုံးပြုနေသော အပူပေးပိုးသတ်ခြင်းသည် နို့အဆီ၊ ပရိုတင်း၊ lactose၊ သတ္တုဓာတ်များနှင့် အဆီတွင်ပျော်ဝင်နိုင်သည့် ဗီတာမင်များ၏ အာဟာရတန်ဖိုးကို မထိခိုက်စေပါ။ စည်သွပ်ဘူးကဲ့သို့သော ကြာရှည်ခံရန် လိုအပ်သည့် အချို့နို့ထွက်ပစ္စည်း ထုတ်ကုန်များအတွက် ပိုသောအပူချိန်လိုအပ်ရာ ၎င်းနို့ထွက်ပစ္စည်းထုတ်ကုန်များတွင်မူ အာဟာရတန်ဖိုး ပြောင်းလဲမှုရှိနိုင်ပေသည်။

အချုပ်အားဖြင့်ဆိုရသော် နို့သည် ကျန်းမာရေးအတွက် အထူးကောင်းမွန်သော အာဟာရ ရင်းမြစ်တစ်ခုဖြစ်ပေရာ မိမိတို့နေ့စဉ် စားသုံးနေသော အစားအစာများတွင် ထည့်သွင်း စားသုံးသင့်လှပေသည်။ နို့နှင့်ပတ်သက်၍ ပြင်းထန်သော ဓာတ်မတည့်တုံ့ပြန်မှုရှိသည့် အချို့သောသူများမှအပ နို့သောက်သုံးခြင်းအားဖြင့် ကင်ဆာရောဂါအချို့ကို ကာကွယ်နိုင်ခြင်း၊ သွားပိုးစားခြင်းမှ ကာကွယ်နိုင်ခြင်း၊ ဆီးချိုနှင့် သွေးတိုးရောဂါများကို ကာကွယ်နိုင်ခြင်း၊ အရိုးပွရောဂါဖြစ်ပွားမှုကို တားဆီးပေးနိုင်ခြင်း၊ အစာအိမ် အူလမ်းကြောင်းကို ကျန်းမာစေခြင်းစသည့် အကျိုးကျေးဇူးများစွာ ရရှိနိုင်သည်ဖြစ်ရာ သင့်လျော်သောပမာဏ၊ မှန်ကန်သောစားသောက်မှုပုံစံတို့ဖြင့် ချင့်ချိန်ကာ စားသုံးသင့်လှပေသည်။ ။

– MilkFacts Website မှ Milk and Human Health ကို သင့်လျော်အောင် ဘာသာပြန်ပါသည်။ Link: ***http://www.milkfacts.info/Nutrition%20Facts/Milk%20and%20Human%20Health.htm***

– ကျမ်းကိုးစာရင်း: Annika Smedman (2005). Milk Fat intake and conjugated linoleic acid (CLA) supplementation: Dietary Markers and associations to clinical and Biochemical Characteristics. Food and Nutrition Research. 49(3): 131–132.

# စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လွယ်ကူချောမွေ့စေရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကျင်းပသည်။ **(ဓာတ်ပုံ)**

ညှိနှိုင်းဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ယနေ့ပြုလုပ်သည့် အစည်းအဝေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် ဝိုင်းဝန်းဆွေးနွေးအဖြေရှာနိုင်ရေး ကျင်းပခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ကို ကာလတိုသာ တာဝန်ယူမှာဖြစ်သည့်အတွက် တာဝန်ယူစဉ်ကာလအတွင်းမှာ နိုင်ငံ့စီးပွားရေးလုပ်ငန်းများ လွယ်ကူ ချောမွေ့စေရေးကို အဓိကထား ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြည်သူလူထုသို့ ပြောကြားသည့် မိန့်ခွန်းတွင် နိုင်ငံ့စီးပွားရေးကို အမြန်ဆုံးဦးမော့လာစေရေး၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများအား ကြိုဆိုဖိတ်ခေါ်ရေး၊ မြန်မာနိုင်ငံ၏ မိတ်ဖက်နိုင်ငံများနှင့် မြန်မာနိုင်ငံကို စိတ်ဝင်စားသော နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ယခင်သဘောတူညီချက်များကို ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ ယခင်အစိုးရက မူအားဖြင့် သဘောတူထားသည့် ခွင့်ပြုမိန့် စောင့်ဆိုင်းနေသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုလည်း အမြန်ခွင့်ပြုချက်ရရှိရေး၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်အမြန်တင်ပို့နိုင်ရေး စသည့်စီးပွားရေးဆိုင်ရာ လုပ်ငန်းစဉ်များပါရှိခဲ့ပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် တစ်ကမ္ဘာလုံး စီးပွားရေးကျဆင်းနေချိန်တွင် မြန်မာနိုင်ငံလည်းအပါအဝင်ဖြစ်သောကြောင့် စီးပွားရေးအမြန်ဆုံးနာလန်ထူနိုင်ဖို့ကိုလည်း ကြိုးပမ်းဆောင်ရွက်သွားဖို့ လမ်းညွှန်ထားပါကြောင်း၊ လက်ရှိ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများထဲမှ လက်တွေ့မကျသော၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အဟန့်အတားဖြစ်စေသော ကိစ္စရပ်များကိုသာ သေချာစွာ လေ့လာသုံးသပ်ပြီး ပြင်ဆင်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

### သတ်မှတ်ဆောင်ရွက်သွားမည်

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးအစီအစဉ်များ ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများ ပြေပြစ်သွက်လက်ရေး၊ ဌာနတွင်းလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် အချိန်ကြန့်ကြာမှုလျှော့ချရေး၊ သက်ဆိုင်ရာဌာနများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးတို့ကို အဓိကထားကာ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းများ ချောမွေ့စေဖို့ ဆောင်ရွက်မည့် Streamlining and Simplifying Procedures ဖြစ်သည့် လုပ်ထုံးလုပ်နည်းအဆင့်များ လျှော့ချကာ ရိုးရှင်းလွယ်ကူစေရေးနည်းလမ်း၊ ဌာနအသီးသီး၏ လုပ်ငန်းစဉ်များ၊ ဝန်ဆောင်မှုများကို Online ဝန်ဆောင်မှု ဖြစ်နိုင်သလောက်ရနိုင်အောင် လုပ်ဆောင်မည့် Maximizing Online Services နည်းလမ်း၊ ရင်းနှီးမြှုပ်နှံထားပြီးသူများ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများကို ပံ့ပိုးကူညီဖြေရှင်းဆောင်ရွက်ပေးမည့် Assuring aftercare services နည်းလမ်း၊ လုပ်ထုံးလုပ်နည်း စည်းမျဉ်းများကြောင့် စီးပွားရေးလုပ်ငန်းများအပေါ် ဖိစီးမှု ဖြစ်ပေါ်နေခြင်းကို လျှော့ချရန် လုပ်ဆောင်မည့် Reducing Regulatory Burden နည်းလမ်းနှင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် သိသင့်သိထိုက်သော သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ပွင့်လင်းမြင်သာစွာ သိရှိနိုင်စေရန် ဆောင်ရွက်သွားမည်ဖြစ်သလို အစိုးရ-ပုဂ္ဂလိက တွေ့ဆုံဆွေးနွေးမှုများကို လိုအပ်သလို စီစဉ်ဆောင်ရွက်သွားမည့် Transparency Enhancement နည်းလမ်းကို ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အတိုကောက်အားဖြင့် SMAR T Programme အဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြား သည်။




ထို့အပြင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ခွင့်ပြုပေးရာ၌ သက်ဆိုင်ရာဌာနများသို့ သဘောထားမှတ်ချက်များ တောင်းခံခြင်း၊ ထောက်ခံချက်တောင်းခံခြင်းကို ဖြေလျှော့မည် ဖြစ်ကြောင်း၊ မဖြစ်မနေ လိုအပ်သည့်ကိစ္စရပ်များအတွက် တောင်းခံလာပါကလည်း သက်ဆိုင်ရာဌာနများက ဆောလျင်စွာ ပြန်ကြားပေးကြရန်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ လွယ်ကူလျင်မြန် ချောမွေ့စေရေးကို အမြန်ဆုံး ဆောင်ရွက်သွားမည်ဖြစ်ရာ ချက်ချင်းဆောင်ရွက်မည့် လုပ်ငန်းများကိုလည်း စီစဉ်ထားပါကြောင်း၊ ပထမလုပ်ငန်းစဉ်မှာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ ယခင်က ရေးဆွဲထားပြီးဖြစ်သည့် စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများ (Standard Operating Procedure – SOP) ကို ပြန်လည်သုံးသပ်ပြီး ထပ်မံဖြေလျှော့ပေးနိုင်မည့် အစီအစဉ်များဖြင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်ရေးအတွက် ဝန်ကြီးဌာနများနှင့် အမြန်ဆုံးညှိနှိုင်းသွားရန် ဆောင်ရွက်ထားရှိပါကြောင်း။

### ဖြည့်စွက်ဖွဲ့စည်းသွားမည်

ဒုတိယအနေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့ (One Stop Service – OSS) စင်တာကို အောင်မြင်နေသော သီလဝါအထူးစီးပွားရေးဇုန်မှ OSS ကဲ့သို့ ပြုပြင်စုဖွဲ့ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ OSS များတွင် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ပေးထားသော အရာရှိကြီးများအနေဖြင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းက ကျင့်သုံးလျက်ရှိသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ပိုင်ခွင့်ကိုအပြည့်အဝ အပ်နှင်းပြီး လုပ်ဆောင်နိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့မှသာ ထိရောက်ပြီး၊ စွမ်းဆောင်ရည် မြင့်မားသည့် OSS ဖြစ်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းလိုအပ်ချက်အရ အမှန်တကယ် လိုအပ်သည့်ဌာနတွေများ ထပ်မံဖွဲ့စည်းရန် လိုအပ်ပါက ဖြည့်စွက်ဖွဲ့စည်းသွားမည် ဖြစ်ပါကြောင်း။

### ညှိနှိုင်းဆောင်ရွက်သွားမည်

တတိယလုပ်ငန်းစဉ်အနေဖြင့် စီးပွားရေးလုပ်ငန်းများ ထူထောင်လုပ်ကိုင်ရာတွင် မဖြစ်မနေ ရယူရန်လိုအပ်သည့် လိုင်စင်၊ ပါမစ်နှင့် ခွင့်ပြုမိန့်ကိစ္စများကို ပြန်လည်သုံးသပ်ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ လိုင်စင်၊ ပါမစ်များကိုကြည့်မည်ဆိုလျှင် တချို့မှာ စီးပွားရေးလုပ်ငန်းနယ်ပယ်အတွက် စိစစ်ဆောင်ရွက်ရန် လိုအပ်ချက်ရှိသောကြောင့်လည်းကောင်း၊ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများအရလည်းကောင်း လိုအပ်သည့် လိုင်စင် အမျိုးအစား ဖြစ်ပါကြောင်း၊ အချို့လိုင်စင်၊ ပါမစ် စသည်တို့မှာ နိုင်ငံ့အတွက်၊ လုပ်ငန်းကဏ္ဍနယ်ပယ်အတွက် ထိခိုက်မှုများစွာ မရှိနိုင်သလို အန္တရာယ်မရှိသလောက် နည်းပါးသည့် (Low Risk) အခြေအနေမျိုးလည်းရှိပါကြောင်း၊ အချို့မှာ လုံးဝမလိုအပ်ဘဲ ရယူဆောင်ရွက်နေရသည့် လိုင်စင်၊ ပါမစ်များဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လိုင်စင်၊ ပါမစ်ရယူခြင်းလုပ်ငန်းများကို ဥပဒေနှင့်အညီ လိုအပ်သလို သုံးသပ်ဖြေလျှော့ရေး ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းပေးရန် လိုအပ်ချက်များရှိပါက ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် တာဝန်ယူ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုလည်း တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်ဆန်စွာ စိစစ်ခွင့်ပြုဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### အသေးစိတ်ဆွေးနွေး

ထို့နောက် အစည်းအဝေးတက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို အသေးစိတ်ဆွေးနွေးပြောကြားခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးဝေရေးကော်ပိုရေးရှင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## တန့်ယန်းမြို့တွင် ရွှေမောင်းအောင်ကမ္ဘာ ဘိုးဘွားရိပ်သာ ဓမ္မာရုံနှင့် အဘိုးဆောင် ပန္နက်တင်မင်္ဂလာ ကျင်းပ

**တန့်ယန်း ဖေဖော်ဝါရီ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် အမှတ်(၅) ရပ်ကွက် နမ့်ပိတ်ချောင်းအနီးတွင် စတင်တည်ဆောက်နေသည့် ရွှေမောင်းအောင်ကမ္ဘာ ဘိုးဘွားရိပ်သာ ဓမ္မာရုံနှင့် အဘိုးဆောင် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်က အဆိုပါမြေနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ် အခြေချစစ်ဗျူဟာ(တန့်ယန်း)မှ စစ်ဗျူဟာမှူးကြီး ဗိုလ်မှူးကြီး ခွန်အောင်သွင်နှင့် အရာရှိကြီးများ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမိုးဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင် ဦးအောင်ကျော်မိသားစုနှင့် စေတနာရှင်များက ကြွရောက်လာကြသော ဆရာတော် သံဃာတော်အရှင်သူမြတ် ငါးပါးတို့အား ပူဇော်ကန်တော့၍ လှူဒါန်းဖွယ်ရာများ ဆက်ကပ်လှူဒါန်းကာ တည်ဆောက်မည့် ရွှေမောင်းအောင်ကမ္ဘာ ဘိုးဘွားရိပ်သာ ဓမ္မာရုံနှင့် အဘိုးဆောင်တို့ကို တာဝန်ရှိသူတို့က ပန္နက်တင်ပေးသည်။

အဆိုပါ ရွှေမောင်းအောင်ကမ္ဘာ ဘိုးဘွားရိပ်သာတွင် အလျား ၇၂ ပေ၊ အနံ ၄၈ ပေရှိ ဓမ္မာရုံနှင့် အလျား ပေ ၉၀၊ အနံ ၃၆ ပေရှိ အဘိုးဆောင်တို့အား အမှတ်(၅) ရပ်ကွက် နမ့်ပိတ်ချောင်းအနီးတွင် အလှူရှင် ဦးအောင်ကျော်နှင့်မိသားစုက မတည်၍ စေတနာရှင်များ ပူးပေါင်းကာ ဆောက်လုပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ် (YMBA) မှ အသင်းဝင်များက တပ်မတော်ဆေးရုံသို့ စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

နိုင်ငံတော်တွင် လက်ရှိဖြစ်ပွားနေသောအခြေအနေများအရ တပ်မတော်ဆေးရုံအသီးသီးတွင် လာရောက်ဆေးကုသမှုခံယူလျက်ရှိသော တပ်မတော်သားများ၊ တိုင်းရင်းသားပြည်သူများ၏ သွေးလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်အတွက် စေတနာရှင်သွေးလှူရှင်များက စုပေါင်းသွေးလှူဒါန်းပေးလျက်ရှိသည်။

ထိုသို့လှူဒါန်းပေးလျက်ရှိရာ ယနေ့တွင်လည်း ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ် (YMBA) ဥက္ကဋ္ဌ ဦးရဲထွန်းဦးဆောင်သည့် YMBA အသင်းဝင်သံဃာတော်များနှင့် အသင်းသား၊ အသင်းသူများစုစုပေါင်း ၂၇၀ တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်ရှိ တပ်မတော်ဆေးရုံသို့ လာရောက်စုပေါင်းသွေးလှူဒါန်းကြသည်။

ဦးစွာ အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာ အောင်မင်းကျော်သူက သွေးလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး သွေးလှူဒါန်းနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် သွေးအုပ်စုခွဲခြားပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့နောက် သွေးအလှူရှင်များက သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ယင်းနောက် ဆေးရုံတပ်မှူး ဗိုလ်မှူးချုပ် စိန်လင်းက ကျေးဇူးတင်စကားပြောကြားပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# တောင်ကိုရီးယားနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၅၀၀ ကျော်ရှိ

**ဆိုးလ် ဖေဖော်ဝါရီ ၁၁**

တောင်ကိုရီးယားနိုင်ငံတွင် ဖေဖော်ဝါရီ ၁၀ ရက်က နောက်ထပ်ကိုဗစ်–၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၀၄ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူ ၈၂၄၃၄ ဦးရှိကြောင်း ဖော်ပြခဲ့သည်။

နေ့စဉ် ကိုဗစ် – ၁၉ ကူးစက်ဖြစ်ပွားမှုတွင် ဖေဖော်ဝါရီ ၉ ရက်က ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၄၄ ဦးအထိ တိုးလာခဲ့သည်။ ဇန်နဝါရီ ၂၇ ရက်ကတည်းက ၁၅ ရက်ဆက်တိုက် ကိုဗစ် – ၁၉ ကူးစက်ဖြစ်ပွားသူ ၅၀၀ ကျော် ရှိလာခဲ့သည်။ နေ့စဉ် ကိုဗစ် – ၁၉ ကူးစက်ဖြစ်ပွားမှုသည် နိုဝင်ဘာ ၈ ရက်ကတည်းက ၁၀၀ ကျော် ရှိလာခဲ့သည်။ အသစ်ထပ်မံ ကူးစက်ဖြစ်ပွားမှုများအနက် ၁၇၇ ဦးမှာ ဆိုးလ်မှဖြစ်ကာ ၁၈၁ ဦးမှာ ချုံချင်းပြည်နယ်မှဖြစ်သည်။ ၃၇ ဦးမှာ နိုင်ငံခြားကူးစက်ဖြစ်ပွားသူများဖြစ်ကြပြီး စုစုပေါင်းနိုင်ငံခြားကူးစက်ဖြစ်ပွားသူ ၆၆၄၀ ရှိလာခဲ့သည်။

နောက်ထပ် ၁၀ ဦးကျော် သေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၁၄၉၆ ဦး ရှိလာခဲ့သည်။ စုစုပေါင်း ကိုဗစ် – ၁၉ ကြောင့် သေဆုံးမှုနှုန်းသည် ၁ ဒသမ ၈၁ ရာခိုင်နှုန်းရှိသည်။ နောက်ထပ် ကိုဗစ် – ၁၉ ဖြစ်ပွားသူပေါင်း ၄၁၂ ဦးသည် သီးသန့်ကန့်သတ်ထိန်းချုပ်မှုမှ အခြေအနေပြန်လည်ကောင်းမွန်လာသောကြောင့် ဆေးရုံမှ ဆင်းသွားပြီဖြစ်သည်။ စုစုပေါင်းဆေးရုံမှ ဆင်းသွားသူပေါင်း ၇၂၆၃၈ ဦး ရာခိုင်နှုန်းအားဖြင့် ၈၈ ဒသမ ၁၂ ရာခိုင်နှုန်းရှိသည်။ နိုင်ငံအတွင်း ကိုဗစ် – ၁၉ စစ်ဆေးပြီးသူပေါင်း ၆ ဒသမ ၀၇ သန်းရှိသည်။

ဆင်ဟွာ



တောင်ကိုရီးယားနိုင်ငံရှိ အများပြည်သူသွားလာသည့်နေရာများတွင် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန် သတိပေးဆိုင်းဘုတ်စိုက်ထောင်ထားသည်ကို တွေ့ရစဉ်။

# ဂျာမနီနိုင်ငံတွင် ကိုဗစ်- ၁၉ ကန့်သတ်ပိတ်ဆို့မှုများကို သက်တမ်းထပ်မံတိုးမြှင့်

ဘာလင် ဖေဖော်ဝါရီ ၁၁

**ဂျာမနီနိုင်ငံသည် ကိုဗစ် – ၁၉ ကူးစက် ရောဂါကို ထိန်းချုပ်ရန် နောက်ထပ် သီတင်းပတ်သုံးပတ်ကြာ မတ်လ ၇ ရက်အထိ ကန့်သတ်ပိတ်ဆို့မှုများကို တိုးချဲ့လိုက်ကြောင်း ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်နှင့် ခေါင်းဆောင် ၁၆ ဦးတို့က ဖေဖော်ဝါရီ ၁၀ ရက်က ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြသည်။**

ဗီဒီယိုအစည်းအဝေးပြီးနောက် ထုတ်ပြန်ဖော်ပြလိုက်သော ဆုံးဖြတ်ချက်အရ ကိုဗစ် –၁၉ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်၊ ထိန်းချုပ်ရန် ဖေဖော်ဝါရီ ၁၄ ရက်မှ မတ်လ ၇ ရက်အထိ ကန့်သတ်ချက်ကို ထပ်မံတိုးမြှင့်လိုက်ကြောင်း သိရသည်။

ကိုဗစ် – ၁၉ ကူးစက်မှုများ ကျဆင်းလာပါက တင်းကျပ်သည့် ကန့်သတ် ပိတ်ဆို့မှုဆိုင်ရာ ဆောင်ရွက်ချက်များကို ဖြေလျှော့ပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ဖော်ပြချက်တွင် ပါရှိသည်။

ကူးစက်မှုနှုန်းများ တိုးလာခဲ့သည့်အတွက် ဂျာမနီနိုင်ငံသည် နိုဝင်ဘာလမှစကာ တစ်စိတ်တစ်ပိုင်း ကန့်သတ်ပိတ်ဆို့မှုများကို စတင်ကျင့်သုံးခဲ့ပြီး ဒီဇင်ဘာလလယ်မှစကာ တင်းကျပ်သည့် ကန့်သတ်ပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။

နေ့စဉ် ကိုဗစ် – ၁၉ ကူးစက်မှုသည် ၃၀၀၀၀ ကျော်မှ ၁၀၀၀၀ အထက် လျော့နည်းကျဆင်းခဲ့သော်လည်း မာကယ်နှင့် အခြားအရာရှိများသည် အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုတိုးလာမည့် အခြေအနေကို စိုးရိမ်လျက်ရှိသည်။

မိမိတို့သည် ဗိုင်းရပ်စ်အသစ်နှင့် နေထိုင်ကြရတော့မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အဆိုပါအသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ်သစ်နှင့် ၎င်း၏ ဗီဇစရိုက်များကို ယခုချိန်ထိ မရရှိသေးကြောင်း မာကယ်က အစည်းအဝေးပွဲပြီးနောက် သတင်းစာရှင်းလင်းပွဲတွင် ဖော်ပြခဲ့သည်။

မာကယ်က အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ်သည် လက်ရှိမှာ ဖြစ်ပွားလျက်ရှိသော်လည်း သူ့အတွက် အဖြေကတော့ မကျိန်းသေသေးပါကြောင်း၊ သို့သော်လည်း ဘယ်လောက်ထိမြန်မြန်ကူးစက်ပျံ့နှံ့မှုဖြစ်ပွားသလဲဆိုတာက အဓိကမေးခွန်း ဖြစ်ပါကြောင်း၊ ကန့်သတ်ပိတ်ဆို့မှုများ၏ ရလဒ်များအရ ကိုဗစ် –၁၉ ကူးစက်မှုနှေးကွေးသွားခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၀ ရက်က ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူ ၈၀၇၂ ဦး ရှိကြောင်း ဖော်ပြမှုနှင့်အတူ ဂျာမနီနိုင်ငံ၏ စုစုပေါင်းကိုဗစ် –၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂ ဒသမ ၃ သန်းနီးပါးရှိလာပြီဖြစ်သည်။ ကိုဗစ် –၁၉ ကြောင့် နောက်ထပ်သေဆုံးသူ ၈၁၃ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ် –၁၉ ကူးစက်ဖြစ်ပွားသူ ၆၂၉၆၉ ဦးရှိသည်။

ကမ္ဘာကြီးက ကိုဗစ် –၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိစဉ် ကာကွယ်ဆေးထိုး လုပ်ငန်းများကိုလည်း အချို့နိုင်ငံများတွင် ခွင့်ပြုထားသည့် ကိုဗစ် –၁၉ ကာကွယ်ဆေးများဖြင့် ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာတစ်ဝန်းလုံးတွင် ကိုဗစ်– ၁၉ ကာကွယ်ဆေး ထုတ်ဖော်နေသော အဖွဲ့ပေါင်း ၂၄၂ ဖွဲ့ ရှိသည်။ ၎င်းတို့အနက် ၆၃ ဖွဲ့မှာ လူများတွင် စမ်းသပ်နေပြီဖြစ်သည်။

**ဆင်ဟွာ**


ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်ကို တွေ့ရစဉ်။

## ဆားဘီးယားနိုင်ငံသို့ တရုတ်နိုင်ငံထုတ် ဆီနိုဖမ်းကာကွယ်ဆေး ဒုတိယအသုတ်ရောက်ရှိ

**ဘဲလ်ဂရိတ် ဖေဖော်ဝါရီ ၁၁**

တရုတ်နိုင်ငံမှ ရောက်ရှိလာသော ဆီနိုဖမ်းကိုဗစ်– ၁၉ကာကွယ်ဆေး ဒုတိယအသုတ်သည် ဆားဘီးယားနိုင်ငံ ဘဲလ်ဂရိတ်လေဆိပ်သို့ ဖေဖော်ဝါရီ ၁၀ ရက် ညပိုင်းက ရောက်ရှိလာခဲ့သည်။ အဆိုပါ ဒုတိယပေးပို့သောအသုတ်တွင် ကာကွယ်ဆေးပမာဏ ၅၀၀၀၀၀ ပါဝင်ပြီး ဆားဘီးယားဝန်ကြီးချုပ် အာနာဘရာနာဘစ်နှင့် ဆားဘီးယားနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ချန်ဘိုက လက်ခံကြိုဆိုခဲ့ကြောင်း သိရသည်။

ထပ်မံရောက်ရှိလာသော ကာကွယ်ဆေးသည် ပြည်သူများ၏ အသက်ထောင်ပေါင်းများစွာကို ကယ်တင်ရာတွင် ကူညီနိုင်မည်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံကို ကျေးဇူးတင်ရှိကြောင်း ဘရာနာဘစ်က ပြောကြားလိုက်သည်။ တရုတ်နိုင်ငံသည် ဇန်နဝါရီ ၁၆ ရက်က ဆီနိုဖမ်းကာကွယ်ဆေး တစ်သန်းကို ပေးပို့ခဲ့သည်။ သံအမတ်ကြီးချန်က ကိုဗစ်– ၁၉ ကာကွယ်ဆေး ထိုးပေးရေး လှုပ်ရှားမှုများကိုဆောင်ရွက်နေသော ဆားဘီးယားအဖွဲ့ကိုလည်း လေးစားသဘောကျပါကြောင်းထုတ်ဖော်ပြောကြားခဲ့သည်။ ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးရေးလုပ်ငန်းများအတွက် တရုတ်နိုင်ငံ၏ ကိုဗစ်– ၁၉ ကာကွယ်ဆေးများကို ဖြန့်ဝေပေးရသည့်အတွက် ဝမ်းမြောက်မိကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

တရားဝင်အချက်အလက်များအရ ဆားဘီးယားနိုင်ငံတွင် ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးပြီးသူ ခြောက်သိန်းနီးပါးရှိလာပြီဖြစ်ကြောင်း၊ အများစုမှာ ဆီနိုဖမ်းကာကွယ်ဆေးထိုးမှုကို ခံယူခဲ့ကြောင်းနှင့် အဆိုပါကာကွယ်ဆေးထိုးခံယူသူများတွင် နိုင်ငံတော်အရာရှိများ၊ ရဲများ၊ စစ်သားများ၊ ဆရာဝန်များနှင့် ဆရာ ဆရာမများ ပါဝင်ကြောင်း သိရသည်။ ဒီဇင်ဘာ ၂၄ ရက်ကတည်းက နိုင်ငံအတွင်း အသက်အန္တရာယ်စိုးရိမ်ရသူများကို ကိုဗစ်– ၁၉ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။ ဆားဘီးယားပြည်သူများသည် ဆီနိုဖမ်း၊ ဖိုက်ဇာဘီယွန်တက်ခ်နှင့် စပွတ်နစ်ဗီကာကွယ်ဆေးများကို စိတ်ကြိုက်ရွေးချယ်ထိုးနှံနိုင်ကြောင်း သိရသည်။ **ဆင်ဟွာ**

# တရုတ်ကိုဗစ်ကာကွယ်ဆေး ဆီနိုဖမ်း ဘရူနိုင်း လက်ခံရရှိ

**ဘန်ဒါဆရီဘီဂါဝန် ဖေဖော်ဝါရီ ၁၁**

ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၀ ရက် ထုတ်ပြန်ဖော်ပြသော ထုတ်ပြန်ချက်တွင် ဘရူနိုင်းနိုင်ငံအနေဖြင့် တရုတ်နိုင်ငံမှ လှူဒါန်းသော ဆီနိုဖမ်း ကိုဗစ်– ၁၉ ကာကွယ်ဆေးများကို ဖေဖော်ဝါရီ ၉ ရက်က လက်ခံရရှိခဲ့ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် မတ်လ ကိုဗစ်– ၁၉ စတင်ဖြစ်ပွားချိန်တွင် ဘရူနိုင်းနိုင်ငံသည် တရုတ်နိုင်ငံသို့ ကူညီပေးခဲ့ဖူးသည်ဖြစ်ရာ ယင်းက ကိုဗစ်– ၁၉ ကပ်ရောဂါကို စီမံထိန်းချုပ်ရာတွင် နှစ်နိုင်ငံကြား နီးကပ်သော ပူးပေါင်းဆောင်ရွက်မှုရှိခြင်းကို မီးမောင်းထိုးပြလိုက်ခြင်း ဖြစ်ကြောင်း ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြလိုက်သည်။ အရေးပေါ်ဦးစားပေးအစီအစဉ်များအရ ကာကွယ်ဆေးဖြန့်ဝေထိုးနှံပေးနိုင်မှုအခြေအနေကို စိစစ်သုံးသပ်လျက်ရှိကြောင်း ဝန်ကြီးဌာနက ပြောကြားလိုက်သည်။

ဘရူနိုင်းနိုင်ငံရှိ တရုတ်သံရုံးအဆိုအရ နိုင်ငံခြားရေး ဒုတိယဝန်ကြီး ဟာဂျီအာဝမ်သည် ဖေဖော်ဝါရီ ၉ ရက်က အဆိုပါ ကာကွယ်ဆေးလွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်ခဲ့သည်။ ဟာဂျီအာဝမ်က တရုတ်နိုင်ငံအား ကျေးဇူးတင်ကြောင်း ဖော်ပြခဲ့ပြီး ဘရူနိုင်းနိုင်ငံသည် ကိုဗစ်– ၁၉ ကာကွယ်ဆေးကို ပထမအကြိမ် လက်ခံရရှိခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်ပြည်သူများက ဘရူနိုင်းနိုင်ငံပြည်သူများကို လက်ဆောင်ပေးသည်ဟု ယူဆပါကြောင်း၊ နှစ်နိုင်ငံကြား ကာလရှည်ကြာရင်းနှီးဆက်ဆံမှုနှင့် ယုံကြည်မှု နက်ရှိုင်းခြင်း၏ အကျိုးရလဒ်ပင်ဖြစ်ပါကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

ထို့အပြင် တရုတ်နိုင်ငံ ကာကွယ်ဆေးသည် ဘရူနိုင်းနိုင်ငံအနေဖြင့် ကိုဗစ်– ၁၉ ကပ်ရောဂါကို ကျော်လွှားရာတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လိမ့်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကိုဗစ်–၁၉ ကာကွယ်ဆေးသည် စီးပွားရေးကိုပြန်လည်စတင်နိုင်ရန် နိုင်ငံအားလုံးအတွက်အရေးကြီးသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိရာ လတ်တလောတွင် ကမ္ဘာ့ကိုဗစ်– ၁၉ ကာကွယ်ဆေးများကို ဖွံ့ဖြိုးပြီးနိုင်ငံ အနည်းငယ်သို့ အဓိကထားပြီး ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ တရုတ်နိုင်ငံ၏ကာကွယ်ဆေးထောက်ပံ့ကူညီမှုသည် နှစ်နိုင်ငံ စစ်မှန်သော ချစ်ကြည်ရင်းနှီးမှုများကို အလေးထားဖော်ပြရာရောက်ကြောင်း သံအမတ်ကြီးက ပြောကြားလိုက်သည်။

ဘရူနိုင်းနိုင်ငံတွင် ဖေဖော်ဝါရီ ၁၀ ရက်က ပြည်ပကိုဗစ်– ၁၉ ကူးစက်မှုတစ်ခု ဖြစ်ပွားခဲ့ပြီး နိုင်ငံအတွင်း ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားနေသူပေါင်း ၁၈ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း သိရပြီး ၁၇၅ ဦးမှာ ကိုဗစ်– ၁၉ ကပ်ရောဂါမှ ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



တရုတ်နိုင်ငံမှပေးပို့လိုက်သောကိုဗစ်–၁၉ကာကွယ်ဆေးများကို တွေ့ရစဉ်။

# ကိုဗစ်- ၁၉ ကူးစက်ရောဂါဖြစ်ပွားနေချိန်မှာ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုတွေဖြစ်ပေါ်နေတဲ့ အမေရိကန်ကလေးငယ်များ

◇◇◇◇◇◇◇◇◇◇◇◇ *ထွန်းကျော်* ◇◇◇◇◇◇◇◇◇◇◇◇

**ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားနေစဉ်အတွင်းမှာ စိုးရိမ်ပူပန်မှုတွေ၊ စိတ်ကျရောဂါတွေ၊ မိမိကိုယ်ကိုယ်အန္တရာယ်ဖြစ်စေမှုတွေ၊ သတ်သေမှုတွေအပါအဝင် စိတ်ပိုင်းဆိုင်ရာအခြေအနေတွေ ဖြစ်ပေါ်ခံစားနေရတဲ့ အမေရိကန်ကလေးငယ်အရေအတွက်ဟာ တဖြည်းဖြည်းနဲ့ မြင့်တက်လာပါတယ်။ လွန်ခဲ့တဲ့နှစ် မတ်လကတည်းက ကျောင်းသားသန်းချီဟာ အွန်လိုင်းပေါ်မှာပဲ ကျောင်းတက်ခဲ့ရပါတယ်။ နာရီများစွာကြာအောင် ကွန်ပျူတာရှေ့မှာ ထိုင်ခဲ့ရပါတယ်။ အပြင်မှာ အားကစားတွေလည်း မလုပ်ရ၊ သူငယ်ချင်းတွေနဲ့လည်း မတွေ့ရနဲ့။ အလားတူ အားကစားချိန်တွေ၊ ပန်းချီချိန်တွေ၊ ဂီတချိန်တွေလည်း လွှတ်နေကြပါတယ်။**

## သက်တူရွယ်တူတွေအထီးကျန်

ကျွန်တော်နဲ့ ကျွန်တော့်လိုပဲ သက်တူရွယ်တူတွေ အထီးကျန်နေရပါတယ်လို့ ဖလော်ရီဒါက အသက် ၁၈ နှစ် အရွယ်လောက်ရှိတဲ့ ဆာရာဖရန့်က ပြောကြားလိုက်ပါတယ်။ သူက လွန်ခဲ့တဲ့နှစ် မတ်လကတည်းက အိမ်မှာပဲ ကုပ်နေခဲ့ရတာပါ။ အပြင်ထွက်ရင်လည်း ကိုဗစ်– ၁၉ ကူးစက်ခံရမှာကို ကြောက်နေရပါတယ်။



အမေရိကန်ရှိ စာသင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

တကယ့်ကို ဝမ်းနည်းတဲ့ရက်တွေရှိခဲ့တယ်။ ပြီးတော့လည်း မျှော်လင့်ချက်လည်း မဲ့ခဲ့ပါတယ်။ အဲဒါကို ဘယ်တော့မှ အဆုံးမသတ်တော့မယ့် အိပ်မက်ဆိုးကြီးအဖြစ် ခံစားနေရတယ်လို့သူက ဆက်လက်ပြောကြားလိုက်ပါတယ်။ ဘယ်တော့မှ ပြန်မရတော့မယ့် အထက်တန်းကျောင်းသား တစ်ယောက်ရဲ့ ကျောင်း အတွေ့အကြုံတွေကို အလွန်လွမ်းတယ်လို့ သူကပြောလိုက်ပါတယ်။

သူ့ရဲ့ကျောင်းက လွန်ခဲ့တဲ့နှစ် မတ်လမှာ သင်ခန်းစာတွေကို အွန်လိုင်းပြောင်းလိုက်ကတည်းက သူ့ရဲ့အသက် ၁၀ နှစ်အရွယ် သားလေးဟာ စိတ်ဓာတ်ကျသွားတဲ့ အရိပ်အယောင်တွေ တွေ့နေတယ်လို့ ကလေးနှစ်ယောက်ရဲ့ အမေဖြစ်တဲ့ စိတ်ပညာရှင် ဒန်နာ ကာပူတိုက ပြောကြားလိုက်ပါတယ်။ သူ့ကလေးဟာ ဗာဂျီးနီးယားမှာရှိတဲ့ အာလင်တန်မှာ ကျောင်းတက်နေတာ ဖြစ်ပါတယ်။

## စိတ်ဆိုး၊ စိတ်ပြောင်းလွယ်ဖြစ်နေ

သူက မနက်ပိုင်းအိပ်ရာထပြီးတဲ့နောက်ပိုင်းမှာ မွန်းလွဲတဲ့အထိ ပြန်အိပ်တယ်။ စိတ်ဆိုးလွယ်၊ စိတ်ပြောင်းလွယ် ဖြစ်နေတယ်။ သူဟာ မကြာခဏဆိုသလို ကျွန်တော် စမတ်မကျတော့ဘူး၊ ကျွန်တော် မတော်တော့ဘူးဆိုတဲ့ အဲဒီလိုမျိုးစကားတွေကို စတင်ပြောကြားလာပါပြီလို့ ကာပူတိုက ပြောကြားလိုက်ပါတယ်။ သူက တခြားကလေးတွေလည်း အဲဒီ ထက်ပိုဆိုးဖို့ရှိတယ်လို့ သူက ပြောကြားလိုက်ပါတယ်။ ကျွန်မ ကြားမိသလောက်တော့ သူ့ကို စတင်ပြီး ဆေးကုပေးရတော့မယ် ဆိုတာပဲ ဖြစ်ပါတယ်။ ကျွန်မတို့ မိဘတွေအနေနဲ့ ကုထုံးဆရာဝန် တစ်ယောက်ကို မရှာနိုင်ပါဘူးလို့ ကာပူတိုက ပြောပါတယ်။

ပညာရေးဆိုင်ရာ အာလင်တန် မိဘများအဖွဲ့ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ကာပူတိုက အာလင်တန်မှာ ကျောင်းတွေ ပြန်ဖွင့်ဖို့ စည်းရုံးမဲဆွယ်ဟောကြားမှုမှာ ပါဝင်လာခဲ့ပါတယ်။

## ကျောင်းတွေဟာ လုံခြုံတဲ့နေရာ

မကြာသေးမီက ပြုလုပ်ခဲ့တဲ့ စီဒီအင်န် သတင်းအစီရင်ခံစာ တစ်စောင်မှာ နှာခေါင်းစည်းတပ်ဆင်ခြင်းနဲ့ တစ်ဦးနဲ့တစ်ဦးကြားမှာ ခပ်ခွာခွာနေခြင်းကဲ့သို့သော ကိုဗစ်– ၁၉ ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာများကို ကြိုတင်ဆောင်ရွက်ထားမယ်ဆိုပါက ကျောင်းတွေဟာ လုံခြုံတဲ့နေရာတွေဖြစ်ကြပါတယ်လို့ ဖော်ပြထားပါတယ်။

ချီကာဂိုမှာ မြို့တော်ဝန်က အခြေခံပညာ မူလတန်းကျောင်းများကို ပြန်လည်ဖွင့်လှစ်ပေးဖို့ အမိန့်ပေးခဲ့သလို ဆရာတွေ၊ ဆရာမတွေ အကုန်လုံးကို ကာကွယ်ဆေးထိုးပေးဖို့ တောင်းဆိုထားပါတယ်။

## မိမိကိုယ်ကိုယ်သတ်သေမှုမြင့်

အမေရိကန် ပြည်ထောင်စုမှာ ဆယ်ကျော်သက် မိမိကိုယ်ကိုယ်သတ်သေမှုတွေဟာ ဆယ်စုနှစ်တစ်ခုအတွင်းမှာ မြင့်တက်လာပါတယ်။ ၂၀၂၀ ပြည့်နှစ်အတွက် စာရင်းအချက်အလက်များ မရှိသေးသော်လည်း နီဗားဒါးပြည်နယ် ကလာ့ခ်စီရင်စုနဲ့ လက်စ်ဗီးဂက်စ်စတဲ့မြို့တွေရဲ့ စာရင်းကတော့ သတိထားရမယ့် အနေအထား ဖြစ်ပါတယ်။ မတ်လကစပြီး အခုချိန်အထိ ကျောင်းသား ကျောင်းသူ ၁၉ ယောက်ဟာ သူတို့ရဲ့ ကိုယ်ပိုင်ဘဝတွေကို အဆုံးသတ်ခဲ့ကြပါတယ်။ ဒါဟာ အရင်နှစ်အလားတူကာလမှာ ဖြစ်ပွားခဲ့တဲ့ အရေအတွက်ရဲ့ နှစ်ဆကျော်ပိုမိုမြင့်တက်လာခဲ့တာပဲ ဖြစ်ပါတယ်။

အဲဒီလို သေဆုံးမှုတွေဟာ ကိုဗစ်– ၁၉ ရောဂါကူးစက်ဖြစ်ပွားမှုနဲ့ တိုက်ရိုက်ပတ်သက်ဆက်နွှယ်ခြင်း မရှိသော်လည်း သက်ဆိုင်ရာအာဏာပိုင်တွေကတော့ ကျောင်းတွေကို အမြန်ပြန်ဖွင့်ပေးဖို့ ကြေညာခဲ့ပါတယ်။ အွန်လိုင်းအသုံးပြု ကျောင်းစာသင်ကြားမှုကို လိုချင်တဲ့ စိတ်ဓာတ်တက်ကြွသူမရှိသလောက်ပါလို့ အသက် ၁၃ နှစ်အရွယ် အာလင်တန်မှ ကျောင်းသားတစ်ဦးဖြစ်တဲ့ ဘရန်ဒန်က ပြောကြားလိုက်ပါတယ်။ သူဟာ အွန်လိုင်းအသုံးပြု ကျောင်းစာသင်ကြားမှုကို ရက်ပေါင်း ၃၀၀ ကျော် လုပ်ဆောင်ခဲ့ရသူ ဖြစ်ပါတယ်။

## ကလေးများ စိတ်ကျန်းမာရေး

ရိုဒ်ကျွန်းဘရောင်းတက္ကသိုလ်ရဲ့ အရေးပေါ်ဌာနနဲ့ ကလေးဆေးပညာပါမောက္ခ ဆူဆန်ဒက်ဖီက ကိုဗစ်– ၁၉ ကပ်ရောဂါက အရွယ်ရောက်ပြီးလူကြီးများအတွက် ဆေးဘက်ဆိုင်ရာဘေးဒုက္ခအကျပ်အတည်း တစ်ခုဆိုရင် ကလေးတွေအတွက်ကတော့ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအကျပ်အတည်းတစ်ခုပါပဲလို့ ပြောကြားလိုက်ပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ စက်မှုနိုင်ငံကြီးတစ်ခုဖြစ်သော်လည်း ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု မရှိပါဘူး။ အမျိုးသားကျန်းမာရေးဆိုင်ရာအကျပ်အတည်း ဖြစ်နေချိန်မှာ ကျန်းမာရေးစောင့်ရှောက်မှု မရှိတဲ့သူတွေရဲ့ ကံကြမ္မာဟာ စိတ်မကောင်းဖွယ်ရာအတိပါပဲ။

လွန်ခဲ့တဲ့ မတ်လနဲ့ အောက်တိုဘာလကြားမှာ အသက် ၁၂ နှစ်မှ အသက် ၁၇ နှစ်ကြား ကလေးတွေ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအရေးပေါ်အခြေအနေကြောင့် ဆေးရုံတက်ခဲ့ရတဲ့ပမာဏဟာ ၂၀၁၉ ခုနှစ်နဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ၃၁ ရာခိုင်နှုန်းအထိ တိုးတက်လာတာကို တွေ့ရမှာဖြစ်တယ်လို့ အစိုးရကူးစက်ရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်ရေးဌာန (စီဒီစီ) က ပြောကြားလိုက်ပါတယ်။

အလားတူ အသက်ငါးနှစ်မှ ၁၁ နှစ်အထိ ကလေးတွေ ဆေးရုံတက်ရောက်ရတဲ့ ပမာဏဟာ ၂၄ ရာခိုင်နှုန်းအထိ တိုးလာတယ်လို့ စီဒီစီက တွေ့ရှိခဲ့ပါတယ်။

## ထိခိုက်အောင်လုပ်ဆောင်နေကြ

ဒက်ဖီက သူနဲ့ နိုင်ငံတစ်ဝန်းမှာရှိတဲ့ သူ့ရဲ့လုပ်ဖော်ကိုင်ဖက်များက လူငယ်လူရွယ်များကြား မိမိကိုယ်ကိုယ်သတ်သေမှုများ မြင့်တက်လာတာကို သတိပြုမိကြောင်း ပြောကြားလိုက်တယ်။ ကလေးငယ်တွေဟာ သူတို့ကိုယ်သူတို့ ထိခိုက်အောင် လုပ်ဆောင်နေကြတာကို ကျွန်မတို့ တွေ့တယ်လို့ ဒက်ဖီက ပြောကြားလိုက်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ ကြိုးစားတာဟာ တကယ့်ကို စိုးရိမ်ဖို့ အလွန်ကောင်းတယ်လို့ သူက ဆက်လက်ပြောကြားလိုက်ပါတယ်။

ကျောင်းတွေ ပြန်လည်ဖွင့်လှစ်ခြင်းမှာ ပြည်နယ်တစ်ခုနဲ့တစ်ခု ခြားနားမှုတွေ ရှိပါတယ်။ စက်တင်ဘာလမှာရှိခဲ့တဲ့ ၆၂ ရာခိုင်နှုန်းနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် တချို့ ၃၈ ရာခိုင်နှုန်းလောက်သော ကျောင်းတွေဟာ အဝေးရောက်သင်ကြားမှုတွေ ပြုလုပ်နေကြပါတယ်လို့ ကျောင်းတွေရဲ့ အချိန်ကိုက်လှုပ်ရှားဆောင်ရွက်မှုတွေကို ခြေရာခံတဲ့ ဝက်ဆိုက်တစ်ခုဖြစ်တဲ့ ဘာဘီယိုဝက်ဆိုက်မှာ ဖော်ပြထားပါတယ်။

## ၄၅၀၀၀၀ နီးပါး သေဆုံး

အခုဆိုရင်တော့ အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ်– ၁၉ ကြောင့် လူပေါင်း ၄၅၀၀၀၀ နီးပါး သေဆုံးခဲ့ပြီ ဖြစ်ပါတယ်။ အမေရိကန် ပြည်ထောင်စုဟာ ကိုဗစ်– ၁၉ ရောဂါကို ကမ္ဘာပေါ်မှာ အဆိုးဆုံးခံစားခဲ့ရတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ထို့အပြင် ဘရာဇီးနိုင်ငံဟာ လက်တင်အမေရိကမှာ အကြီးဆုံးစီးပွားရေးတည်ရှိရာ နိုင်ငံဖြစ်ပြီး အမေရိကန်ပြည်ထောင်စုပြီးရင် ကမ္ဘာပေါ်မှာ ကိုဗစ် – ၁၉ ကူးစက်ဖြစ်ပွားသေဆုံးမှု ဒုတိယအများဆုံးနိုင်ငံဖြစ်ပါတယ်။

ကိုဗစ်– ၁၉ ကို ကြောက်ရွံ့မှုတွေ၊ မိသားစုဝင်ထဲက တစ်ဦးတစ်ယောက်လောက် သေဆုံးခဲ့ပါက နာကျင်ခံစားမှုတွေ၊ ကိုဗစ်– ၁၉ ကြောင့် စီးပွားရေး၊ အစားအစာနဲ့ အိမ်ရာနေထိုင်မှုတွေမှာ စိုးရိမ်ကြောင့်ကြ နေရတာတွေဟာ ကလေးတွေကို ပြင်းထန်တဲ့ စိတ်ပိုင်းဆိုင်ရာ ခံစားမှုတွေကို ဖြစ်စေပါတယ်။

## စိတ်ထွက်ပေါက်ရှာမှုတွေဖြစ်

ကိုဗစ်– ၁၉ ကြောင့် ဖြစ်ပေါ်လာတဲ့ စိတ်ဖိစီးမှုတွေ၊ ကျောင်းပိတ်မှုတွေ၊ အလုပ်လက်မဲ့ အခြေအနေတွေနဲ့ သီးခြားခွဲခြားနေထိုင်နေရတာတွေတာ ကလေးတွေကို မတော်မတရား နှိပ်စက်ကလူပြုနိုင်ခြေတွေ တိုးလာနိုင်စေပါတယ်လို့ စီဒီစီက ပြောကြားလိုက်ပါတယ်။

တချို့ အနိုင်ကျင့်စော်ကားခံရတဲ့ကလေးတွေဟာ အွန်လိုင်းကနေ သင်ကြားခြင်းတွေကို ပြုလုပ်နိုင်သော်လည်း အဲဒီလို သင်ကြားခြင်းဟာ သူတို့ရဲ့ လူမှုရေးဆိုင်ရာ စိုးရိမ်ပူပန်မှုတွေ ရှိနေချိန်မှာ အံဝင်ခွင်ကျဖြစ်မှာ မဟုတ်ပါဘူး။

စိုးရိမ်ပူပန်မှုတွေနဲ့ စိတ်ဓာတ်ကျဆင်းမှုတွေဟာ ရှိနေပါတယ်။ ဒါကြောင့် သူတို့ဟာ တခြားနည်းလမ်းတစ်ခုခုနဲ့ စိတ်ထွက်ပေါက် ရှာလာကြပါတယ်။ ဒါကြောင့် အခုလို ကိုဗစ်– ၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားချိန်မှာ ကလေးတွေရဲ့ စိတ်ပိုင်းဆိုင်ရာခံစားချက်တွေကို နားလည်စာနာပေးပြီး သူတို့ကို အခုလိုမျိုးဖြစ်ရပ်တွေက ကူညီကယ်တင်ပေးရမှာ ဖြစ်ပါတယ်။ ။

**အေအက်ဖ်ပီ**

**“ကိုဗစ် – ၁၉ ကို ကြောက်ရွံ့မှုတွေ၊ မိသားစုဝင်ထဲက တစ်ဦးတစ်ယောက်လောက် သေဆုံးခဲ့ပါက နာကျင်ခံစားမှုတွေ၊ ကိုဗစ်–၁၉ကြောင့် စီးပွားရေး၊ အစားအစာနဲ့ အိမ်ရာနေထိုင်မှုတွေမှာ စိုးရိမ်ကြောင့်ကြနေရတာတွေဟာ ကလေးတွေကို ပြင်းထန်တဲ့ စိတ်ပိုင်းဆိုင်ရာ ခံစားမှုတွေကို ဖြစ်စေပါတယ်”**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၅ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

( ၁၁ -၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၀-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၁-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲ နမူနာစုစုပေါင်း (၂,၂၅၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၃၅) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၇၁,၉၇၂) အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၅၂၂) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၈၉)ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၂၈,၉၈၁) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၁၈၄) ဦး ရှိပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှု စီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေး ခြင်း မိသားစုစီမံချက်"အတိုင်း COVID-19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက် မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင် မည် ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ "နေအိမ်တွင်သာ နေထိုင်ရေး အစီအစဉ် (Stay at home)"တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **"COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှု စီမံချက် (Mask and Face Shield Campaign)"** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ(Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များပေးဝေခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်း ပါဝင်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ၁၁-၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၇၈၉၈၄၂၆ | ၁၇၈၂၈၆၅၅ | ၄၈၃၂၀၅ |
| ၂။ | အိန္ဒိယ | ၁၀၈၇၂၆၆၄ | ၁၀၅၇၂၉၆၉ | ၁၅၅၄၁၆ |
| ၃။ | ဘရာဇီး | ၉၆၆၂၃၀၅ | ၈၅၉၆၁၃၀ | ၂၃၄၉၄၅ |
| ၄။ | ရုရှား | ၄၀၂၇၇၄၈ | ၃၅၃၈၄၂၂ | ၇၈၆၈၇ |
| ၅။ | ဗြိတိန် | ၃၉၈၅၁၆၁ | ၂၀၁၈၈၄၄ | ၁၁၄၈၅၁ |
| ၆။ | ပြင်သစ် | ၃၃၈၅၆၂၂ | ၂၃၇၁၁၃ | ၈၀၄၄၃ |
| ၇။ | စပိန် | ၃၀၂၃၆၀၁ | စိစစ်ဆဲ | ၆၃၇၀၄ |
| ၈။ | အီတလီ | ၂၆၆၈၂၆၆ | ၂၁၆၅၈၀၇ | ၉၂၃၃၈ |
| ၉။ | တူရကီ | ၂၅၅၆၈၃၇ | ၂၄၄၅၂၈၅ | ၂၇၀၉၃ |
| ၁၀။ | ဂျာမနီ | ၂၃၁၅၆၇၉ | ၂၀၈၇၆၀၀ | ၆၄၂၀၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၁ - ၂ - ၂၀၂၁

| နိုင်ငံ | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၁၉၁၉၉၀ | ၉၉၃၁၁၇ | ၃၂၃၈၁ |
| ဖိလစ်ပိုင် | ၅၄၃၂၈၂ | ၅၀၀၃၃၅ | ၁၁၄၆၉ |
| မလေးရှား | ၂၅၄၉၈၈ | ၂၀၂၂၆၉ | ၉၃၆ |
| မြန်မာ | ၁၄၁၅၂၂ | ၁၂၈၉၈၁ | ၃၁၈၄ |
| စင်ကာပူ | ၅၉၇၅၉ | ၅၉၅၂၆ | ၂၉ |
| ထိုင်း | ၂၄၁၀၄ | ၁၉၇၉၉ | ၈၀ |
| ဗီယက်နမ် | ၂၁၄၀ | ၁၅၂၈ | ၃၅ |
| ကမ္ဘောဒီးယား | ၄၇၈ | ၄၅၇ | ၀ |
| ဘရူနိုင်း | ၁၈၃ | ၁၇၅ | ၃ |
| လာအို | ၄၅ | ၄၁ | ၀ |




ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်။ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။



# မြန်မာနိုင်ငံတော်ဗဟိုဘဏ် လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် Assembly Hall ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ဌာန၏ လုပ်ငန်းဆောင်ရွက်မှု နောက်ဆုံးအခြေအနေများကိုသိရှိရန်နှင့် လုပ်ငန်းခွင်၌ ဖြစ်ပေါ်နေသောအခက်အခဲများကို ညှိနှိုင်းဖြေရှင်းရန် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ငွေကြေးမူဝါဒရေးရာဌာနအနေဖြင့် နိုင်ငံ၏ငွေကြေးမူဝါဒနှင့် ငွေရေးကြေးရေးကဏ္ဍကို စည်းမျဉ်းထိန်းကျောင်းခြင်းများကို ဆောင်ရွက်လျက်ရှိသောဌာနဖြစ်၍ အရေးကြီးကြောင်း၊ ဝန်ထမ်းများအနေဖြင့် တက်ညီလက်ညီ လုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် အခက်အခဲရှိပါက ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မိမိတို့၏ သမိုင်းပေးတာဝန်များကို ပခုံးပြောင်း၍ စည်းလုံးညီညွတ် ကျေပွန်စွာဖြင့် ထမ်းဆောင်ရန်ဖြစ်ကြောင်း ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ငွေကြေးမူဝါဒရေးရာနှင့် ဘဏ်လုပ်ငန်း ဥပဒေစည်းမျဉ်းဌာန ညွှန်ကြားရေးမှူးချုပ်က ဌာန၏ လုပ်ငန်းဆောင်ရွက်မှုများကို ခြုံငုံရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာဌာနတစ်ခုချင်းစီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးသည်။

ဆွေးနွေးပွဲ၌ ငွေကြေးမူဝါဒနှင့် အတိုးနှုန်းမူဝါဒများကို ချမှတ်အကောင်အထည်ဖော်ခြင်း၊ ဈေးနှုန်းတည်ငြိမ်မှုရှိစေရန် ဆောင်ရွက်ခြင်း၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသော စီးပွားရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် အချက်အလက်နှင့် ကိန်းဂဏန်းများ ရရှိရန် ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နှစ်ချုပ်အစီရင်ခံစာ၊ ငွေကြေးမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်ချက် အစီရင်ခံစာနှင့် Quarterly Financial Statistics Bulletin များ ထုတ်ဝေခြင်း၊ ဘဏ်လုပ်ငန်းစည်းမျဉ်းဆိုင်ရာ ကြီးကြပ်ထိန်းကျောင်းမှုများနှင့် စည်းမျဉ်းများထုတ်ပြန်ခြင်း၊ နိုင်ငံခြားဘဏ်များနှင့် နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊ AML/CFT ဆိုင်ရာကိစ္စများ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော IMF၊ ကမ္ဘာ့ဘဏ်၊ SEACEN တို့နှင့် မူဝါဒရေးရာ၊ သင်တန်းနှင့်ချေးငွေဆိုင်ရာများကို ဆက်သွယ်ဆောင်ရွက်ခြင်းလုပ်ငန်းကဏ္ဍများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက လုပ်ငန်းထိရောက်မြန်ဆန်မှုရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 နှင့် နိုင်ငံခြားငွေစာရင်း EDC 600012 တို့သို့ ဖေဖော်ဝါရီ ၄ ရက်မှ ၁၀ ရက်အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေစုစုပေါင်းမှာ **ငွေကျပ် ၁၉၄ ဒသမ ၂၉၈ သန်းနှင့် အမေရိကန်ဒေါ်လာ ၆,၂၂၅** ဖြစ်ပါသည်။ ဖေဖော်ဝါရီ ၁၀ ရက်အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ ဇယားပါအတိုင်းဖြစ်သည်–

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA–013733 စာရင်း**

| | ကျပ် |
|---|---|
| ၄–၂–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၉,၉၁၄,၈၅၀,၀၀၃.၃၉ |
| (+) ၄–၂–၂၀၂၁ မှ ၁၀–၂–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၁၉၄,၂၉၈,၁၁၂.၀၀ |
| ၁၀–၂–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၃၀,၁၀၉,၁၄၈,၁၁၅.၃၉ |

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၄–၂–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇၈,၁၃၃,၉၂၄.၅၃ |
| (+)၄–၂–၂၀၂၁ မှ ၁၀–၂–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၆,၂၂၅.၀၀ |
| ၁၀–၂–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |

**COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှလှူဒါန်းငွေစာရင်း**

**(၁၀–၂–၂၀၂၁ ရက်နေ့)**

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| ၁ | ဒေါ်ထားထားသီ (မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်) (သံဖြူဇရပ်မြို့) | ၃၀၀,၀၀၀ |
| ၂ | ဦးထွေးဝင်း (သံဖြူဇရပ်မြို့) | ၁၀၀,၀၀၀ |
| ၃ | ဒေါ်မိုးညိုညိုထွေး (သံဖြူဇရပ်မြို့) | ၃၀၀,၀၀၀ |
| ၄ | ဒေါ်အေးအေး စိန်ကမ္ဘာမိသားစု (သံဖြူဇရပ်မြို့) | ၅၀၀,၀၀၀ |
| ၅ | ဦးမောင်နီ (သံဖြူဇရပ်မြို့) | ၁,၀၀၀,၀၀၀ |
| ၆ | ဒေါ်တင်တင်အေး (သံဖြူဇရပ်မြို့) | ၅၀,၀၀၀ |
| ၇ | ဒေါ်ရွှေရည်ဝင်း (သံဖြူဇရပ်မြို့) | ၅၀,၀၀၀ |
| ၈ | ဦးသန်းဦး၊ ဒေါ်မူမူသန်း (သံဖြူဇရပ်မြို့) | ၅၀၀,၀၀၀ |
| ၉ | ဒေါ်သက်နွယ် (သံဖြူဇရပ်မြို့) | ၅၀၀,၀၀၀ |
| ၁၀ | ဒေါ်မြင့်ထူး (သံဖြူဇရပ်မြို့) | ၁၀၀,၀၀၀ |
| ၁၁ | ဦးဝင်းအောင်၊ ဒေါ်စန်းအေး (သံဖြူဇရပ်မြို့) | ၁၀၀,၀၀၀ |
| ၁၂ | မဇာဇာစိုး (သံဖြူဇရပ်မြို့) | ၆၀၀,၀၀၀ |
| ၁၃ | ဦးကျော်ဝင်းအောင် နာရေးကူညီမှုအသင်း (သံဖြူဇရပ်မြို့) | ၂၅၀,၀၀၀ |
| ၁၄ | ဦးကျော်ကျော်လူအေးသိန်း (သံဖြူဇရပ်မြို့) | ၁၀၅,၀၀၀ |
| | ၁၀–၂–၂၀၂၁ ရက်နေ့ စုစုပေါင်း | ၄,၄၅၅,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်း ဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများ ဖြစ်ပါသည်။

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ**

# ချင်းရွှေဟော် မြန်မာ–တရုတ်နှစ်နိုင်ငံ နယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၄၃ ဦး ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဖေဖော်ဝါရီ ၁၁**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ–တရုတ်နှစ်နိုင်ငံ နယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက်က ၂၇ ဦးနှင့် ယမန်နေ့ညနေ ၆ နာရီက ၁၆ ဦး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၄၃ ဦး ထပ်မံဝင်ရောက်လာကြောင်း သိရသည်။

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၄၃ ဦးတို့မှာ အမျိုးသား ၂၉ ဦး၊ အမျိုးသမီး ၁၄ ဦးတို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်မှ နှစ်ဦး၊ စစ်ကိုင်းမြို့နယ်မှ တစ်ဦး၊ ကချင်ပြည်နယ် တနိုင်းမြို့နယ်မှ တစ်ဦး၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်မှ သုံးဦး၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်မှ တစ်ဦး၊ ရှမ်းပြည်နယ် ခိုလမ်မြို့နယ်မှ ခုနစ်ဦး၊ ကွမ်းလုံမြို့နယ်မှ ၂၀၊ တန့်ယန်းမြို့နယ်မှ နှစ်ဦး၊ နမ္မတူမြို့နယ်မှ တစ်ဦးနှင့် လားရှိုးမြို့နယ်မှ လေးဦးတို့ဖြစ်ပြီး ၎င်းနေရပ်ပြန် ပြည်သူများသည် တရုတ်နိုင်ငံတွင် အထပ်သားစက်ရုံ၊ ငရုတ်ခြံ၊ ပဲသီးခြံနှင့် အခြား စိုက်ပျိုးသီးနှံခြံလုပ်ငန်းများ၊ ဈေးရောင်းလုပ်ငန်းများတွင် သွားရောက်အလုပ်လုပ်ကိုင်ခဲ့ကြသူများ ဖြစ်ကြောင်း သိရသည်။



ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၄၃ ဦးနှင့် ချင်းရွှေဟော်မြို့နှင့် ထိစပ်လျက်ရှိသည့် လားရှိုးခရိုင် ကွမ်းလုံမြို့နယ်မှ နေရပ်ပြန်ပြည်သူ ၂၀ တို့အား ကွမ်းလုံမြို့နယ်မှ တာဝန်ရှိသူများနှင့် ချိတ်ဆက်ပြီး ချင်းရွှေဟော်မြို့ သန္တိသုခလူမှုကူညီရေးအသင်းယာဉ်ဖြင့် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျစီစဉ် လွှဲပြောင်းပို့ဆောင်ပေးခဲ့ကာ ကျန်ရှိသည့် အခြားမြို့နယ်များမှ နေရပ်ပြန်ပြည်သူ ၂၃ ဦးတို့အား ချင်းရွှေဟော်မြို့ မြို့တော်ခန်းမ အသွားအလာကန့်သတ်ထားသည့် နေရာတွင်ထားရှိပြီး ချင်းရွှေဟော်မြို့ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှ ၎င်းတို့အား ကိုဗစ်–၁၉ ရောဂါပိုး ရှိ/မရှိ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း ချင်းရွှေဟော်မြို့ ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီထံမှ သိရသည်။(ဝဲပုံ) **ဇင်ဇင်(ပြန်/ဆက်)**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညို



**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

COVID-19 ရောဂါ ဖြစ်ပေါ်မှုအခြေအနေများကြောင့် ဖူးမြော်ခွင့် ယာယီရပ်ဆိုင်းထားရှိသည့် နိုင်ငံတစ်ဝန်းမှ ဘုရား၊ စေတီပုထိုးများကို COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ဖူးမြော်ခွင့်ပြုခဲ့ရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ လာရောက်ဖူးမြော်ကြည်ညိုကြသူ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများသည် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကုသိုလ်ယူလျက်ရှိကြသည်။

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိ လည်းကောင်း၊ နံနက် ၈ နာရီမှ ၉ နာရီအထိ လည်းကောင်း၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ လည်းကောင်း နံနက်ပိုင်း ၃ ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိ လည်းကောင်း၊ ညနေ ၃ နာရီမှ ၄ နာရီအထိ လည်းကောင်း၊ ညနေ ၅ နာရီမှ ၆ နာရီအထိလည်းကောင်း ဖူးမြော်နိုင်ရေး ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**



## ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သာကေတမြို့နယ် တိပိဋကာလင်္ကာရကျောင်းသို့ လှူဖွယ်ပစ္စည်းများလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးသည် တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၀ ရက် ညနေပိုင်းတွင် သာကေတမြို့နယ် (၁၀) တောင်ရပ်ကွက်ရှိ တိပိဋကာလင်္ကာရအမှတ်(၁)ကျောင်းရှိ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ အဂ္ဂသာမိထံ သွားရောက်ဖူးမြော်ကြည်ညိုကာ သာသနာရေးရာကိစ္စရပ်များကို လျှောက်ထားပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

**တိုင်းဒေသကြီး(ပြန် /ဆက်)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် လွိုင်လင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီနှင့် ကျောက်မဲမြို့၊ ပင်လောင်းမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မိုး/ဇလ**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ လက်ခံကုသ၊ ပြင်ပမှဆရာဝန်များ ၎င်းတို့၏သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ ယာယီကုသရေးဆေးရုံများဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ တပ်မတော်မှ ပြည်သူများအား လူသားချင်းစာနာစိတ်ဖြင့် ကူညီစောင့်ရှောက်ပေးနေသည်ကို သိရှိလာသဖြင့် ပြင်ပမှဆရာဝန် ခြောက်ဦးသည် ၎င်းတို့၏ သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၄၇၈၉ ဦး၊ အတွင်းလူနာ ၂၁၀၁ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လာရောက်ကုသမှု ခံယူလျက်ရှိသည့် လူနာများအနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၁၇၇ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၁၀၀ ဦး၊ စုစုပေါင်း ၂၇၇ ဦး တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံ အသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၁၀၈ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၁၈၃ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ်ကလေးငယ် ၂၉၁ ဦးကို မွေးဖွားနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ အချိန်မရွေး ဆက်သွယ်ဆေးကုသမှု ခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာဆေးရုံများမှလည်း လွှဲပြောင်းကုသမှု ခံယူနိုင်ကြောင်း သိရှိရသည်။

ယနေ့တွင် သက်ဆိုင်ရာမြို့နယ်များရှိ နယ်မြေခံတပ်မတော်ဆေးရုံများသို့ ဆေးရုံ လာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**







## သုတဝေဖြာသီရိဂေဟာ အသိပညာပေးအစီအစဉ် မိသားစုပြိုင်ပွဲ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

သုတဝေဖြာသီရိဂေဟာ အသိပညာပေး အစီအစဉ် (Family Quiz) မိသားစုပြိုင်ပွဲ၏ ပွဲစဉ် (၉) ကို ဖေဖော်ဝါရီ ၁၂ ရက် ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ပွဲစဉ် (၉) ၏ COVID-19 ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို သရုပ်ဆောင် ကျော်ကျော်နှင့် နန်းဆုဦးတို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၂ ရက်နှင့် ဖေဖော်ဝါရီ ၁၃ ၊ ၁၄ ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် သီရိမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်းတွင် ငွေကျပ် ၇ ဒသမ ၆၅ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် သီရိမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်းတွင် ငွေကျပ် ၇ ဒသမ ၆၅ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၉ ရက် နံနက် ၅ နာရီခွဲတွင် နောင်ချိုမြို့နယ် အိုရီရမ်တယ် တိုးဂိတ်အနီး၌ ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်မှ မန္တလေးသို့ ကျော်ဝင်းထွန်း (ခ)ကိုလင်း မောင်းနှင်ပြီး အောင်မိုးကျော် လိုက်ပါလာသော Canter မော်တော်ယာဉ်ပေါ်တွင် ပြောင်းဖူးအိတ်များအောက်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သို၀ှက်သယ်ဆောင်လာကြောင်း။

စစ်ဆေးပေါ်ပေါက်ချက်အရ အဆိုပါယာဉ်အား လျှို့၀ှက်ကြပ်မတ်၍ စိတ်ကြွရူးသွပ်ဆေးပြားများအား စောင့်ယူမည့်သူ ဖြိုးဝေသိန်း(ခ)စောမင်းခန့်အား နံနက် ၁၀ နာရီခွဲခန့်တွင် ပြင်ဦးလွင်မြို့နယ် မြိုင်ကြီးကျေးရွာအနီး၌ Wish မော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိပြီး ၎င်းအား စစ်ဆေးဖော်ထုတ်ချက်အရ အမရပူရမြို့နယ် သီရိမင်္ဂလာ ကုန်တင်ယာဉ်ရပ်နားစခန်းတွင် တစ်ဆင့်လွှဲပြောင်းပေးရမည်ဖြစ်ကြောင်း။

ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် အဆိုပါယာဉ်များကို ကြပ်မတ်ထိန်းသိမ်းကာ ဆက်သွယ်ချိန်းဆိုသောနေရာ၌ စောင့်ကြည့်နေစဉ် ညနေ ၅ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများအား လာရောက်လက်ခံယူသော စိုင်းအောင်အောင်ဦး၊ ချစ်ကိုကိုနှင့် သိန်းမြင့်ဇော်တို့ သုံးဦးအား မော်တော်ယာဉ် နှစ်စီးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ပြီး Canter ယာဉ်ပေါ်မှ ငွေကျပ် ၇ ဒသမ ၆၅ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၁ သန်းအား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ကျိုင်းတုံ၊ မိုင်းရယ်နှင့် တာချီလိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၉ ရက် ညနေပိုင်းတွင် ကျိုင်းတုံမြို့နယ် ဂျိုးဖြူကျေးရွာအနီး ကျိုင်းတုံ-မိုင်းခွန်သွားကားလမ်းတွင် အားပေါင်း မောင်းနှင်ပြီး မဘူးညွန့် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း၊ ထို့နောက် ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မိုင်းရယ်မြို့နယ် နားလီကျေးရွာအုပ်စု နားလီကျေးရွာတံတားအနီးတွင် ဇင်ထူးအောင် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၅၀၀ ကို လည်းကောင်း၊ အလားတူ ထိုနေ့ နံနက်ပိုင်းတွင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ဝမ်ကျောက်လုံကျေးရွာအနီး ဝမ်ကျောက်လုံ- ပန်စလိကျေးရွာသွားလမ်းတွင် အားဝေ မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ဇင်ထူးအောင် အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၁၀ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၃၁၀၊ သွင်းကုန် ၃၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက်ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၁၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ်၂ ဒသမ ၈၅၀ သန်း တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော တရားမဝင်အကောက်ခွန်မဲ့ ဘေထုပ်ဟုယူဆရသော အဝတ်အထည်အဟောင်းထုပ် ၅၂ ထုပ်(၁၉၀၀ ကီလို)အား ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တရားဝင် အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော တရားမဝင်အကောက်ခွန်မဲ့ ဘေထုပ်ဟုယူဆရသော အဝတ်အထည်အဟောင်းထုပ်။

**●ကျောဖုံးမှ**

ခွင့်ပြုပေးခဲ့ရပြီးနောက် ချေပဂိုးရရှိရန် ကြိုးစားလာခဲ့ပြီး ပွဲကစားချိန် ၃၆ မိနစ်တွင် အဲဗာတန်အသင်း ချေပဂိုးရရှိခဲ့သည်။ အဆိုပါ ဂိုးကို ကားဗက်လီဝင်က သွင်းယူပေးခဲ့သည်။ ထို့နောက် အဲဗာတန်အသင်းမှ ရစ်ချတ်လီဆန်၊ ဆီဂတ်ဆန်တို့က ပွဲကစားချိန် ၃၈ မိနစ်နှင့် ၄၃ မိနစ်တို့တွင် သွင်းယူပေးနိုင်ခဲ့ပြီး စပါးအသင်းမှ လာမယ်လာက ပွဲကစားချိန် ၄၅ မိနစ်တွင် ချေပဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ပထမပိုင်းပွဲချိန်အတွင်း အဲဗာတန်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ပြီးနောက် စပါးအသင်းသည် ပွဲကစားချိန် ၅၃ မိနစ်တွင် ဘတ်ဝင့်ဂ်နေရာကို ဟယ်ရီကိန်းဖြင့် အစားထိုးလဲလှယ်ခဲ့သည်။ အဲဗာတန်အသင်းကလည်း ပွဲချိန် ၅၅ မိနစ်တွင် ကားဗက်လီဝင်၏ နေရာကို ကိုးမန်းဖြင့် အစားထိုးလဲလှယ်ခဲ့သည်။ စပါးအသင်းအတွက် တတိယမြောက်ချေပဂိုးကို ဆန်းချက်ဇ်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့ကြောင့် တစ်ဖက်သုံးဂိုးစီဖြင့် ပွဲမှာအကြိတ်အနယ်ရှိလာခဲ့သည်။ စတုတ္ထမြောက်ဂိုးကို အဲဗာတန်အသင်းကပင် ရရှိခဲ့ပြီး ပွဲကစားချိန် ၆၈ မိနစ်တွင် ဆီဂတ်ဆန်၏ ဖန်တီးပေးမှုမှတစ်ဆင့် ရစ်ချတ်လီဆန်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် နည်းပြမော်ရင်ညို အသင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး မော်ရာ၏နေရာကို အလီဖြင့် အစားထိုးလဲလှယ်ခဲ့သည်။ ပွဲကစားချိန် ၈၃ မိနစ်တွင် စပါးအသင်းအတွက် စတုတ္ထမြောက် ချေပဂိုးကို ဆွန်ဟောင်မင်၏ ဖန်တီးပေးမှုမှတစ်ဆင့် လူစားဝင်ကစားသမား ဟယ်ရီကိန်းက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် နှစ်သင်းစလုံး ပွဲချိန်ပြီးဆုံးသည်အထိ ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ တစ်ဖက်လေးဂိုးစီ သရေကျနေခဲ့သောကြောင့် အချိန်ပိုဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ အချိန်ပို ၉၇ မိနစ်တွင်တော့ ဆီဂတ်ဆန်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဘားနက်က အဲဗာတန်အသင်းအတွက် ငါးဂိုးမြောက်သွင်းဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် စပါးအသင်းသည် အချိန်ပိုပြီးဆုံးသည်အထိ ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိသောကြောင့် ပွဲအပြီးတွင် ငါးဂိုး-လေးဂိုးဖြင့် အက်ဖ်အေဖလားပြိုင်ပွဲကို ပဥ္စမအဆင့်မှ နှုတ်ဆက်ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

အခြားသောပွဲစဉ်များတွင် မန်စီးတီးအသင်းက ဆွမ်ဆီးအသင်းကို သုံးဂိုး-တစ်ဂိုး၊ ရှက်ဖီးလ်အသင်းက ဘရစ္စတိုးလ်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ လက်စတာအသင်းက ဘရိုက်တန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အသီးသီး အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

**ဇော်ဇော်**

# သက်တမ်းတိုးမှုကို ပယ်ချလိုက်ပြီးနောက် ဘာနေဗျူးမှထွက်ခွာရန် နီးစပ်နေသည့် ရီးရဲခံစစ်မှူး ရာမို့စ်

အသင်းခေါင်းဆောင် ဆာဂျီယို ရာမို့စ်သည် ရီးရဲမက်ဒရစ်အသင်း၏ နှစ်နှစ်သက်တမ်းတိုး ကမ်းလှမ်းမှုတစ်ရပ်ကို ပယ်ချလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ထို့ကြောင့် ရာမို့စ်အနေဖြင့် ရာသီအကုန်တွင် ဘာနေဗျူးမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန် အလွန်နီးစပ်လာပြီဖြစ်သည်။

စပိန်ခံစစ်မှူး ရာမို့စ်သည် ၂၀၀၅ ခုနှစ် နွေရာသီ အပြောင်းအရွှေ့ကာလတွင် ဆီဗီလာအသင်းမှ ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး ယခုနှစ်ရာသီတွင် အသင်းအတွက် ၁၈ ပွဲ အပါအဝင် ပြိုင်ပွဲအရပ်ရပ် ၆၆၈ ပွဲ ပါဝင်ကစားကာ ဂိုး ၁၀၀ သွင်းယူပေးထားနိုင်သည့်ကစားသမားတစ်ဦးဖြစ်သည်။

ထို့အပြင် ရာမို့စ်သည် မိခင်နိုင်ငံ စပိန်အသင်းအတွက်လည်း ပွဲပေါင်း ၁၇၈ ပွဲပါဝင်ကစားထားကာ ၂၃ ဂိုးသွင်းယူပေးထားနိုင်သူဖြစ်သည်။ သို့သော်လည်း ရာမို့စ်သည် နည်းပြဇီဒန်း၏ ရီးရဲမက်ဒရစ်အသင်းနှင့် ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ နောက်ဆုံးနှစ်သို့ ရောက်ရှိလာပြီ ဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းသည် သက်တမ်းတိုး ကမ်းလှမ်းမှုကို ရာမို့စ်က ပယ်ချလိုက်ပြီးနောက် နောက်ထပ်ကမ်းလှမ်းမှု ဆက်လက်လုပ်ဆောင်သွားဖွယ်မရှိကြောင်း သိရသည်။ အဆိုပါ ခံစစ်မှူးသည် လက်ရှိတွင် ဒူးဒဏ်ရာခွဲစိတ်ကုသမှုခံယူပြီးနောက် လေ့ကျင့်ရေးလုပ်ငန်းများပြန်လည်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ၎င်းသည် ရီးရဲမက်ဒရစ်အသင်းအတွက် ဇန်နဝါရီ ၁၄ ရက်က စပိန်စူပါဖလားဆီမီးဖိုင်နယ် ပွဲစဉ်အဖြစ် ဘီလ်ဘာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားပြီးနောက်ပိုင်း အသင်းအတွက် ကစားပေးထားနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

ရာမို့စ်အနေဖြင့် အသင်းမှ ထွက်ခွာသွားပါက အဆိုပါ ကစားသမား၏နေရာကို ဘိုင်ယန်မြူးနစ်အသင်းမှ ဒေးဗစ်အလာဘာနှင့် အစားထိုးရန် ချိန်ရွယ်နေကြောင်း သိရသည်။ အလာဘာသည် လာမည့် နွေရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ ကုန်ဆုံးတော့မည်ဖြစ်သည့်အတွက် ၎င်းကို ခေါ်ယူမည့်အသင်းများအနေဖြင့် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည် ဖြစ်သည်။ အသက် ၂၈ နှစ်အရွယ်ရှိ အလာဘာသည် ဘိုင်ယန်မြူးနစ်အသင်း၌ ၁၂ နှစ်ကြာ ဖြတ်သန်းထားသူဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာချင်ကြောင်း ပြောကြားထားသည့် အလာဘာကို ရီးရဲမက်ဒရစ်အသင်းက ကာလရှည် စာချုပ်ဖြင့် ကမ်းလှမ်းမှုပြုလုပ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ၎င်းသည် ဘိုင်ယန်မြူးနစ်အသင်းက အပိုဆုကြေးအပါအဝင် တစ်ပတ်ပေါင် ၂၅၀၀၀၀ ခန့်နှင့်အတူ ငါးနှစ်စာချုပ်သစ် ချုပ်ဆိုရန် ကမ်းလှမ်းမှုတစ်ရပ်ကို ပယ်ချထားသူလည်း ဖြစ်သည်။ ချယ်ဆီးအသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း အဆိုပါကစားသမား၏ တစ်ပတ်လုပ်ခလစာ ပေါင် ၄၀၀၀၀၀ ကို ပေးချေရန် ဆန္ဒမရှိကြောင်း သိရသည်။ ထို့ကြောင့် ရီးရဲမက်ဒရစ်အသင်းအနေဖြင့် ရာသီကုန်တွင် ခံစစ်မှူး ရာမို့စ်ထွက်ခွာသွားပါက ဘိုင်ယန်မြူးနစ်အသင်းမှ ကစားသမား ဒေးဗစ်အလာဘာဖြင့် အစားထိုးသွားနိုင်မလား စိတ်ဝင်စားစောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**



## ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကောင်စီအဖွဲ့ဝင်များနှင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအဖွဲ့ တာဝန်ရှိသူများနှင့်တွေ့ဆုံ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ကောင်စီအဖွဲ့ဝင်များနှင့်ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းအဖွဲ့တာဝန်ရှိသူများနှင့်တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက ရန်ကုန်တိုင်းဒေသကြီးအတွင်းနေထိုင်ကြသော ကျေးလက်နှင့် မြို့ပြနေပြည်သူများအားလုံးလူမှုစီးပွားရေးလုပ်ငန်းများနှင့် စားဝတ်နေရေးကိစ္စရပ်များအတွက် လျှပ်စစ်ဓာတ်အားသည် အရေးကြီးကြောင်း၊ လျှပ်စစ်မီးပြတ်တောက်ပါက နောက်ဆက်တွဲကိစ္စရပ်များ ဆင့်ကဲဖြစ်ပွားနိုင်သဖြင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအဖွဲ့အနေဖြင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေး အထူးအလေးထားဆောင်ရွက်ပေးရန်လိုကြောင်းနှင့် အခက်အခဲနှင့်လိုအပ်ချက်များရှိပါက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်းလျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုနှင့်ပတ်သက်၍ ၂၄ နာရီဝန်ဆောင်မှုပေးနေသည့်အခြေအနေများ၊ ဓာတ်အားခကောက်ခံရာတွင် ဖြေလျှော့ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ညှိနှိုင်းပေါင်းစပ်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါညှိနှိုင်းအစည်းအဝေးသို့ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်လတ်၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး

(ပြန်/ဆက်)




## ကျောင်းကုန်းမြို့နယ်၌ ကျောင်းဆောင်သစ်များ တည်ဆောက်နိုင်ရေးဆွေးနွေး

**ကျောင်းကုန်း ဖေဖော်ဝါရီ ၁၁**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေဖြင့် အခြေခံပညာကျောင်းဆောင် သစ်များ ဆောက်လုပ်ရန် မြို့နယ်ကြီးကြပ်မှုကော်မတီနှင့် ကျောင်းအုပ်ကြီးတို့ ယမန်နေ့က မြို့နယ်ပညာရေးမှူးရုံးရှိ မြတ်ပညာခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါကျောင်းများမှာ အ.မ.က ဇီးကုန်း (ကျားကိုက်ချောင်း)ရှိ အန္တရာယ်ရှိကျောင်းဆောင် ဖျက်သိမ်း၍ (၉၀x ၃၀) ပေ တစ်ထပ်ကျောင်းဆောင်အသစ်ဆောက်ရန်၊ အ.ထ.က (ခွဲ)ပုဂံစုကျောင်းသား ဦးရေအရ (၉၀ x ၃၀)ပေ တစ်ထပ်ကျောင်းဆောင်အသစ်ဆောက်ရန်နှင့် အ.မ.က(ခွဲ) တိုက်ကုန်းအန္တရာယ်ရှိကျောင်းဆောင် ဖျက်သိမ်း၍ (၉၀ x ၃၀)ပေ တစ်ထပ်ကျောင်းဆောင်အသစ်ဆောက်ရန်တို့ဖြစ်ပြီး မြို့နယ်အတွင်းရှိ ရွှေဘုန်းလျှံကုမ္ပဏီ၊ တက်လမ်းသာ ကုမ္ပဏီနှင့် Archi World ကုမ္ပဏီတို့က တာဝန်ယူတည်ဆောက်နိုင်ရေး မြို့နယ်ကြီးကြပ်မှုကော်မတီမှ ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံညှိနှိုင်းကာ အရည်အသွေးပြည့်ဝသောကျောင်းဆောင်သစ်များ ရရှိနိုင်ရေးဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြို့နယ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးကြကြောင်း သိရသည်။

ဝင်းကြိုင်

(ပြန်/ဆက်)

အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၂ - ၂၀၂၁

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၅၅၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၇၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၅၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၄၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၇၅၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၉၀/၇၂၅ | ကျပ် | ၇၂၅/၇၃၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၇၀၀/၇၄၀ | ကျပ် | ၇၄၀/၇၅၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၅၅/၆၈၅ | ကျပ် | ၇၂၀/၇၂၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၈၀/၈၀၀ | ကျပ် | ၈၄၅/၈၆၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၁ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၉၈ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၅၇ . ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၃၆ . ၈ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၃၈ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၈၄ . ၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၇ . ၀၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၂၆၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၆ . ၈၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၆ . ၆၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၈၈၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၆၀၀ | ၉၆၀၀ | ၂၂၀၀ | ၂၁၁၂၀၀၀၀ |
| MTSH | ၃၅၀၀ | ၃၆၀၀ | ၁၄၈၀ | ၅၂၃၅၀၀၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၅ | ၄၁၅၀၀ |
| FPB | ၂၂၀၀၀ | ၂၂၅၀၀ | ၄၉၇ | ၁၀၉၃၄၅၀၀ |
| TMH | ၂၆၅၀ | ၂၇၅၀ | ၂၂၄ | ၆၀၆၅၀၀ |
| EFR | ၃၃၀၀ | ၃၂၀၀ | ၈ | ၂၅၇၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မြန်မာ့ရိုးရာသနပ်ခါး ယဉ်ကျေးမှု

ကိုကျော်စွာ(ကျိုက်ပီ)

**မြန်မာ့သနပ်ခါးကို မြန်မာပြည်ရှိ ကလေးများမှစ၍ ဘိုးဘွား၊ မိဘအထိ နှစ်သက်မြတ်နိုးစွာ လိမ်းခြယ်နေကြသည်မှာ ယနေ့တိုင်အောင်ပင်ဖြစ်ပါသည်။ တစ်ခါတစ်ရံတွင် အမျိုးသားများပင် လိမ်းလေ့ရှိပါသည်။ အထူးသဖြင့်တော့ မြန်မာအမျိုးသမီးတိုင်းက မြန်မာ့သနပ်ခါးကို နှစ်သက်စွာလိမ်းကြပါသည်။ ယခုခေတ်တွင် ခေတ်မီအလှကုန်ပစ္စည်း အမျိုးစုံစွာရှိနေသော်ငြားလည်း မြန်မာ့သနပ်ခါးကိုမူ လွှမ်းမိုးနိုင်စွမ်းမရှိပေ။ မြန်မာနိုင်ငံနေရာဒေသ အနှံ့အပြားတွင် ရိုးရာယဉ်ကျေးမှုမြောက်မြားစွာရှိပါသည်။ အချို့သော ရိုးရာယဉ်ကျေးမှုများသည် ပျောက်ကွယ်လုရှိပြီး၊ အချို့သော ရိုးရာယဉ်ကျေးမှုများသည်ကား ယနေ့အထိ တည်ရှိနေကြပါသည်။**

မြန်မာ့ရိုးရာတေးဂီတ အနုပညာယဉ်ကျေးမှု၊ ဘာသာသာသနာ ယဉ်ကျေးမှု၊ ပန်းဆယ်မျိုးဆိုင်ရာ အနုပညာယဉ်ကျေးမှုများ စသည်တို့သည် ယနေ့ခေတ်တိုင်အောင် တည်ရှိနေကြသည်။ သို့သော် အချို့သော ရိုးရာယဉ်ကျေးမှုများသည် တဖြည်းဖြည်း မှေးမှိန်ပျောက်ကွယ်လုဖြစ်လာပြီး အဘိုးအဘွားနှင့် အမိအဖတို့ ပြောပြလေ့ရှိသော အိပ်ရာဝင်ပုံပြင်တစ်ခုအဖြစ်သာ ကျန်တော့သည်။ ထိုရိုးရာယဉ်ကျေးမှုများစွာထဲကမှ မြန်မာအမျိုးသမီးတို့ ယနေ့အထိ နှစ်နှစ်ကာကာ မြတ်မြတ်နိုးနိုး တန်ဖိုးထားလျက်ရှိသော ရိုးရာယဉ်ကျေးမှုတစ်ခုရှိပါသည်။ ယင်းကား မြန်မာ့ရိုးရာသနပ်ခါး ယဉ်ကျေးမှုပင် ဖြစ်ပါသည်။



မြန်မာ့ကျေးလက်နေ လုံမပျိုတို့သည် သနပ်ခါးကို နေ့စဉ်နေ့တိုင်း လိမ်းလေ့ရှိကြသည်။ နွေရာသီကောက်ရိတ်သိမ်းချိန်များဆိုလျှင် နေအပူဒဏ်နှင့် အသားအရေထိခိုက်မှုကို ကာကွယ်သည့်အနေဖြင့် သနပ်ခါးထူထူလိမ်းလျက် ပါးကွက်ကျား ထူထူကွက်ကာ ကောက်ရိတ်ဆင်းကြပါသည်။ မြို့ပြနေအမျိုးသမီးများသည်လည်း မိတ်ကပ်(Make-up)ကို အောက်ခံထား၍ ပါးပြင်ပေါ်တွင် သနပ်ခါးခပ်ပါးပါးလေး လိမ်းလေ့ရှိပါသည်။ အိမ်နေရင်းအခါ၌ပင် သနပ်ခါးထူထူလိမ်းထားတတ်ကြပြန်သည်။ မြန်မာ့ရိုးရာသနပ်ခါးသည် မြန်မာအမျိုးသမီးများအနေဖြင့် တောရော မြို့ပါနှစ်သက်မြတ်နိုးစွာ လိမ်းလေ့ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုတစ်ခုပင် ဖြစ်ပါသည်။

**“ မြန်မာ့သနပ်ခါးကို ဒြပ်မဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုဟု ဆိုကြပါသည်။ မည်သို့ပင် ဆိုစေကာမူ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်က တည်ရှိလာခဲ့သော မြန်မာ့သနပ်ခါးသည် မြန်မာတို့အတွက်တော့ အဖိုးတန်ယဉ်ကျေးမှုတစ်ရပ် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာ့ရိုးရာယဉ်ကျေးမှုဖြစ်သလို ကျန်းမာရေးအရသော်လည်းကောင်း၊ ဆေးဝါးအဖြစ်သော်လည်းကောင်း၊ ဆယ့်နှစ်ရာသီအလိုက် ပွဲတော်များအဖြစ်သော်လည်းကောင်း သနပ်ခါး၏ အခန်းကဏ္ဍမှာများလှပေသည်။ ဒါ့ပြင် ကဗျာစာပေဘက်တွင်လည်း မှတ်တမ်းတင်ရလောက်အောင် တန်းဖိုးကြီးမား လှပေသည်”**

## မြန်မာ့ရိုးရာသနပ်ခါး၏ အမည်နှင့်အမျိုးအစား

မြန်မာ့သနပ်ခါးသည် “သနခါ”ဟူသော စကားမှ ဆင်းသက်လာပြီး “သန”ဆိုသည်မှာ မြန်မာ့အဘိဓာန်တွင် “မသန့်မရှင်းဖြစ်သည်။ ယုတ်ညံ့သွားသည် ”ဟုဆိုပါသည်။ “ခါ” ကမူ “စွန့်ထုတ်ခြင်း”ဟု အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် “သနခါ” ဟူသည် မကောင်းသော အညစ်အကြေးများကို စွန့်ထုတ်ပေးသောအရာပင်ဖြစ်ပါသည်။ သနခါမှ ကာလရွေ့လျားလာ၍ သနပ်ခါးဟု ပြောင်းလဲလာခြင်းဟု ယူဆနိုင်ပါသည်။ သနပ်ခါးသည် မြန်မာ့နံ့သာ ၁၀ မျိုးတွင် အခေါက်နံ့သာ တစ်မျိုးဖြစ်သည်။ မာလာအောင်(ယဉ်ကျေးမှု)၏ ဆောင်းပါးတွင် သနပ်ခါး၏ အမည်နာမနှင့် အမျိုးအစားများကိုခွဲခြားဖော်ပြထားသည်ကိုလည်း တွေ့ရပါသည်။ အနည်းငယ်ထုတ်နုတ်ဖော်ပြပါမည်။

(၁)မြန်မာအမည်-သနပ်ခါး(tha nap kha)
(၂)အင်္ဂလိပ်အမည်- Chinese Box Tree
(၃)မျိုးရင်း- - Rutaceac
(၄)မျိုးစု- - Limonia
(၅)မျိုးစိတ်- - Acidissima
(၆)သိပ္ပံအမည်- - Naringi Crenulata (Robx)စသည့်တို့ ဖြစ်ပါသည်။

## မြန်မာ့ရိုးရာသနပ်ခါးသမိုင်း

မြန်မာတို့သနပ်ခါးလိမ်းသည့် ရိုးရာယဉ်ကျေးမှု ဓလေ့သည် အေဒီ ၅ ရာစုမှ အေဒီ ၉ ရာစုအတွင်း စတင်ထွန်းကားခဲ့ပြီး ပျူခေတ်ကတည်းက သနပ်ခါးကို နှစ်သက်စွဲလမ်းစွာ အသုံးပြုလာကြသည်ဟု ယူဆကြပါသည်။ မြန်မာ့ရိုးရာသနပ်ခါးယဉ်ကျေးမှုနှင့် ပတ်သက်၍ အေဒီ ၁၁ ရာစု၌ ပုဂံရှိ နဂါးရုံဘုရားနှင့် အပ္ပါယ်ရတနာဘုရားရှိ နံရံဆေးရေးပန်းချီကားများတွင် သနပ်ခါးနှင့် ယှဉ်တွဲအသုံးပြုလေ့ရှိသော ကျောက်ပျဉ်နှင့်အလှဆင်နေသည့် မိန်းမပျိုပုံများကို တွေ့ရသောကြောင့် ပုဂံခေတ်တွင်လည်း မြန်မာမိန်းမပျိုတို့သည် သနပ်ခါးဖြင့် အလှဆင်လိမ်းခြယ်ကြကြောင်း သိနိုင်ပါသည်။

ဒါ့အပြင် ပခန်းသားတို့၏ ပါးစပ်ရာဇဝင်ကိုလည်း ဖော်ပြပါဦးမည်။ အလောင်းစည်သူမင်းကြီးသည် ဖောင်စကြာဖြင့် တိုင်းခန်းလှည့်လည်စဉ်အခါက ပခုက္ကူခရိုင် ပခန်းကြီးမြို့ အနောက်ဘက် နှစ်မိုင်ခန့်အကွာ ရှင်မတောင် အနီးရှိ တောင်နီတောင်၊ အချို့က နောင်နီတောင်ဟု ရေးသားကြသည်။ ထိုတောင်နီတောင်အနီးသို့ ရောက်သောအခါ မိဖုရားကြီး အသုံးပြုသော သနပ်ခါးအစ်(အလွန်မွှေးကြိုင်သော သနပ်ခါးအရည် ထည့်ထားသောကွမ်းအစ်)သည် တိမ်းမှောက်သွားသဖြင့် အဆိုပါ ရှင်မတောင်ဒေသ တစ်ဝိုက်တွင် ပေါက်သောသနပ်ခါးသည် အခြားသော ဒေသထွက်သနပ်ခါးထက် ပို၍မွှေးကြိုင်သည်ဟု ယူဆကြပါသည်။ ဤကား ပခန်းသားတို့၏ ပါးစပ်ရာဇဝင်ပင် ဖြစ်ပါသည်။

ဘုရင့်နောင်မင်းတရားကြီး၏ သမီးတော် ခတုကလျာမင်းသမီးအမည်ပါသော ကျောက်ပျဉ်ကို ပဲခူးရွှေမော်ဓောစေတီ၌ တွေ့ရသည်ဟု ဆိုသောကြောင့် တောင်ငူခေတ်မှာလည်း သနပ်ခါးလိမ်းခြယ်မှု တွင်ကျယ်နေကြောင်း သိနိုင်သည်။ ဒါ့အပြင် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျလက်ထက်တွင်လည်း ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အပိုင် ဧရာဝတီမြစ်အနောက်ဘက် သီဟတောဘုရား၏ တောင်ဘက် နှစ်မိုင်ခန့်လောက်ရှိ ကပ္ပတ်ဟုခေါ်သော ရွာတွင် နန်းတော်သုံး တော်ဝင်သနပ်ခါးထွက်ရှိကြောင်း မှတ်သားရပါသည်။ မြန်မာ့သနပ်ခါးသည် သမိုင်းအဆက်ဆက်မှ ယနေ့တိုင်အောင် တည်ရှိနေသော မြန်မာ့ရိုးရာယဉ်ကျေးမှု စစ်စစ် ဖြစ်ပါသည်။ ကဗျာစာပေထဲက မြန်မာ့ရိုးရာသနပ်ခါး မြန်မာ့သနပ်ခါးသည် ခေတ်သမိုင်းအဆက်ဆက် တည်ရှိခဲ့သလို မြန်မာစာပေများတွင်လည်း မှတ်တမ်းတင် ရေးဖွဲ့ခဲ့သည်ကို တွေ့ရပါသည်။ သက္ကရာဇ် ၇၄၅ ခုနှစ် ရာဇာဓိရာဇ်မင်းသားသည် မင်းသားဘဝနှင့် ဒဂုံသို့ချီတက်ရာတွင် ကြင်သူသက်ထားထံသို့ ရေးပို့ခဲ့သော သုံးထောင့်အိုင်ချင်းတွင် ဤသို့စပ်ဆိုထားပါသည်။ “သနပ်ခါး ကျောက်ပြင်ပေါ်တွင်၊ သောက်တော်ရေနှင့် ရောသွေးပါလျှင်၊ နံ့သာအပေါ် ကျဲတတ်တယ်”ဟုလည်းကောင်း၊ သက္ကရာဇ် ၈၅၅ ခုနှစ် အင်းဝခေတ် ဒုတိယမင်းခေါင်လက်ထက်တွင် ရှင်မဟာရဋ္ဌသာရ ရေးစပ်ခဲ့သော ဘူရိဒတ်ဇာတ်ပေါင်းပျို့တွင် “ဤစာသာရ၊ ဂေါသီတကို၊ နားဝနှစ်ဖက်၊ မြကျောက်ထက်၌၊ ဉာဏ်လက်ကိုင်လေး၊ ဖြေးဖြေးသွေး၍၊ နံ့မွှေးတသုံလိမ်းလင့်ကုန်”ဟူ၍ အင်းဝခေတ်တွင်လည်း မြန်မာ့သနပ်ခါးကို စုံစုံမက်မက် လိမ်းလျက်ရှိကြောင်း သိနိုင်ပါသည်။

ဒါ့အပြင် အမည်မသိရေးစာဆိုတစ်ဦး ရေးဖွဲ့ခဲ့သော ဟန်ချင်းတစ်ပုဒ်တွင် “သနပ်ခါးကွက် ပါးမှာကူ၊ ရွှေမိုင်းသူတော့်၊ ကျုပ်အလှဆုံး” ဟုလည်းကောင်း၊ နန်းတော်ရှေ့ဆရာတင်ကလည်း “ရွှေဘိုသနပ်ခါး” သီချင်းတွင် “ရွှေဘိုသနပ်ခါးတုံးများ၊ ရန်ကုန်လိမ်းဖို့ယူ၊ ဘယ်လိုအသားမဲမဲ၊ ဝါဝါညက်ညက်ဖြူ၊ ပုစွန်တောင် ကြည့်မြင်တိုင်သူနဲ့ မန္တလေးမြို့တော်သူ၊ ရွှေဘိုသနပ်ခါးလိမ်းကြရင်ဖြင့် စိမ်းစိမ်းညက်ညက်ဖြူ”ဟု ရေးဖွဲ့ထားသောကြောင့် မြန်မာ့သနပ်ခါးသည် အသားမည်းသူကိုပင် အသားဖြူ၍ လှပစေပါသည်။

နောက်ထပ်သနပ်ခါးနှင့် ပတ်သက်၍ ရေးခေတ်ဆန်ဖွပ်တေးတစ်ပုဒ်တွင် “ရွှေနံ့သာခေါက်ကိုလ၊ ကျောက်ပျဉ်မှာအသာတင်၊ ခန်းခွင်မှာသွေး၊ လိမ်းမယ်လို့ကြံ၊ မှန်ယူခဲ့ဆံတိုလေးရယ်၊ ပိန်းရိုက်စို့လေး”ဟု လည်းကောင်း၊ ဦးကြီး၏ လေပြေငယ်သုတ်ပါလို့ အစချီထားသောကဗျာတွင် “ညဥ့်ချမ်းရယ်နေရီ၊ ချိန်တော်မီ၊ ကေသီပန်းနှင့် ရေခပ်လမ်းမှာ၊ စခန်းသင့်လို့၊ ထက်ဆင့်နီရောင်ချည်စိမ်းပေါင်းနှင့်၊ ယဉ်အောင်တောသူ၊ သနပ်ခါးကိုလ ကွက်ပါးမှာကူ”ဟူ၍လည်းကောင်း ရေးဖွဲ့ထားပါသည်။ ကျေးတောရွာရှိလူပျိုလူရွယ်လေးများ၏ လှောင်ပြောင်လေ့ရှိတဲ့ “သနပ်ခါးလေးဘဲကျားရိုက်၊ ဟိုကောင်မလေး ငါနဲ့ကြိုက် ”ဟူသော စကားထာလိုလို ဝေါဟာရကို ကြည့်ခြင်းအားဖြင့် မြန်မာမိန်းကလေးများနှင့် မြန်မာ့သနပ်ခါးသည် ခွဲခြား၍မရနိုင်လောက်အောင်ပင် ရိုးရာယဉ်ကျေးမှုအရ ဆက်စပ်လျက်ရှိပြန်ပါသည်။

## ဆေးဖက်ဝင် မြန်မာ့ရိုးရာသနပ်ခါး

သနပ်ခါးသည် အမြင့်ပေ ၂၀-၃၀ အထိမြင့်သော ပင်လတ် မျိုးဖြစ်ပြီး ပင်စည်နှင့် အကိုင်းအခက်များမှာ ၁၊ ၂ လက်မမှ ၁လက်မအထိ ရှည်လျားချွန်ထက်သော မာကျောသည့် ဆူးများရှိသည်ဟု ဆိုပါသည်။ တန်ခူးလနှင့် ကဆုန်လများတွင် ရနံ့သင်းသော အပွင့်များအဆုပ်လိုက်ပွင့်သည်ဟုလည်း သိရပါသည်။ အသီးမှာ အဝါနုရောင်ဖျော့ဖျော့ဖြစ်၍ ချဉ်သည်ဟု သိရသည်။ ဝါခေါင်လနှင့် တော်သလင်းလများမှာ ရင့်မှည့်လေ့ရှိပြီး ငရုတ်ကောင်းစေ့ခန့်ရှိသည်ဟု သိရပါသည်။

မြန်မာ့သနပ်ခါးသည် ဆေးဖက်ဝင်သော အပင်ဖြစ်ပါသည်။ မြန်မာ့ဆေးကျမ်းများအရ သနပ်ခါးသည် ပူ၏။ သွေးကိုကြွစေ၏။ ပူခါးချုပ်ပွင့်ဖြစ်၏။ ငန်းကိုနိုင်စေ၏။ အပူနာနှင့် အအေးနာနှစ်မျိုးလုံးအတွက် သုံးနိုင်၏။ အရွက်၊ အသီး၊ ပင်စည်နှင့် အမြစ်အားလုံး ဆေးအဖြစ်အသုံးပြုနိုင် ကြောင်း သိရသည်။

အရွက်ကိုမူ ဝက်ရူးပြန်ရောဂါဆေး ဖော်စပ်ရာတွင်လည်းကောင်း၊ အနာကြီးရောဂါသည်များအတွက် အရွက်ကို ပြုတ်၍ရေချိုးပေးခြင်းဖြင့် လည်းကောင်း၊ အရွက်ပြုတ်ရည်ကို ဆားများများထည့်၍ သောက်ပါက ငှက်ဖျားရောဂါကို ပျောက်ကင်းနိုင်ပါသည်။ အသီးကိုမူ အဆိပ်ဖြေဆေး၊ ခွန်အားတိုးဆေး၊ ကျောက်ရောဂါ ကာကွယ်ဆေး ဖော်စပ်ရာတွင် လည်းကောင်း၊ ပြင်းထန်သော အဖျားရောဂါများအတွက် ဆေးဖော်စပ်ရာတွင် လည်းကောင်း အသုံးပြုသည်ဟု သိရသည်။

ပင်စည်အပွေးကို သွေး၍ လိမ်းလျှင် နေလောင်ဒဏ်ကို ကာကွယ်ပေးခြင်း၊ ဝက်ခြံအစိုအတွက်မူ သနပ်ခါးတုံးကို သွေး၍ သံပရာရည်ထည့်ကာ လိမ်းပေးပါက ဝက်ခြံအစို ပျောက်ကင်းနိုင်ကြောင်းနှင့် အပူလောင် ဒဏ်ရာများအတွက် သနပ်ခါးထူထူလိမ်းအုံပေးပါက မူလအသားအရေအတိုင်း ပြန်ရရှိနိုင်ကြောင်း မှတ်သားရပါသည်။ အမြစ်ကို ဝမ်းနုတ်ဆေးနှင့်၊ ချွေးထုတ်ဆေး ဖော်စပ်ရာတွင် ထည့်သုံး လေ့ရှိပါသည်။ အမြစ်ကိုသွေး၍ နနွင်းမှုန့်နှင့် ရောသောက်ပါ က မီးယပ်ရောဂါသည်များ သွေးသားမှန်ကန်စေသည်ဟုသိရသည်။ ဆားနှင့်ရော၍ သွေးသောက်ပါက အညောင်းအညာ ပျောက်ကင်းစေသည်ဟုလည်း သိရပါသည်။ အခြား ပျောက်ကင်းနိုင်သော ရောဂါများစွာလည်း ရှိပါသေးသည်။ အနည်းငယ်မျှ ဖော်ပြခြင်းသာ ဖြစ်ပါသည်။

## ဆယ့်နှစ်လရာသီအလိုက် သနပ်ခါးပွဲတော်များ

“နှာရည်စိုရွဲ တပို့တွဲ”ဟု ဆိုသကဲ့သို့ပင် တပို့တွဲလသည် လတကာတို့တွင် အအေးဆုံးဖြစ်ပါသည်။ အအေးဓာတ် လွန်ကဲသောကြောင့် မြတ်စွာဘုရားရှင်သည်ပင် အနွေးဓာတ်ရရှိစေရန် လက်တော်ကို မီးကင်တော်မူကြောင်း မှတ်သားခဲ့ရပါသည်။ ဤသည်ကို အစွဲပြု၍ တပို့တွဲလတွင် သနပ်ခါးထွက်သော အညာဒေသများ၌ သနပ်ခါးအကိုင်းအခက်များ၊ သနပ်ခါးတုံးများအပြင် နံ့သာဖြူ၊ နံ့သာနီများဖြင့် ရောနှောမီးရှို့၍ တပို့တွဲလပြည့်နေ့ အခါသမယတွင် မြတ်စွာဘုရားရှင်အား ပူဇော်လေ့ရှိကြပါသည်။ ဒါကြောင့်မို့ တပို့တွဲလကို “မီးပုံလှူပွဲ တပို့တွဲ”ဟု ခေါ်ဆိုလေ့ရှိပါသည်။ ထို့ကြောင့် တပို့တွဲလပြည့်နေ့ကိုပင် မြန်မာ့သနပ်ခါးနေ့ အဖြစ်သတ်မှတ်ခဲ့ခြင်း ဖြစ်ပေသည်။

ယောမြို့နယ်တွင်မူ သီတင်းကျွတ်လပြည့်နေ့တွင် အပျိုလူပျိုများသည် သနပ်ခါးပွဲတော်ကို ပျော်ပွဲရွှင်ပွဲ တစ်ခုအဖြစ် ကျင်းပလေ့ရှိပါသည်။ ဘုန်းကြီးပျံပွဲများတွင်လည်း အန္တိမစျာပနကို သင်္ဂြိုဟ်ရာတွင် သနပ်ခါးတုံးများကို မီးရှို့၍ ပူဇော်လေ့ရှိကြသည်။ ရခိုင်ပြည်နယ်တွင်လည်း နှစ်စဉ် သင်္ကြန်အကြိုနေ့တွင် နံ့သာသွေးပွဲကို ဆင်နွှဲလေ့ရှိကြောင်း သိရပါသည်။

ဒါ့အပြင် ၁၂ လရာသီအလိုက် မြန်မာ့သနပ်ခါးပွဲတော်များရှိကြောင်းကို မာလာအောင် (ယဉ်ကျေးမှု) ၏ ဆောင်းပါးကို ကိုးကားဖော်ပြချင်ပါသည်။ သနပ်ခါးပွဲတော်များသည် ၁၂ ရာသီရှိသည့်အနက် ရာသီအလိုက်၊ နေရာဒေသအသီးသီးအလိုက် သနပ်ခါးပွဲတော်များကို ကျင်းပလေ့ရှိပါသည်။ တပို့တွဲလမှ တန်ခူးလအထိမင်းဘူး မန်းရွှေစက်တော် ဘုရားပွဲတွင်လည်းကောင်း၊ ကဆုန်လတွင် မကွေးတိုင်းဒေသကြီး စလင်းမြို့ရှိ ရွှေပြည်အေး ဘုရားပွဲတွင် လည်းကောင်း၊ နယုန်လ၌ ပခုက္ကူသီဟိုဠ်ရှင်ဘုရားပွဲတွင်လည်းကောင်း၊ ဝါဆိုလ၌ ပခုက္ကူနှင့် မန္တလေးမြို့ပေါ်ရှိမြို့သာ၊ ဂေါတမ၊ ဆင်စိမ့်နှင့် မအူဘုရားပွဲများ၊ ဝါခေါင်လ၌ မြင်းမူမြို့ရှိ ရှင်စောလူးဘုရားပွဲ၊ တော်သလင်းလတွင်မူ တံတားဦး ငါန်းဇွန်ဘုရားပွဲ၊ သီတင်းကျွတ်၌ မကွေးမြသလွန်ဘုရားပွဲ၊ တန်ဆောင်မုန်းလတွင် ရွှေစည်းခုံဘုရားပွဲ၊ နတ်တော်လတွင် ကျောက်ပန်းတောင်းရှိ စေတီကြီးဘုရားပွဲနှင့် ပြာသိုလ၌ အာနန္ဒာဘုရားပွဲများတွင် လည်းကောင်း သနပ်ခါးပွဲတော်များကို လအလိုက် ကျင်းပလေ့ရှိပါသည်။

နိဂုံးချုပ်အနေဖြင့် ဆိုရပါမူ မြန်မာ့သနပ်ခါးကို ဒြပ်မဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုဟု ဆိုကြပါသည်။ မည်သို့ပင် ဆိုစေကာမူ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်က တည်ရှိလာခဲ့သော မြန်မာ့သနပ်ခါးသည် မြန်မာတို့အတွက် တော့ အဖိုးတန်ယဉ်ကျေးမှုတစ်ရပ် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် မြန်မာ့ရိုးရာယဉ်ကျေးမှုဖြစ်သလို ကျန်းမာရေးအရသော်လည်းကောင်း၊ ဆေးဝါးအဖြစ်သော် လည်းကောင်း၊ ဆယ့်နှစ်ရာသီအလိုက်ပွဲတော်များ အဖြစ်သော်လည်းကောင်း သနပ်ခါး၏ အခန်းကဏ္ဍမှာ များလှပေသည်။ ဒါ့ပြင် ကဗျာစာပေဘက်တွင်လည်း မှတ်တမ်းတင်ရလောက်အောင် တန်းဖိုးကြီးမားလှပေသည်။ ဒါကြောင့်မို့ မြန်မာလူမျိုးတို့အတွက် တန်းဖိုးကြီးမားလှ သော မြန်မာ့ရိုးရာသနပ်ခါး ယဉ်ကျေးမှုကို လက်ဆင့်ကမ်း ထိန်းသိမ်းပါက မြန်မာ့ရိုးရာသနပ်ခါး ယဉ်ကျေးမှုသည် ရေရှည်တည်တံ့နေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

## မင်းဘူးမြို့နယ်၌ ခရမ်းချဉ်သီးဈေးများ ပြန်တက်လာ

**မင်းဘူး ဖေဖော်ဝါရီ ၁၁**

ခရမ်းချဉ်စိုက်ခင်းများ ဖြစ်ထွန်းပြီး လှိုင်လှိုင်ပေါ်နေချိန်တွင် ကိုဗစ်- ၁၉ ကပ်ရောဂါများ ဖြစ်နေသော်လည်း ခရမ်းချဉ်သီးဈေး ပြန်တက်လာသည်ဟု သိရသည်။

"ခရမ်းချဉ်က မီးဖိုချောင်သုံး စားစရာ ရောင်းကုန်အဖြစ်နဲ့ အဓိက ရောင်းချရတာပါ။ စောစောပိုင်းက ခရမ်းချဉ်သီးဈေး ငွေကျပ် ၈၀၀၊ ၁၀၀၀ ကနေ ငွေကျပ် ၁၀၀၊ ၂၀၀ ဈေးအထိ ထိုးကျသွားတော့ ကျွန်တော်တို့ တောင်သူတွေ တော်တော် ဒုက္ခရောက်ကြတယ်။ အခုတော့ ဈေးပြန်တက်လာတဲ့အတွက် တောင်သူတွေအတွက် အဆင်ပြေလာကြပါတယ်"ဟု ခရမ်းချဉ်စိုက်တောင်သူတစ်ဦးက ပြောသည်။



မင်းဘူးမြို့နယ်ရှိ ကျေးရွာများ အနက် ကျောက်တန်းကျေးရွာမှာ ခရမ်းချဉ်ကို အဓိကထားစိုက်ပျိုးသည့် ဒေသဖြစ်ပြီး မိုးခရမ်းချဉ်၊ ဆောင်းခရမ်းချဉ်ဟူ၍ အမျိုးမျိုးစိုက်ပျိုးကြပြီး ယခုမင်းဘူး ခရမ်းချဉ်သီးဈေးကွက်မှာ လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၄၀၀ နှင့် လက်လီဈေး တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ ရောင်းချနေရကြောင်း စိုက်ပျိုးလုပ်ကိုင်သူများထံမှ သိရသည်။

"ဒီနှစ်က အသွားအလာ ကန့်သတ်တဲ့ နယ်မြေတွေလည်း ရှိတော့ ဈေးတော့နည်းနည်း အေးတာပေါ့။ ဒါပေမယ့် အခုရက်ပိုင်း ခရမ်းချဉ်သီးဈေး ပြန်တက်လာတော့ တောင်သူတွေ အသက်ရှူချောင်တာပေါ့" ဟု ကျောက်တန်းကျေးရွာမှ စိုက်ခင်းပိုင်ရှင် မနွယ်နွယ်ဌေးက ပြောသည်။

အပင်ငယ်ချိန်တွင် မိုရောဂါကျရောက်ပြီး ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့ရလေ့ရှိသဖြင့် အထူးဂရုစိုက်ပြီး မိုရောဂါအတွက် ပိုးသတ်ဆေး ဖျန်းပေးရကြောင်း၊ အပင်ကြီးလာချိန်ရောက်လျှင်လည်း ရွက်လိပ်ပိုးနှင့် မိုရောဂါများ ကျရောက်တတ်သဖြင့် အထူးဂရုစိုက်ရကြောင်း ခရမ်းချဉ်စိုက်ပျိုးလုပ်ကိုင်သူများထံမှ သိရသည်။

**ဇေယျာထက်(မင်းဘူး)**

## ဘုတလင်မြို့နယ် တောင်သူလယ်သမားအစုအဖွဲ့က ဘိုကာရှီမြေဆွေး တန် ၆၀ ကျော် ပြုလုပ်ပေးနိုင်ခဲ့

**ဘုတလင် ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် တောင်သူလယ်သမား အစုအဖွဲ့က စိုက်ပျိုးမြေများ၏ မြေဆီလွှာ စွမ်းအား မြှင့်တင်ပေးနိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ်အတွင်းက တောင်သူများအား သဘာဝမြေဩဇာ အီးအမ် ဘိုကာရှီမြေဆွေး တန် ၆၀ ကျော်ကို ကွင်းဆင်း ပြုလုပ်ပေးနိုင်ခဲ့ကြောင်း မြို့နယ်တောင်သူ လယ်သမားအစုအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်ထံမှ သိရသည်။

မြို့နယ်တောင်သူ လယ်သမားအစုအဖွဲ့က ၂၀၂၀ ပြည့်နှစ်အတွင်း ကျေးရွာ ၁၁ ရွာမှ တောင်သူ ၁၁ ဦးအတွက် စိုက်ပျိုးမြေ ၆၁ ဧကတွင် အသုံးပြုနိုင်သည့် အီးအမ် ဘိုကာရှီမြေဆွေး မက်ထရစ်တန် ၆၁ တန်ကို ကွင်းဆင်းပြုလုပ်ပေးခြင်းဖြစ်သည်။



"အီးအမ် ဘိုကာရှီ မြေဆွေးက မြေဆီလွှာ စွမ်းဆောင်ရည်ကို တစ်နှစ်ထက်တစ်နှစ် တိုးလာစေပြီး သီးနှံတွေကို သဘာဝဘေးဒဏ်ဖြစ်တဲ့ ပိုးမွှားရောဂါဘေး၊ မိုးခေါင်တဲ့ဘေးတွေကိုလည်း ခံနိုင်ရည်ရှိစေတယ်။ အီးအမ် ဘိုကာရှီမြေဆွေးကို အသုံးပြုတဲ့အတွက် ဓာတုဆေးဝါးတွေကိုလည်း လျှော့ချနိုင်ပါတယ်။ ဒါ့ကြောင့် မြို့နယ်အတွင်းက တောင်သူတွေ အီးအမ် ဘိုကာရှီ မြေဆွေးကိုအသုံးပြု စိုက်ပျိုးနိုင်ဖို့အတွက် အစုအဖွဲ့ဝင်တွေက ကျေးရွာယာခင်းအရောက် ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု မြို့နယ်တောင်သူလယ်သမား အစုအဖွဲ့ဥက္ကဋ္ဌက ပြောသည်။

အီးအမ် ဘိုကာရှီမြေဆွေးကို နွားချေး၊ ဖွဲနု၊ အသင့်သုံးအီးအမ် (အကျိုးပြု အဏုဇီဝပိုးမွှားရည်)၊ တင်လဲရည်၊ နှမ်းရိုး၊ ဆန်ကွဲ၊ စက်ဖွဲပြာ၊ နှမ်းဖတ်တို့ကို ရေအစိုဓာတ် ၄၀ ရာခိုင်နှုန်း အသုံးပြုကာ အလျား ၁၈ ပေ၊ အနံ ခြောက်ပေနှင့် အမြင့် သုံးပေရှိ မြေဆွေးပုံများကို ပြုလုပ်အသုံးပြုကြသည်။

**ဖိုးခါး(ပြန်/ဆက်)**






# တစ်ပူပေါ်နှစ်ပူဆင့် ကာကွယ်ဆေးအတုနှင့် ဆေးဝါးအတု ပြဿနာ

## မေယု-မျိုးအောင် (MANA)

မြန်မာနိုင်ငံတွင် ဆေးဝါးအတုများနှင့် ယဉ်ပါးနေသည့်ပြဿနာမှာ ကာလကြာမြင့်စွာကတည်းက ဖြစ်သည်။ ပြည်တွင်းဆေးဝါးဈေးကွက်တွင် အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံမှ ထုတ်လုပ်သည့် ဆေးဝါးများကို ကုမ္ပဏီများမှတစ်ဆင့် တရားဝင်တင်သွင်းနေကြသကဲ့သို့ နယ်စပ်ဖြတ်ကျော်ကာ တရားမဝင်တင်သွင်းလာသည့် ဆေးဝါးများလည်းရှိသည်။ ကုမ္ပဏီများမှ တရားဝင်တင်သွင်းနေကြသည့် ဆေးဝါးများသည် အရည်အသွေးနှင့်ပတ်သက်၍ ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်သော်လည်း နယ်စပ်ဖြတ်ကျော်၍ တရားမဝင် တင်သွင်းလာသည့်ဆေးဝါးများမှာ ဝယ်ယူသုံးစွဲသူများအတွက် အတု အစစ် ခွဲခြားပေးနိုင်ရန်မှာ လွယ်ကူမည် မဟုတ်ပေ။

### ကိုဗစ်ကာကွယ်ဆေးအတု

၂။ သို့ဖြစ်ရာ အောက်ပါရေဒီယိုခေတ်ပြားရတေးသီချင်း(၂၃)ပုဒ်နှင့်ပတ်သက်၍ သက်ဆိုင်သည့် မူပိုင် ခွင့် ရှိသူများထံမှ သုံးစွဲခွင့်ပြုနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၃။ အကယ်၍ သဘောမတူပါက ကြော်ငြာပါသည့်ရက်မှစ၍ (၃)ရက်အတွင်း မြန်မာ့အသံနှင့်ရုပ်မြင် သံကြား (ဖုန်း-၀၆၇-၇၉၄၇၇/၇၉၀၈၆)၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မိုးဥ ဖုန်း-၀၉-၅၁၉၆၈၅၀ သို့ ဆက်သွယ်အကြောင်းကြားပေးနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

(၁၅-၂-၂၀၂၁)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ
စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုအစီအစဉ်အဖြစ်
ရိုက်ကူးထုတ်လွှင့်မည့် ရေဒီယိုခေတ်ပြားရတေးသီချင်း(၂၃)ပုဒ်

| စဉ် | သီချင်းအမည် | တေးရေး | မူရင်းအဆို |
|---|---|---|---|
| ၁ | ရွှေတိဂုံကိုမြင်ရင် | ရေနံ့သာဝင်းမောင် | ကေတုဝင်းထွဋ် |
| ၂ | ပင်တိုင်စံ | အေဝမ်းစိုးမြင့်+ကိုညွန့်ဝေ | တင်တင်မြ |
| ၃ | မေတ္တာနုနုစေလိုသူရှင့် | စန္ဒရားချစ်ဆွေ | ထား |
| ၄ | တူရိယာလုလင် | ဦးဘသိန်း | ကိုအုံကြီး |
| ၅ | ဖော်မဲ့ချစ်ငှက်ငယ် | စန္ဒရားကွန်းဖော် | တက္ကသိုလ်လဲ့လဲ့ |
| ၆ | ပုဂံဘုရားဖူး | ရေနံ့သာဝင်းမောင် | ကိုအေးသန်း+ခင်ယုဆွေ |
| ၇ | မြန်မာ့ရှုခင်းမြန်မာ့စိတ်ရင်း | အကယ်ဒမီစန္ဒရားလှထွတ် | ဝင်းဦး |
| ၈ | ဖေယျာကမ်းအလှပန်းချီ | အကယ်ဒမီစန္ဒရားလှထွတ် | ရီရီသန့် |
| ၉ | မောင့်ကိုစောင့်ကြိုဆဲ | ကိုတင်အောင်သန်း | မေနွယ်စိုး |
| ၁၀ | မိသားစုတနင်္ဂနွေ | အကယ်ဒမီ ဂီတလုလင် မောင်ကိုကို | ကိုမင်းနောင်+အေးအေး သွယ်နှင့်အဖွဲ့ |
| ၁၁ | အလွမ်းပြေ | မောင်မောင်လတ် | မောင်မောင်လတ် |
| ၁၂ | ၉၇၂ | တက္ကသိုလ်မောင်တင့်နွယ် | အေးအေးအောင် |
| ၁၃ | ပြည်တော်ဝင် | အေဝမ်းဆရာညွှာ | ဝင်းဦး၊ မြို့မဦးသိန်းတန် |
| ၁၄ | စံပယ်ပွင့်ပြီမောင် | တက္ကသိုလ်မောင်တင့်နွယ် | ကြည်ကြည်ဝင်း |
| ၁၅ | သျှောင်ပေစူး | အကော်ဒီယံအုန်းကျော် | အကော်ဒီယံအုန်းကျော် |
| ၁၆ | အတူတွဲကာ | ရေနံ့သာဝင်းမောင် | အောင်ဖေမြင့်+မေနွယ်စိုး |
| ၁၇ | ဆောင်းအမီ | သောတမောင် | မေလှမြိုင် |
| ၁၈ | ရွှေသဇင် | ဦးတိုး(ရကန်) သံစဉ်-ဂီတလုလင် မောင်ကိုကို | ဝင်းဦး၊ ဂီတလုလင်မောင်ကိုကို |
| ၁၉ | စာရေးကြီး | ဗိုလ်ကလေးတင့်အောင် | ခနုဖြူစိုးသိန်း |
| ၂၀ | ချစ်ခွန်းခြွေသောထိုတစ်ည | စန္ဒရားကွန်းဖော် | ခင်ညွန့်ရီ |
| ၂၁ | အချစ်ရှိသရွေ့ကမ္ဘာတည် နေမယ် | အကယ်ဒမီစန္ဒရားလှထွတ် | တင်တင်မြ |
| ၂၂ | တစ်မိုးတစ်မြေ | အလက်ာကျော်စွာ ရွှေပြည်အေး | သန်းသန်းမေ |
| ၂၃ | သာယာသောညနေ | ဆန်းဦး(မြန်မာ့အသံ) | မြန်မာ့အသံအဖွဲ့ |

## သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော် ဆိုင်ကယ် စီးနင်း သူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုး တပ်၍ စီးနင်းကြရန်နှင့် နှစ်ဦး ထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ် များ စီးနင်းခြင်းမပြုကြ ရန် နှိုးဆော်အပ်ပါ သည်။ လိုက်နာခြင်းမရှိ ပါက တည်ဆဲဥပဒေ အရ ထိရောက်စွာ အရေးယူ ဆောင်ရွက် သွားမည် ဖြစ် ကြောင်း သတိပေး နှိုးဆော်အပ် ပါသည်။ နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

## ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

## မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ ၃၅၇ အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ

### ASIA ELECTRIC WIRE & CABLE CO.,LTD

### (အေးရှားအီလက်ထရစ်ဝိုင်ယာ အင်(န်)ကေဘဲ(လ်)ကုမ္ပဏီလီမိတက်)

### (အစုရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

"ASIA ELECTRIC WIRE & CABLE COMPANY LIMITED" (ဖျက်သိမ်းဆဲ)၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ စာရင်းတင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ် အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များအားလုံး တက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

**ကျင်းပမည့်ရက်နှင့်အချိန်** - ၁၅-၃-၂၀၂၁ ရက် နံနက် ၁၀ နာရီ

**ကျင်းပမည့်နေရာ** - အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊ မိဘာရိပ်မွန်ကွန်ဒို၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)**
**YE NOOS & ASSOCIATES (Law Firm)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**ASIA ELECTRIC WIRE & CABLE COMPANY LIMITED**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် အိတ်ဖွင့်တင်ဒါကြော်ငြာပြင်ဆင်ချက်

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ရုံးသုံးစက်ပစ္စည်း(၁၂)မျိုးနှင့် ပရိဘောဂပစ္စည်း(၉)မျိုးတို့အား ဝယ်ယူလိုကြောင်း ၈-၁-၂၀၂၁ ရက် ကြေးမုံသတင်းစာနှင့် ၉-၁-၂၀၂၁ ရက် မြန်မာ့အလင်းသတင်းစာများတွင် လည်းကောင်း၊ ရုံးသုံးစက်ပစ္စည်း(၁၁)မျိုးအား ၁၁-၁-၂၀၂၁ ရက် ကြေးမုံသတင်းစာနှင့် ၁၂-၁-၂၀၂၁ ရက် မြန်မာ့အလင်းသတင်းစာများတွင် အိတ်ဖွင့်တင်ဒါကြော်ငြာ ထည့်သွင်းခဲ့ပါသည်။

၂။ ၎င်းကြော်ငြာများတွင်ပါရှိသည့် တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်နှင့် တင်ဒါ ဖွင့်လှစ်မည့်ရက်တို့အား အောက်ဖော်ပြပါအတိုင်း ရွှေ့ဆိုင်းဆောင်ရွက်မည် ဖြစ်ပါသည်-

(က) ရုံးသုံးစက်ပစ္စည်း(၁၂)မျိုးနှင့် ရုံးသုံးပရိဘောဂပစ္စည်း(၉)မျိုး

| စဉ် | အကြောင်းအရာ | ရွှေ့ဆိုင်းမည့်ရက် |
|---|---|---|
| ၁ | တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် | ၂၄-၂-၂၀၂၁ ညနေ ၄:၃၀ နာရီ |
| ၂ | တင်ဒါဖွင့်လှစ်မည့်ရက် | ၂၅-၂-၂၀၂၁ ရက် နံနက် ၁၀:၀၀ နာရီ |
| (ခ) | ရုံးသုံးစက်ပစ္စည်း(၁၁)မျိုး | |
| စဉ် | အကြောင်းအရာ | ရွှေ့ဆိုင်းမည့်ရက် |
| ၁ | တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် | ၃-၃-၂၀၂၁ ရက် ညနေ ၄:၃၀ နာရီ |
| ၂ | တင်ဒါဖွင့်လှစ်မည့်ရက် | ၄-၃-၂၀၂၁ ရက် နံနက် ၁၀:၀၀ နာရီ |

၃။ အသေးစိတ်သိရှိလိုသော အချက်များရှိပါက ဖုန်း-၀၆၇-၃၄၃၀၈၂၈၃၊ ၀၆၇-၃၄၃၀၅၉၃(အင်ဂျင်နီယာဌာနစိတ်၊ စက်မှု)သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကြော်ငြာစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃) မန္တလေးခရိုင်တရားရုံးတော် ၂၀၂၀ပြည့်နှစ် တရားမအထွေထွေမှုအမှတ်-၇၈

ကွယ်လွန်သူ ဒေါ်မိ၏ ကျန်ရစ်သောပစ္စည်းနှင့်စပ်လျဉ်းသည့် အမွေထိန်းလက်မှတ် လျှောက်ထားသည့်အမှု

မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာအုပ်စု၊ နားငွေင်းကျေးရွာတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်မိ၏ ကျန်ရစ်သည့်ပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးမောင်မောင်တာက အမွေဆက်ခံခြင်း ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၂၂ရက် (၁၃၈၂ခုနှစ် တပို့တွဲလဆန်း ၁၁ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်မိ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သူ အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၂၂ရက် (၁၃၈၂ ခုနှစ် တပို့တွဲလဆန်း ၁၁ရက်) တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်း လက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးမောင်မောင်တာ၏ လျှောက်ထားလွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၄ရက်တွင် ရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လင်းအောင်သူ)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**မန္တလေးခရိုင်တရားရုံး**

## မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ ၃၅၇ အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ

### THA KHIN MA COMPANY LIMITED

### (သခင်မ ကုမ္ပဏီလီမိတက်)

### (အစုရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

"THA KHIN MA COMPANY LIMITED" (ဖျက်သိမ်းဆဲ)၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိမှ စာရင်းရှင်းလင်း ဖျက်သိမ်းရေးဆိုင်ရာ စာရင်းတင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များအားလုံး တက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

**ကျင်းပမည့်ရက်နှင့်အချိန်** - ၁၅-၃-၂၀၂၁ ရက် နံနက် ၁၀ နာရီ

**ကျင်းပမည့်နေရာ** - အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊ မိဘာရိပ်မွန်ကွန်ဒို၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)**
**YE NOOS & ASSOCIATES (Law Firm)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**THA KHIN MA COMPANY LIMITED**

## ဆွေခိုင်ဆုတံဆိပ်ဆု ရွေးချယ်ပြီးကြောင်းကြေညာချက်

(၁) သဉ္ဇာရောင်စဉ်နှင့်လူမှုကမ္ဘာတို့ပေါင်းစပ်ဖွဲ့စည်းခြင်းပုံရိပ် သဉ္ဇာစာပေပြိုင်ပွဲဆွေခိုင်ဆုတံဆိပ်ဆုကို ၂၀၂၀ပြည့်နှစ်အတွက် **"လူမှုကမ္ဘာထဲက ပျောက်ကွယ်နေသော ကိန်းဂဏန်းများ"** ဆောင်းပါးရှင် **"ဟန်ထွန်းခိုင်"**အား ချီးမြှင့်နိုင်ရန် ရွေးချယ်လိုက်သည်။

(၂) ဂုဏ်ပြုဆုအဖြစ် **"လူမှုဘဝထဲကအသုံးချသဉ္ဇာ"** ဆောင်းပါး ရေးသားသူ **"ဇင်မာလွင်"**၊ **"ဖရက်တယ်ဝိရောဓိမှသည် သုညဆီသို့"** ဆောင်းပါးရေးသားသူ **"ခင်နှင်းနှင်းသိန်း"**၊ **"သဉ္ဇာရယ်၊မှတ်ဉာဏ်တုရယ်၊ Facebook ရယ်"** ဆောင်းပါးရေးသားသူ **"ဒေါက်တာ နှင်းနှင်းကြည်"**၊ **"သဉ္ဇာဘာသာစကား"** ဆောင်းပါးရေးသားသူ **"ဒေါက်တာအေးပြုံး"**တို့ လေးဦးအား ချီးမြှင့်နိုင်ရန် ရွေးချယ်လိုက်သည်။

(၃) ဆွေခိုင်သုတေသနဆု ရရှိသူမရှိပါ။

(၄) ဆုချီးမြှင့်ပွဲအခမ်းအနားကို သတ်မှတ်ရက် ၁၂-၂-၂၀၂၁ ၌ ကျင်းပနိုင်ခြင်းမရှိပါသဖြင့် အခမ်းအနားကျင်းပမည့်ရက်ကို တစ်ဦးချင်းစီထံ ဆက်သွယ်အကြောင်းကြားပါမည်။

**ဆွေခိုင်ဆုတံဆိပ်ဆုရွေးချယ်ရေးအဖွဲ့နှင့်**
**ဆွေခိုင်သုတေသနဆုရွေးချယ်ရေးအဖွဲ့**
**၁၂ ဖေဖော်ဝါရီ ၂၀၂၁**

### တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်နေ(ဘ)ဦးလှရှိန်၏သမီး ဒေါ်ထားထားမြင့်နှင့် ဒေါ်ခင်ထားထား ၅/ရဥန(နိုင်)၀၅၃၂၁၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၂၅-၂-၁၉၇၃ ဖြစ်ပါကြောင်း။**ဒေါ်ထားထားမြင့်(ခ)ဒေါ်ခင်ထားထား**

### ဖခင်အမည်မှန်

မြေပုံမြို့နယ်၊ ပြည့်ချောင်း ကျေးရွာနေ မအေးငြိမ်းချို၏ ဖခင်အမည်မှန်မှာ ဦးမောင်စောသိန်း ၁၁/မပန(နိုင်)၀၀၂၆၆၄ ဖြစ်ပါကြောင်း။

**ဦးမောင်စောသိန်း**

### တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ဟင်းအွန်ကျေးရွာနေသမီး မခိုင်ခိုင်မိုး ၁/ရကန(နိုင်)၀၃၆၆၃၀၏ ဖခင်အမည်မှန်မှာ ဦးကျော်ကြီး(ခ)ဦးကျော်ဝင်းသည် တစ်ဦးတည်းဖြစ်ပြီး မခိုင်ခိုင်မိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၄-၄-၁၉၈၂ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ နောင်ပင်ကျေးရွာနေ သမီး မထွေးကြည် ၁/ရကန(နိုင်) ၀၃၆၁၀၈၏ ဖခင်အမည်မှန်မှာ ဦးနက်စိန်(ခ) ဦးထွန်းရီသည် တစ်ဦးတည်းဖြစ်ပြီး မထွေးကြည်၏ မွေးသက္ကရာဇ်အမှန်မှာ(၁-၁၀-၁၉၈၅) ဖြစ်ပါကြောင်း။

### မိခင်အမည်မှန်

ဗန်းမော်ခရိုင်၊ မံစီမြို့နယ်၊ နမ့်မဖွဲ ကျေးရွာနေ မဇူဇူးအိန္ဒြေ၏ မိခင်အမည်မှန်မှာ ဒေါ်အေးအေးမြင့် ၅/ကဘလ(နိုင်)၁၄၆၁၇၀ ဖြစ်ပါကြောင်း။

**ဒေါ်အေးအေးမြင့်**

## (WIN CITY GEMS & JEWELLERY COMPANY LIMITED)

### ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကိုဆန္ဒအလျောက်ဖျက်သိမ်းခြင်း မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ပုဒ်မ-၃၄၈ အရ

(က) ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးမှ အောက်ပါအတိုင်း အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီး ဖြစ်ပါသည်။

(၁) (WIN CITY GEMS & JEWELLERY COMPANY LIMITED) အား ၉-၂-၂၀၂၁ ရက်မှစ၍ ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန်ဆုံးဖြတ်ကြပါသည်။

(၂) ကုမ္ပဏီသည် ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအား ခွဲဝေပေးရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)၊ တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်မိုးမိုးအေး(B.Com, Dip I.F.R,Diploma in Business Law)YE NOOS & ASSOCIATES (Law Firm)(ဆက်သွယ်ရန် အမှတ်-၁၇၆(ပ-ထပ်)၊ဗိုလ်တထောင် ဘုရားလမ်း၊ မိဘာရိပ်မွန်အိမ်ရာ၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၃၉၇၂၄-၂၃၅) တို့အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအဖြစ် ခန့်အပ်ကြပါသည်။

(ခ) (WIN CITY GEMS & JEWELLERY COMPANY LIMITED)မှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၁ ခုနှစ် မတ် ၉ ရက်ကိုနောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံတောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဌေးဝင်း**
**(မန်နေဂျင်းဒါရိုက်တာ)**
**WIN CITY GEMS & JEWELLERY COMPANY LIMITED**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်နေ ဦးကျော်စွာလင်း ၉/ကဆန(နိုင်)၁၁၄၉၉၃၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေအပေါ် လူမှုကွန်ရက်မှနေ၍ နည်းအမျိုးမျိုးဖြင့် သိက္ခာကျဆင်းအောင်ပြုလုပ်နေပါသည်။ ကျွန်ုပ်တို့၏ မိတ်ဆွေသည် အကောင့်အမျိုးမျိုးဖြင့် Facebook, Twitter,Instagram လူမှုကွန်ရက်များတွင် တစ်ကြိမ်တစ်ခါမှ သုံးစွဲခြင်းမရှိပါ။ နိုင်ငံ့ဝန်ထမ်းတစ်ယောက်ဖြစ်ပါသည်။ နာမည်တူအကောင့်များ၊ ဓာတ်ပုံများ အသုံးပြုဖန်တီး၍ ကျွန်ုပ်တို့၏ မိတ်ဆွေအပေါ်တိုက်ခိုက်ခြင်းများ ပြုလုပ်သူများအား အသိပေးကြေညာအပ်ပါသည်။ထိုကဲ့သို့ လူမှုကွန်ရက်မှနေ၍ ကျွန်ုပ်တို့၏မိတ်ဆွေအပေါ် ဂုဏ်သိက္ခာကျဆင်းအောင် နည်းအမျိုးမျိုးဖြင့် ပြုလုပ်နေသည့် မည်သူ့ကိုမဆို ကျွန်ုပ်တို့၏ နစ်နာမှုအတွက် လျော်ကြေးငွေများတောင်းခံခြင်း၊ တည်ဆဲဥပဒေအရ တရားစွဲဆို ဆောင်ရွက်ခြင်းများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မြတ်အိဖြူ (စဉ်-၁၁၄၀၄) (LL.B)(D.B.L)**
**ဒေါ်မာလာမြင့် (စဉ်-၁၆၃၂၂) (LL.B)(D.B.L)(D.I.L)**
**ဒေါ်လှိုင်မွန်အိ (စဉ်-၁၅၃၅၂) (LL.B)**
**တရားလွှတ်တော်ရှေ့နေများ**
**ဖုန်း-၀၉-၇၉၇၁၀၀၉၂၇၊၀၉-၄၀၂၅၃၄၆၁၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ၃(ခ)ရပ်ကွက်၊ သရဖီလမ်း၊ အိမ်အမှတ်-၃၆၊ အလျား ၃၇ ပေ၊အနံ ပေ ၈၀၊ ရှာမြေအမျိုးအစား မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်ခိုင်ခိုင်မြင့် ၇/ပခန(နိုင်)၁၉၀၇၀၅ က မူလပိုင်ရှင်ထံမှ ဆက်စပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူခဲ့၍ ၎င်းတစ်ဦးတည်းပိုင်ဆိုင်ပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းချခဲ့ခြင်းအပေါ် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးမိစံ ၁၀/ပမန(နိုင်)၁၈၉၅၁၈ မှ ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။

အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၆၇)**
**အမှတ် ၆၄၈၊ ဦးပုည(၁)လမ်း၊ (၁၇)ရပ်ကွက်၊ရွှေပေါက်ကံ၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၅၄၁၂၅၆၇**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/ဇေယျာသီရိ ၊ မြေကွက် အမှတ် -၃၈၁၊ ဧရိယာ ပေ(၂၅ x ၅၀)အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေကွက် ဟုခေါ်တွင်သော အမှတ်(၄၃)၊ ယမုံနာလမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်ဟုခေါ်တွင်သော မြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေဌာနတွင် ဦးလှမြင့် ၁၂/ဒပန(နိုင်)၀၃၄၂၃၃ အမည်ဖြင့် မှတ်သားတည်ရှိပြီး၊ ၎င်းထံမှ ကျွန်မ၏ခင်ပွန်း ဦးလှမြိုင်က ပေ(၂၅ x ၅၀)အနက်မှ ပေ(၈x၅၀) အား (၂၃-၆-၂၀၀၀)ရက်စွဲပါ မြေအရောင်းအ ဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူကာ ယနေ့အချိန်ထိ လက်ဝယ်ထားပိုင်ဆိုင်လာသော မြေကွက်ဖြစ်ပါသည်။ ကျွန်မ၏ ခင်ပွန်း၊ ဦးလှမြိုင်မှာ (၁၄-၁-၂၀၁၂)ရက်တွင် ကွယ်လွန်ခဲ့ပြီးဖြစ်၍ အဆိုပါ မြေကွက်မှာ မြန်မာဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ ဦးလှမြိုင်၏ဇနီး ကျွန်မ ဒေါ်စန်းမြင့်ကပိုင်ဆိုင်ပြီး အစဉ်တစ်စိုက်နေထိုက်လျက်ရှိသော ပစ္စည်းဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းမြင့် ၁၂/ဒပန(နိုင်) ၀၀၂၉၅၄**
**ဖုန်း-၀၉-၇၉၆၇၉၆၆၀၂**

## ကန့်ကွက်နိုင်ပါကြောင်း

သိန္နီမြို့၊ အမှတ် (၁)ရပ်ကွက်၊ အကွက်အမှတ် (၇/ဈေးတန်းရပ်)၊ ဦးပိုင်အမှတ် (၂၆)၊ ဧရိယာ ၀.၁၁၁ ဧက အား ဒေါ်နန်းကြိမ်ခမ်း ၁၃/ကမန(နိုင်)၀၂၂၁၉၅မှ ၎င်းအမည်ဖြင့် မြေငှားဂရန် အသစ်လျှောက်ထားခြင်းအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း ၂၀အတွင်း သိန္နီမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထား စုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သိန္နီမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၃)ရပ်ကွက်၊ အကွက်အမှတ်(၃၁)၊ ကံသုံးဆင့်အနောက်အကွက်၊ ဦးပိုင်အမှတ်(ည-၉၂)၊ ဧရိယာ (၀ဒသမ၀၆၄) ဧကရှိ ဒေါ်အေးသက်ထွန်း အမည်ဖြင့် မြေငှားဂရန်ထွက်ရှိထားသောမြို့မြေအား ဒေါ်ခင်ခင်ထွေး အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) ချထားပေးပါရန်လျှောက်ထား ချက်များနှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ဦးစီးဌာန၊ ပုသိမ်မြို့နယ်**

**UNITED OVERSEAS BANK LIMITED**

**Statement by Branch Management**

For the year ended 30 September 2020

The management presents their statement to the members together with the audited financial statements for the financial year ended 30 September 2020.

In the opinion of the management,

(a) the financial statements as set out on pages 5 to 32 are drawn up so as to give a true and fair view of the financial position of the Bank as at 30 September 2020 and the financial performance, changes in head office account and cash flows of the Bank for the financial year covered by the financial statements; and (b) at the date of this statement, there are reasonable grounds to believe that the Bank will be able to pay its debts as and when they fall due.

**Directors**

The directors of the Bank as per Form MyCO Electronic Registration System at the date of (30.09.2020) are as follows:

| No. | Director Name | Position |
|---|---|---|
| 1. | LOI KAI CHEOW | Authorized Officer |
| 2. | ALEXANDER CHARLES HUNGATE | Director |
| 3. | ALVIN YEO KHIRN HAI | Director |
| 4. | JAMES KOH CHER SIANG | Director |
| 5. | LIEN JOWN LEAM (MICHAEL) | Director |
| 6. | ONG YEW HUAT | Director |
| 7. | PHAN SWEE KIM (STEVEN) | Director |
| 8. | TAN HWEE HUA@LIM HWEE HUA | Director |
| 9. | WEE EE CHEONG | Director |
| 10. | WEE EE LIM | Director |
| 11. | WONG KAN SENG | Director |

I, Mr. Loi Kai Cheow, being the Authorized Representative of United Overseas Bank Limited (Yangon Branch), do hereby state that, in the opinion of the Management:

(i) the accompanying financial statements together with notes thereto are drawn up so as to give a true and fair view of the state of affairs of the Bank as at 30 September 2020 and the results of the business, changes in head office account and cash flows of the Bank for the financial year ended 30 September 2020;

(ii) at the date of this statement, there are reasonable grounds to believe that the Bank will be able to pay its debts as and when they fall due; and

(iii) we support that the facts above mentioned are true and correct according to Sections 258 and 264 of the Myanmar Companies Law.

On behalf of the Management.

Mr. Loi Kai Cheow
Country Manager

ဝင်းသင်နှင့်အဖွဲ့၊ စာရင်းစစ်များ။

**WIN THIN & ASSOCIATES**

**CERTIFIED PUBLIC ACCOUNTANTS**

HEAD OFFICE - Room (2B/2C) 1st Floor, Rose Condominium, No.182/194, Botahtaung Pagoda Road, Pazundaung Township, Yangon Region, Myanmar. Tel: 95-1-8201798, 8296164, Fax: 95-1-8245671 Email: info@winthinassociates.com
MANDALAY BRANCH OFFICE - Room (9/10), East Wing of Bahtoo Stadium, 70th Street (Between 29th & 30th Street), Mandalay Region, Myanmar. Tel: 95-2-4034451, Fax: 95-2-4034498

**Ref: 2015 /U-49 /September 2020**

**INDEPENDENT AUDITOR'S REPORT**

**To the Members of United Oversea Bank Limited**

**Report on the Financial Statements**

We have audited the accompanying financial statements of United Overseas Bank Limited (Yangon Branch) (the "Bank"), which comprise the statement of financial position as at 30 September 2020, statement of income, statement of comprehensive income, statement of changes in head office account and statement of cash flows for the year then ended, and a summary of significant accounting policies and other explanatory notes.

**Management's Responsibility for the Financial Statements**

Management is responsible for the preparation and fair presentation of these financial statements in accordance with the provisions of the Myanmar Companies Law and the Myanmar Financial Reporting Standards, including the modification of the requirements of Myanmar Accounting Standards (MAS) 39 in respect of loan loss provisioning by the Central Bank of Myanmar Notification No. 17/2017, *Asset Classification and Provisioning Regulations,* and the Financial Institutions Law 2016 section 39, MAS 18, *Revenue* in respect of revenue from customers and MAS 17, *Leases* following the International Financial Reporting Standards (IFRS)15 and 16, respectively, as issued by the International Accounting Standards Board (IASB). This responsibility includes.

(a) designing, implementing and maintaining internal control relevant to the preparation and fair presentation of financial statements that are free from material misstatement, whether due to fraud or error;

(b) selecting and applying appropriate accounting policies; and

(c) making accounting estimates that are reasonable in the circumstances.

**Auditors Responsibility**

Our responsibility is to express an opinion on these financial statements based on our audit. We conducted our audit in accordance with Myanmar Standards on Auditing. Those standards require that we comply with ethical requirements and plan and perform the audit to obtain reasonable assurance whether the financial statements are free from material misstatement.

An audit involves performing procedures to obtain audit evidence about the amounts and disclosures in the financial statements. The procedures selected depend on the auditor's judgment, including the assessment of the risks of material misstatement of the financial statements, whether due to fraud or error. In making those risk assessments, the auditor considers internal control relevant to the entity's preparation and fair presentation of the financial statements in order to design audit procedures that are appropriate in the circumstances, but not for the purpose of expressing an opinion on the effectiveness of the entity's internal control. An audit also includes evaluating the appropriateness of accounting policies used and the reasonableness of accounting estimates made by management, as well as evaluating the overall presentation of the financial statements.

We believe that the audit evidence we have obtained is sufficient and appropriate to provide a basis for our audit opinion.

***Opinion***

In our opinion, the financial statements present fairly, in all material respects, the financial position of United Overseas Bank Limited (Yangon Branch) as of 30 September 2020, and its financial performance and its cash flows for the year then ended in accordance with Myanmar Financial Reporting Standards, including the modification of the requirements of MAS 39 in respect of loan loss provisioning by the Central Bank of Myanmar Notification No. 17/2017, *Asset Classification and Provisioning Regulations,* and the Financial Institutions Law 2016 section 39, MAS 18, in respect of revenue from customers and MAS 17, *Leases* following the International Financial Reporting Standards (IFRS) 15 and 16, respectively, as issued by the International Accounting Standards Board (IASB).

*Report on Other Legal and Regulatory Requirements*

In accordance with the provisions of the Myanmar Companies Law and Financial Institutions Law, we also report that:

(a) in accordance with section 280 (a) and (b) of the Myanmar Companies Law, we have obtained all the information and explanations we have required;

(b) books of account have been maintained by United Overseas Bank Limited (Yangon Branch) as required by Section 258 of the Myanmar Companies Law; and

(c) accounts and records have been maintained by the Bank including the preparation of financial statements in compliance with the regulations as required by Section 84 of the Financial Institutions Law.

Also, in accordance with Section 89 of the Financial Institutions of Myanmar Law, we report that the financial statements present completely, fairly and properly, in all material respects, the operations of the Bank and the information obtained from the Bank are satisfactory.

Win Thin & Associates • Certified Public Accountants • AUDITORS

Ya Min Than (PAPP-418)
B.Com., CPA, DBL
Engagement Partner
WIN THIN & ASSOCIATES
CERTIFIED PUBLIC ACCOUNTANTS

15 December 2020

**UNITED OVERSEA BANK LIMITED**
**FINANCIAL STATEMENT OF INCOME**
**FOR THE YEAR ENDED SEPTEMBER 30, 2020**

| | Notes | 30 September 2020 USD | 30 September 2020 MMK | 30 September 2019 USD | 30 September 2019 MMK |
|---|---|---|---|---|---|
| **Income and expense from operations** | | | | | |
| Interest income | 4 | 8,320,971 | 11,865,288,227 | 7,689,774 | 11,780,117,835 |
| Interest expense | 5 | (2,949,224) | (4,205,446,547) | (2,224,399) | (3,407,600,673) |
| Net interest income | | 5,371,747 | 7,659,841,680 | 5,465,375 | 8,372,517,163 |
| **Other operating income** | | | | | |
| Gain (loss) on foreign exchange spot transactions | | 345,002 | 491,954,946 | 315,662 | 483,568,456 |
| Commission income | | 437,429 | 623,751,768 | 335,186 | 513,478,275 |
| Administration and commitment fees | 6 | 475,495 | 678,031,910 | 143,891 | 220,429,731 |
| Total other operating income | | 1,257,926 | 1,793,738,624 | 794,739 | 1,217,476,462 |
| 2%General Loan Loss Provision | | (637,029) | (908,371,816) | (516,363) | (791,026,730) |
| Specific Loan Loss Provision | | (815,500) | (1,162,862,225) | - | - |
| **Other operating expenses** | | | | | |
| Salaries and allowances | 7 | (1,860,138) | (2,652,464,195) | (2,040,186) | (3,125,401,400) |
| General and administrative expenses | 8 | (1,304,024) | (1,859,472,638) | (1,396,294) | (2,139,011,271) |
| Total other operating expenses | | (3,164,162) | (4,511,936,833) | (3,436,480) | (5,264,412,671) |
| Profit before tax | | 2,012,982 | 2,870,409,430 | 2,307,271 | 3,534,554,223 |
| Income tax expense | 9 | (856,604) | (1,221,473,761) | (718,366) | (1,100,478,656) |
| **Profit for the year / period** | | 1,156,378 | 1,648,935,669 | 1,588,905 | 2,434,075,567 |

*The accompanying accounting policies and explanatory notes form an integral part of the financial statements*

Mr.Loi Kai Cheow
Country Manager

## မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ ၃၅၇ အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေ အစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ

## RICE POT COMPANY LIMITED

## (အစုရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

'' RICE POT COMPANY LIMITED'' (ဖျက်သိမ်းဆဲ)၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိမှ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ စာရင်းတင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များအားလုံးတက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

ကျင်းပမည့်ရက်နှင့်အချိန် - ၂၀၂၁ ခုနှစ် မတ်လ ၁၅ ရက်
နံနက် ၁၀ နာရီ

ကျင်းပမည့်နေရာ - အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
မိဘာရိပ်မွန်ကွန်ဒို၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
RICE POT COMPANY LIMITED

## မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ ၃၅၇ အရ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ် အထွေထွေအစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ

## LATITUDE TECHNOLOGY CO.,LTD

## (အစုရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

LATITUDE TECHNOLOGY CO.,LTD (ဖျက်သိမ်းဆဲ)၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိမှ စာရင်းရှင်းလင်း ဖျက်သိမ်းရေးဆိုင်ရာစာရင်းတင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များအားလုံးတက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

ကျင်းပမည့်ရက်နှင့်အချိန် - ၂၀၂၁ ခုနှစ် မတ်လ ၁၅ ရက်
နံနက် ၁၀ နာရီ

ကျင်းပမည့်နေရာ - အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
မိဘာရိပ်မွန်ကွန်ဒို၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
LATITUDE TECHNOLOGY CO.,LTD

## အမည်မှန်၊ မွေးသက္ကရာဇ်မှန်နှင့် မိဘအမည်မှန်

တနိုင်းမြို့နယ်၊ မကောကျေးရွာအုပ်စု၊ ကျောင်းကုန်းကျေးရွာနေ မညာခေါင်၏ အမည်မှန်မှာ မမြခေါင် ၁/တနန(နိုင်)၀၂၃၂၆၃ ဖြစ်၍ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၁၀-၁၉၉၅ ဖြစ်ပြီး ၎င်း၏မိဘအမည်မှန်မှာ ဦးရော့ရောင်း ၅/ပဆန(နိုင်)၀၀၀၇၇၅ နှင့် ဒေါ်ချဆိုင်း ၅/နယန(နိုင်)၀၀၆၂၂၀ ဖြစ်ပါသည်။

## အမည်မှန်

တနိုင်းမြို့ဆွတ်ပိုင်ရပ်ကွက်နေ (ဦးဆွေတော့)၏သမီး စိုက်ပျိုးရေးဦးစီးရုံးမှ လုပ်သား ဒေါ်ညာစော၏အမည်မှန်မှာ ဒေါ်ညာစော ၅/နယန(နိုင်)၀၀၀၀၆၆ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီတစ်ထပ်လုံး ချင်းအိမ်ရာ၊ လုံးချင်းတိုက်အမှတ်(၂၀)၏ အမည်ပေါက် ပိုင်ရှင် ဦးဇော်ဖြိုးဝင်း ၁၄/ဇလန(နိုင်)၀၀၀၀၀၈ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်စန်းစန်းလှ ၉/မထလ(နိုင်)၁၇၈၆၆၄ ၏ အမည်သို့ပြောင်းလဲ၍ မြေဂရန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ ကန်တော်မွန်အိမ်ရာ၊ တိုက်အမှတ်(၂)၊ အခန်းအမှတ်(၂၀၂) ၏ အမည်ပေါက် ဦးညွန့်စိန် (ISN-၁၃၂၇၁၂) ၏ အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် အကြောင်းကြားစာမူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် ၎င်းထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဒေါ်ဂျစ်တရာလေခါ ၁၂/သဃက(နိုင်)၁၄၂၈၅၄ မှ လျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ အထက(ခွဲ)စီးစံမှ အလပြ ဆရာမ ဒေါ်ကြည်သန်းဆွေနှင့် ဒေါ်ကြည်သန်း ၅/ကလဝ(နိုင်)၀၃၃၉၈၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ကြည်သန်းဆွေ(ခ)ဒေါ်ကြည်သန်း

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

ရွှေဘိုမြို့၊ (၃)ရပ်ကွက်၊ အကွက်အမှတ်(၆)၊ အကွက်အမည်(ပန်းဆိုးတန်းရပ်)၊ ဦးပိုင်အမှတ်(၆၆ᵃ)၊ ဧရိယာ(၀ဒသမ၀၃၅)ကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ရွှေဘိုမြို့၊ (၃)ရပ်ကွက်နေ ဦးရဲတင့်၊ ဒေါ်မော်မော်၊ ဒေါ်မွန်မွန်သန်း၊ ဦးနေလင်းသန်း၊ ဒေါ်နော်နော်သန်း၊ ဒေါ်သင်းသင်းကြည်တို့မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်များကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၁ခုနှစ် မတ် ၆ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှု မရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

(ဇော်ဝင်းလတ်)
မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

စာအုပ်စာပေ
လှူမိတ်ဆွေ

# ပြည်သူများသို့ အသိပေးကြေညာခြင်း

(၁၁-၂-၂၀၂၁)

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ရွေးကောက်ပွဲကာလတွင် မဲစာရင်းကောက်ယူပြုစုခြင်း၊ ကြိုတင်မဲပေးခြင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံတွင်မဲပေးခြင်း စသည့် ရွေးကောက်ပွဲလုပ်ငန်းများနှင့်စပ်လျဉ်း၍ မဲမသမာမှုများ၊ တရားမဲ့ပြုကျင့်မှုများ ရှိကြောင်း ကြားသိရပါသည်။

၃။ အဆိုပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ စစ်ဆေးလျက်ရှိပါသည်။

၄။ စစ်ဆေးရာတွင် အထောက်အကူဖြစ်စေရန် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ တရားမဲ့ပြုကျင့်မှု၊ မသမာမှုများကို သိရှိသည့် ပြည်သူများမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တိုင်ကြားနိုင်ပါကြောင်းနှင့် စာဖြင့် လည်းကောင်း၊ အောက်ပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် Email လိပ်စာများသို့ လည်းကောင်း ဆက်သွယ်ပေးပို့တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | တယ်လီဖုန်းနံပါတ် | - | ၀၆၇-၃၄၀၄၄၁၀ |
| (ခ) | တယ်လီဖုန်းနံပါတ် | - | ၀၆၇-၃၄၀၄၂၂၀ |
| (ဂ) | တယ်လီဖုန်းနံပါတ် | - | ၀၆၇-၃၄၀၄၃၁၃ |
| (ဃ) | ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၃၄၀၄၄၁၁ |
| (င) | Email လိပ်စာ | - | dep.research@e-uec.gov.mm |
| (စ) | Email လိပ်စာ | - | dep.res22uec@gmail.com |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပြန်လည်စိစစ်လျက်ရှိပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈ (က) အရ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၄) ပုဒ်မ ၆ အရ အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများသည် အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်-

(က) ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ၊

(ခ) သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင်ပါဝင်သူ။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် (ရွေးကောက်ပွဲကျင်းပခြင်း မပြုလုပ်နိုင်သည့်ဒေသများမှအပ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၈,၂၇၁,၄၄၇ ဦးရှိကြောင်း ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သော်လည်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင်ရှိသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနက် နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူစာရင်းမှာ ၃၂,၂၁၁,၁၈၈ ဦး ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မဲစာရင်းများ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှရရှိသည့် လူဦးရေစာရင်းများ၊ မြေပြင်အခြေနေများနှင့် တိုက်ဆိုင်၍ မဲစာရင်းကွာဟမှုများကို စိစစ်လျက်ရှိသည်။ စိစစ်ပြီးသည့် နယ်မြေဒေသများ၏ စိစစ်တွေ့ရှိချက်များကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



ကိုဗစ်-၁၉ ကာကွယ်ဆေးများ တင်ဆောင်လာသည့် အိန္ဒိယလေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။ ဓာတ်ပုံ-MOTC

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအတွက် COVID - 19 ကာကွယ်ဆေးများရောက်ရှိ

## ကာကွယ်ဆေးများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စီစဉ်ထားသည့်အတိုင်း ကျေးလက်နေပြည်သူများအပါအဝင် ပြည်သူလူထုအား ဆက်လက်ထိုးနှံပေးသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံ Serum Institute of India (SII) နှင့် စာချုပ်ချုပ်ဆိုဝယ်ယူထားသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး COVISHIELD/ Astrazeneca ကာကွယ်ဆေး အရေအတွက် နှစ်သန်းကို ယနေ့မွန်းလွဲပိုင်းတွင် နယူးဒေလီ - ရန်ကုန်ပြေးဆွဲသည့် အိန္ဒိယလေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့သည်။

အဆိုပါ ကာကွယ်ဆေးများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်၊ ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှိုင်မြတ်သူတို့ ဦးဆောင်သောအဖွဲ့မှ သွားရောက်လက်ခံခဲ့သည်။ အဆိုပါ ကာကွယ်ဆေးများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စီစဉ်ထားသည့်အတိုင်း ကျေးလက်နေပြည်သူများအပါအဝင် ပြည်သူလူထုအား ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ပါကြောင်း သိရသည်။ **သတင်းစဉ်**

# အဲဗာတန်အသင်းက စပါးအသင်းကို အနိုင်ယူပြီး အက်ဖ်အေဖလားကွာတားဖိုင်နယ်သို့ တက်ရောက်

အက်ဖ်အေဖလား ပဉ္စမအဆင့်မှ အဲဗာတန်နှင့် စပါးအသင်းတို့ပွဲစဉ်ကို ယမန်နေ့ နံနက်ပိုင်းက စပါးအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အဲဗာတန်အသင်းက အချိန်ပိုသွင်းဂိုးဖြင့် အက်ဖ်အေဖလားနောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ အန်ဆယ်လော့တီ၏ အဲဗာတန်အသင်းနှင့် နည်းပြ မော်ရင်ဟို၏ စပါးအသင်းတို့ ဆုံတွေ့နေခဲ့တာကြောင့် ပွဲမှာအပြန်အလှန်သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိသည့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

အဲဗာတန်အသင်းသည် ယခုပွဲစဉ်ကို အနိုင်ရရှိရန်အတွက် ဒဏ်ရာရရှိနေသည့် ကစားသမားများကို ချန်လှပ်ကာ အင်အားအတောင့်တင်းဆုံးပုံစံကို အသုံးပြုပြီး စပါးအသင်းကို ရင်ဆိုင်လာခဲ့သည်။ ထိုနည်းတူ စပါးအသင်းကလည်း ဒဏ်ရာရနေသည့် ကစားသမားကို ချန်လှပ်ကာ လော်ရစ်၊ ဆွန်ဟောင်မင်၊ မော်ရာ၊ လာမယ်လာ၊ ဘတ်ဝင့်ဂ်၊ ဆန်းချက်ဇ်၊ အယ်ဒါဝီရယ် စသည့်ကစားသမားများကို အသုံးပြုကာ အဲဗာတန်အသင်းကို ရင်ဆိုင်လာခဲ့သည်။ နောက်တစ်ဆင့်တက်လှမ်းနိုင်ရန်အတွက် ပွဲစသည်နှင့် နှစ်သင်းစလုံး ထိုးဖောက်တိုက်စစ်ဆင်မှုပြုလုပ်ခဲ့ပြီး ကြည့်ကောင်းသည့် ပွဲကောင်းတစ်ပွဲ ဖြစ်လာခဲ့သည်။ ဦးဆောင်ဂိုးကို စပါးအသင်းက ရရှိခဲ့ပြီး ပွဲအစ သုံးမိနစ်တွင် ဆန်းချက်ဇ်က အသင်းအတွက် သွင်းယူပေးနိုင်ခဲ့သည်။ အဲဗာတန်အသင်းကလည်း ဦးဆောင်ဂိုး *စာမျက်နှာ ၁၈ ကော်လံ ၁* ●

*စာမျက်နှာ ၁၈ ကော်လံ ၁*






# မြန်မာ့အလင်း

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ သောကြာနေ့


# ၇၄ နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုပါ၏။

## စုပေါင်းပြီး အင်တိုက် အားတိုက်လုပ်

တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာအကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်ည ပင်လုံမြို့ စော်ဘွားများ ထမင်းစားပွဲတွင် ဗိုလ်ချုပ်အောင်ဆန်း၏ မြွက်ကြားချက်မှ)





# တို့ပြည်ထောင်စုနေ့

အောင်မြင့်စိုး(ရေစကြို)

**ပြည်ထောင်စုနေ့သည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အထူးအရေးပါသော နေ့တစ်နေ့ဖြစ်သည်။ ထိုနေ့ထူးနေ့မြတ်ကြီးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အုတ်မြစ်ချပေးလိုက်သော နေ့တစ်နေ့လည်း ဖြစ်သည်။ ဗြိတိသျှကိုလိုနီနယ်ပယ်များဖြစ်ခဲ့ရသော နိုင်ငံအများအပြားတို့သည် ဒုတိယကမ္ဘာစစ်ပြီးနောက် အမျိုးသားရေးစိတ်ဓာတ် နိုးကြားလာကာ နယ်ချဲ့စနစ်ဖိနှိပ်မှုအား ရုန်းကန်တွန်းလှန်ခဲ့ကြသည့်နိုင်ငံများတွင် မြန်မာနိုင်ငံ၏လွတ်လပ်ရေး ကြိုးပမ်းမှုမှာ ထိပ်ဆုံးမှ ဖြစ်ခဲ့သည်။**



ဗိုလ်ချုပ်အောင်ဆန်း ပင်လုံစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးစဉ်။

ဒုတိယကမ္ဘာစစ်အပြီး မြန်မာနိုင်ငံကို ပြန်လည်ခြေချလာသည့် ဗြိတိသျှဘုရင်ခံ “ဆာဒေါ်မန်စမစ်” က ၁၉၄၅ ခုနှစ် မေလ ၁၇ ရက်နေ့တွင် စက္ကူဖြူစာတမ်းဖြင့် မြန်မာနိုင်ငံကို အုပ်ချုပ်ရေးနှင့်ပတ်သက်သည့် ဗြိတိသျှတို့၏သဘောထားကို ကြေညာခဲ့သည်။ တစ်ချိန်တည်းတွင် တောင်တန်းဒေသအုပ်ချုပ်ရေးဌာနကို ပြင်ဆင်ဖွဲ့စည်း၍ တောင်တန်းဒေသများကို ဆက်လက်အုပ်ချုပ်သွားရန် ဗြိတိသျှတို့စီမံခဲ့ကြသည်။ ထိုကြေညာချက်နှင့်ပတ်သက်၍ ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀၊ ၂၂ ရက်နေ့များတွင် ရွှေတိဂုံစေတီတော်၌ ပြုလုပ်ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း ကြီးမှူးသော (ဖဆပလ)ပဏာမညီလာခံက ပယ်ချခဲ့သည်။

**ညီညွတ်မှုပျက်ပြားရန် သွေးခွဲ**

ဗြိတိသျှတို့သည် မြန်မာနိုင်ငံအား မလွှဲမရှောင်သာ၍ လွတ်လပ်ရေးပေးရမည်ဆိုလျှင် တောင်တန်းဒေသများကို မပေးလိုဘဲ ခြွင်းချန်ထား၍ မိမိတို့၏ကိုလိုနီအဖြစ်ထားရှိကာ ဆက်လက် သိမ်းပိုက်အုပ်စိုးလိုကြသည်။ ထို့ကြောင့် မြေပြန့်နှင့် တောင်တန်းဒေသတို့ရှိ တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်မှု ပျက်ပြားစေရန် နည်းအမျိုးမျိုးသုံး၍ သွေးခွဲခဲ့သည်။ သို့သော်လည်း တိုင်းရင်းသားအားလုံးတို့သည် ပင်လုံမြို့တွင် ညီလာခံကျင်းပ၍ ပင်လုံစာချုပ်ကြီးကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ချုပ်ဆိုခဲ့ခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သည်။ ထို့ကြောင့် ဗြိတိသျှတို့၏ သွေးခွဲအုပ်ချုပ်ရေးအစီအစဉ် ပျက်ပြားခဲ့ရသည်။ စည်းလုံးညီညွတ်မှုသည် မည်မျှအရေးပါကြောင်း ပင်လုံစာချုပ်က သက်သေထူခဲ့သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု အခြေခံကြောင့်သာလျှင် မြန်မာ့လွတ်လပ်ရေးကို အရယူနိုင်ခဲ့ခြင်းဖြစ်သည်။ တစ်နည်းဆိုရလျှင် ပြည်ထောင်စုစိတ်ဓာတ်ရှိခြင်းပင်ဖြစ်သည်။ ပြည်ထောင်စုအားသည် ပြည်ထောင်စုအတွင်းရှိ ပြည်နယ်၊ တိုင်းအားလုံးတို့၏ စုပေါင်းအားဖြစ်သည်။ ထိုစုပေါင်းအားသည် ပြည်ထောင်စုသားတိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှုအပေါ်တွင်မူတည်သည်။

**စည်းလုံးညီညွတ်စွာ တော်လှန်**

မြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် ထီးကျိုးစည်ပေါက် သူ့ကျွန်ဘဝ ရောက်ခဲ့ရသော်လည်း မြန်မာ့ထီးနန်းကို ပြန်လည်စိုက်ထူရန် မျိုးချစ်မြန်မာနိုင်ငံတိုင်းရင်းသားများ အတူတကွ လက်တွဲကာ စည်းလုံးညီညွတ်စွာဖြင့် နယ်ချဲ့အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခဲ့ကြသည်။

*အချပ်ပို (၈) သို့*

**“မြန်မာတိုင်းရင်းသားများ စည်းလုံးညီညွတ်ကာ ၎င်းတို့အား ဆန့်ကျင်တော်လှန်မှု မပြုနိုင်ရေးအတွက် မြန်မာတိုင်းရင်းသားအချင်းချင်း စည်းလုံးမှုပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိ သွေးခွဲ နည်းအမျိုးမျိုးတို့ကို ဖန်တီးလုပ်ဆောင်ခဲ့ကြသည်။ ၎င်းတို့အပေါ် ဆန့်ကျင်တော်လှန်လိုသည့် တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်များ၊ ဇာတိသွေးဇာတိမာန်များကို ရိုက်ချိုးဖျက်ဆီး၍ မြန်မာနိုင်ငံအား နှစ်ပေါင်းကြာရှည်စွာ ကျွန်ပြုအုပ်ချုပ်နိုင်ရေးအတွက် မသမာသောနည်းများဖြင့် စီမံဆောင်ရွက်ခဲ့”**



ပင်လုံစာချုပ်ချုပ်ဆိုခဲ့သည့် ရှမ်းပြည်နယ် ပင်လုံမြို့ရှိ ပင်လုံကျောက်တိုင်ကွင်း။

*အချပ်ပို (ခ) မှ*

မတရားမှုကို ခေါင်းငုံ့မခံတတ်သော မြန်မာတိုင်းရင်းသားတို့သည် အခြေအနေပေးလျှင် ပေးသလို နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ ဆင်နွှဲခဲ့ကြသည်။

**မသမာသောနည်းများဖြင့် စီမံဆောင်ရွက်**

ဗြိတိသျှတို့ကလည်း မြန်မာတိုင်းရင်းသားများ စည်းလုံးညီညွတ်ကာ ၎င်းတို့အား ဆန့်ကျင်တော်လှန်မှု မပြုနိုင်ရေးအတွက် မြန်မာတိုင်းရင်းသားအချင်းချင်း စည်းလုံးမှုပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိ၊ သွေးခွဲနည်းအမျိုးမျိုးတို့ကို ဖန်တီးလုပ်ဆောင်ခဲ့ကြသည်။ ၎င်းတို့အပေါ် ဆန့်ကျင်တော်လှန်လိုသည့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်များ၊ ဇာတိသွေးဇာတိမာန်များကို ရိုက်ချိုးဖျက်ဆီး၍ မြန်မာနိုင်ငံအား နှစ်ပေါင်းကြာရှည်စွာ ကျွန်ပြုအုပ်ချုပ်နိုင်ရေးအတွက် မသမာသောနည်းများဖြင့် စီမံဆောင်ရွက်ခဲ့ကြသည်။ နယ်ချဲ့စနစ်အခြေခံခိုင်မြဲရေးအတွက် အဓိက ပရိယာယ်မှာ သွေးခွဲအုပ်ချုပ်ရေးပင်ဖြစ်သည်။ မြန်မာတိုင်းရင်းသားတို့သည် သွေးခွဲမှုဒဏ်ကို နှစ်ပေါင်း ၁၀၀ ကျော်မျှ ခံစားခဲ့ကြရသည်။ တိုင်းတစ်ပါး၏အကျိုးစီးပွားအတွက် မိမိမြေပေါ်မှာပင် ချွတ်ခြုံကျ မွဲတေခဲ့ရသည်။ လယ်ယာမြေဆုံးရှုံး၊ နောက်ဆုံး ကျွဲ၊ နွားများသာမက လူကိုပင် အဆုံးရှုံးခံခဲ့ကြရသည်။ ဘိုးဘွားတို့၏ သွေးချွေးမျက်ရည်များဖြင့် အင်ပါယာကြီးကို တည်ထောင်ကာ နေမဝင်အင်ပါယာရှင်နိုင်ငံကြီးသားဟူ၍ လူပေါ်လူဇော် လုပ်ခဲ့ကြသည်။ နှစ်ပေါင်း ၁၀၀ ကျော်မျှ မြန်မာ့အဆီအနှစ်ကြွယ်ဝမှုတို့ကို ဝါးမျိုထားပြီးမှ မြန်မာနိုင်ငံကို မည်သို့မျှ လက်မလွှတ်လိုကြတော့ပေ။

သို့သော် မြန်မာတို့၏ အမျိုးသားရေးစိတ်ဓာတ်နှင့် သူ့ကျွန်မခံလိုစိတ်များမှာ ပြင်းထန်စွာ နိုးကြားလာခဲ့သည်။ ဗြိတိသျှတို့၏ သဘောထားကို သိရှိပြီးဖြစ်သော မြန်မာတိုင်းရင်းသားတို့ကလည်း လွတ်လပ်ရေးကို စောနိုင်သမျှ အစောဆုံး ရယူလိုကြသည်။ ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလ (ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့)က တိုင်းရင်းသားအားလုံးတို့၏ စည်းလုံးညီညွတ်မှုကို အခြေခံကာ လွတ်လပ်ရေးအမြန်ရရှိရေး တိုက်ပွဲဝင်ခဲ့ကြသည်။




ပင်လုံမြို့၌ ကျင်းပခဲ့သည့် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် တိုင်းရင်းသား တိုင်းရင်းသူများ၏ စုပေါင်းဖျော်ဖြေမှု။

**လွတ်လပ်ရေးပေးရေး စာချုပ်ချုပ်**

တိုင်းရင်းသားများအားလုံးကလည်း ဖဆပလကို ညီညီညွတ်ညွတ် ထောက်ခံအားပေးခဲ့ကြသည်။ ပြည်တွင်းညီညွတ်မှုနှင့် စည်းလုံးမှုအားကောင်းလာသောအခါ မြန်မာတို့၏ လွတ်လပ်ရေးတောင်းဆိုမှုကို လျစ်လျူရှုမနေနိုင်တော့ဘဲ ၁၉၄၆ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာ့လွတ်လပ်ရေးကိစ္စဆွေးနွေးရန် မြန်မာကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ အင်္ဂလန်သို့လာရန် ဗြိတိသျှအစိုးရက ဖိတ်ခေါ်ခဲ့သည်။ ထိုဖိတ်ကြားချက်အရ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၁၉၄၇ ခုနှစ် ဇန်နဝါရီလဆန်းတွင် အင်္ဂလန်သို့ သွားရောက်ကြသည်။ ဇန်နဝါရီလ ၁၃ ရက်နေ့မှ ၂၇ ရက်နေ့အတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် ဗြိတိသျှအစိုးရတို့ ဆွေးနွေးပွဲ (၁၀) ကြိမ် ကျင်းပပြီးနောက် မြန်မာပြည်အား လွတ်လပ်ရေးအမြန်ဆုံးပေးရေး သဘောတူစာချုပ်ဖြစ်သည့် (အောင်ဆန်း-အက်တလီ) စာချုပ်ကို ချုပ်ဆိုခဲ့သည်။

**တစ်ပါင်းတည်းလွတ်လပ်ရေးပေးရန် တောင်းဆို**

ဆွေးနွေးပွဲတွင် တောင်တန်းဒေသများကိုပါ တစ်ပေါင်းတည်း လွတ်လပ်ရေးပေးရန် တင်ပြတောင်းဆိုကြသည်။ ထိုတောင်းဆိုချက်အရ (အောင်ဆန်း-အက်တလီ) စာချုပ်တွင် ပင်လုံညီလာခံ ပေါ်ပေါက်စေသည့် အချက်တစ်ချက် ပါဝင်လာသည်။

*အချပ်ပို (ဃ) သို့*

# နှလုံးသားထဲက အောင်ပွဲသဘင်

❖ နှင်းမှုန်ဖွဲဖွဲ၊ ဝဲဝဲဝေ့ဝေ့ကြွေ
ရာသီ ဆောင်းချမ်း၊ ဝှေ့ယမ်း မြောက်ပြန်လေ
သဇင်ဝေဝေ၊ ခွာညိုတွေလန်း
မြန်မာ့မြေပြင်၊ အလှဆင်
ပြည်တစ်ခွင်သာယာ၊ ငြိမ်းချမ်းပါဘိလေး။

❖ ပွင့်ပန်းပေါက်လဲ၊ ရဲရဲရင့်ရင့် ဝေ
မြန်မာ့နှလုံးသား၊ ထင်ရှားပြ သက်သေ
နောင်ရင်း ညီဆွေ၊ မသွေမခြား
ပင်လုံစိတ်သည်၊ အခြေတည်
တို့ပြည်ထောင်စု အား မာန် တည့်လေး။

❖ ကချင် ကယား ကရင် ချင်း၊ ချစ်ခြင်းခိုင်ခိုင် ချည်
ဗမာ မွန် ရခိုင် ရှမ်း၊ ချစ်ပန်း ပွင့်ဝေစည်
တို့တိုင်း တို့ပြည်၊ မြတ်နိုးသည် အကြွင်းမဲ့
မျိုးချစ်စိတ် အမှန်၊ အောင်ပွဲခံ
နိုင်ငံ လွတ်လပ်ခဲ့သည်တည့်လေး။

❖ နယ်ချဲ့၏သရုပ်၊ ရိုင်းရိုင်းယုတ်ယုတ် မွှေ
မချဲ့သာလဲ၊ ပွဲအောင်ဖွဲ့မြဲ ပေ
တိုင်းရင်းသားညီနောင်တွေ၊ မြင်အောင်လေ သတိပြု
ခေတ်သစ်ကိုလိုနီ၊ နယ်ချဲ့သည်
ပလီ ဉာဏ်တွေ စုသည်တည့်လေး။

❖ ပြည်ထောင်စုစိတ်ဓာတ်၊ မြင့်မြင့်မြတ်မြတ် ခိုင်
ဘယ်သူခွဲခွဲ၊ မကွဲ မပြိုနိုင်
တို့မြေ တို့ပိုင်၊ တို့နိုင်ငံ တို့မြတ်နိုး
တို့အမျိုးသားအမွေ၊ ခိုင်မြဲစေ
တို့တစ်တွေ ဆောင်သယ်ပိုး ပါစို့လေး။

❖ မျိုးချစ်မာန်သွေး၊ နွေးနွေး နီနီလွင်
ပြည်ထောင်စုသား၊ ထင်ရှားတို့သမိုင်းစဉ်
စည်းလုံးလို့ချစ်ခင်၊ ထာဝစဉ်သာလက်တွဲကြ
ပြည့် အင်အားသည်၊ ပြည်တွင်းတည်
ယုံကြည်စိတ်ချ ချီတက်ကြပါစို့လေး။
ညီနောင်ထုမမေ့ တူညီစွာ အပြုံးများဆောင်မြဲအစဉ်။
ပြည်ထောင်စုနေ့ ဟူသည်မှာ နှလုံးသားအောင်ပွဲသဘင်။

**မြင်းမူမောင်နိုင်မိုး**

# ၂၀၂၁ ခုနှစ်၊ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ "(၂၁) ရာစုပင်လုံ" မှသည် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရေး။

(၄) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၅) အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များပြုစုပျိုးထောင်ရေး။

## သွေးချင်းတို့ စိတ်ထား

❖ တိုင်းရင်းသားများ စုပေါင်းနေ
အေးချမ်းချစ်ကြည်ပေ
အမိမြေကို တန်ဖိုးထား
ကာကွယ်ကြစေသား... ။

❖ ဘိုးဘွားတို့က ရင်းနှီးကာ
သွေးချွေးတို့ များစွာ
ထိန်းသိမ်းကြလာ လက်ဆင့်ကမ်း
အမွေကောင်း မှတ်တမ်း... ။

❖ တောင်တန်းဒေသ သွေးချင်းတွေ
ပြည်ထောင်စုတွင်းနေ
မြေပြန့်ဖော်ဆွေ ညီကိုများ
စည်းလုံးကြအင်အား ... ။

❖ ဘယ်သူခွဲခွဲ မကွဲပေ
ပေါင်းစည်းညီညွတ်နေ
ကိုယ့်မြေကိုယ့်ရေ ကာကွယ်ဖို့
အားလုံးတာဝန်ဗျို့ ... ။

❖ ငြိမ်းချမ်းကြလို့ ချစ်ကြည်ဖြူ
ရှောင်ရှား သွေးခွဲသူ
ရှေ့သို့တူညီ ပေါင်းစုသွား
အေးချမ်းကြစေသား... ။

❖ လက်တွဲကြိုးစား တို့တစ်တွေ
ပြည်ထောင်စုတွက်လေ
မယိမ်းယိုင်ပေ ချစ်ကြည်လို့
စည်းလုံးကြပါစို့ ... ... ... ။

ဇင်မင်းစိုး (ဗိုလ်ကလေး)



*အချပ်ပို (ဂ) မှ*

ထိုအချက်မှာ တောင်တန်းဒေသနှင့် မြန်မာပြည်မတို့ကို အုပ်ချုပ်ရေးတစ်ခုတည်းအောက်တွင် ထားရှိရေးနှင့် မြန်မာပြည်မနှင့်အတူ လွတ်လပ်ရေး ရယူလိုသည့် ဆန္ဒ ရှိ၊ မရှိကို ပင်လုံညီလာခံ (သို့မဟုတ်) ထိုကိစ္စအတွက် အထူးညီလာခံ ကျင်းပ၍ တောင်တန်းသားများ၏ သဘောထားကို မေးမြန်းရမည်ဆိုသော အချက်ဖြစ်သည်။ ထိုအချက်အရ ပင်လုံညီလာခံကို ၁၉၄၇ ခုနှစ်တွင် ခေါ်ယူကျင်းပခြင်းဖြစ်သည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့သည် သွေးစည်းညီညွတ်စွာဖြင့် လွတ်လပ်ရေးကို အတူတကွရယူရေးအတွက် ရှမ်းပြည်တောင်ပိုင်း လွိုင်လင်မြို့နယ် ပင်လုံမြို့တွင် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့၌ တောင်တန်း–မြေပြန့် တစ်ပေါင်းတည်း လွတ်လပ်ရေးရယူမည်ဟူသော ဆွေးနွေးဆုံးဖြတ်ချက်ဖြင့် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။

ဤသို့ သမိုင်းဝင်ခေါင်းဆောင်များသည် စည်းလုံးညီညွတ်စွာဖြင့် ပင်လုံစာချုပ်ကြီး ချုပ်ဆိုခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို "ပြည်ထောင်စုနေ့"ဟု သတ်မှတ်ခဲ့သည်။ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံသည့် ပင်လုံစာချုပ်ချုပ်ဆိုပြီး တစ်နှစ်တာကာလအတွင်း ပင်လုံစာချုပ်ကြီး၏ အကျိုးဆက်အဖြစ် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့သည်။ ပြည်ထောင်စုမပြိုကွဲရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်သည် မရှိမဖြစ် အရေးကြီးကြောင်းကို ပင်လုံညီလာခံက သက်သေထူခဲ့သည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံသား ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးအားလုံးတို့သည် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ မိမိတို့လူမျိုးများမှီတင်းနေထိုင်ကြသောနိုင်ငံကို ကာကွယ်စောင့်ရှောက်လိုသော၊ နိုင်ငံ၏ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်လိုသော၊ မွန်မြတ်သည့် စိတ်ရင်းစေတနာမှန်ဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြတ်နိုးလေးစားသော မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ပေါ်တွင် အခြေခံကာ အတူတကွစည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်ကောင်းကျိုးကို ဆတက်တိုး၍ သယ်ပိုးထမ်းရွက်ကြပါစို့ဟု ဆန္ဒပြုရင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သည့် (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုလိုက်ရပေသည်။ ။

**"တိုင်းရင်းသားစည်းလုံးညီညွတ်မှု အခြေခံကြောင့်သာလျှင် မြန်မာ့လွတ်လပ်ရေးကို အရယူနိုင်ခဲ့ခြင်းဖြစ်သည်။ တစ်နည်းဆိုရလျှင် ပြည်ထောင်စုစိတ်ဓာတ်ရှိခြင်းပင်ဖြစ်သည်။ ပြည်ထောင်စုအားသည် ပြည်ထောင်စု အတွင်းရှိပြည်နယ်၊ တိုင်းအားလုံးတို့၏ စုပေါင်းအားဖြစ်"**

**ကိုးကား – "ပြည်ထောင်စုစိတ်ဓာတ်" မှ ကောက်နုတ်တင်ပြပါသည်။**